www.burmeseclassic.com

# ဗုဒ္ဓဘာသာခေါင်း ဆောင်းထားသော
# အရှင်ဒေဝဒတ်၏တပည့်များ

မေတ္တာရှင်
(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# အသာစံလမ်းစဉ်နှင့် အနာခံလမ်းစဉ်

အသာစံခြင်းလမ်းစဉ်ကို အရှင်ဒေဝဒတ် တည်ထောင်ခဲ့သည်။
အသာစံခြင်းလမ်းစဉ်၏နောက်ဆုံးပန်းတိုင်သည် အပါယ်လေးပါး။
အသာစံခြင်းလမ်းစဉ်ကို တည်ထောင်ခဲ့သော
အရှင်ဒေဝဒတ်ကိုယ်တိုင် ယခုအခါ အပါယ်လေးပါးသို့
ကျရောက်နေပြီဖြစ်သည်။
အသာစံခြင်းဟူသည် ပယ်သတ်ရမည့် သမုဒယသစ္စာခေါ်
တဏှာလောဘကို သိမ်းပိုက်ထားခြင်းဖြစ်သည်။
အနာခံခြင်းလမ်းစဉ်ကို ဗုဒ္ဓတည်ထောင်တော်မူခဲ့သည်။
အနာခံခြင်းလမ်းစဉ်၏နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်၊
အနာခံခြင်းလမ်းစဉ်ကို တည်ထောင်ခဲ့သော
ဗုဒ္ဓကိုယ်တိုင် ယခုအခါ နိဗ္ဗာန်ချမ်းသာကိုခံစားနေပြီဖြစ်သည်။
အနာခံခြင်းဟူသည် ပယ်သတ်ရမည့်သမုဒယသစ္စာခေါ်
တဏှာလောဘကို အလုပ်ဖြင့် လက်တွေ့ပယ်သတ်ခြင်းဖြစ်သည်။
အကျဉ်းချုပ်အားဖြင့်
မည်သည့်အလုပ်ကိုလုပ်လုပ်
ငါကောင်းစားဖို့ ရည်ရွယ်ချက်ဖြင့်လုပ်လျှင်
အရှင်ဒေဝဒတ်၏အသာစံလမ်းစဉ်ဖြစ်သည်။
မည်သည့်အလုပ်ကိုလုပ်လုပ်
လောကကောင်းစားဖို့ ရည်ရွယ်ချက်ဖြင့်လုပ်လျှင်
ဗုဒ္ဓ၏အနာခံလမ်းစဉ်ဖြစ်သည်။

**မေတ္တာရှင်** (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော
# အရှင်ဒေဝဒတ်၏တပည့်များ

## မေတ္တာရှင်(ရွှေပြည်သာ)

BURMESE CLASSIC

ပြန်ဆိုရေး

'ရွှေပြည်သာစာပေ'
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
☎ ၆၁၀၆၂၂၊ ၆၁၀၄၅၇

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၀။

အုပ်ရေ
၁၀၀၀၀

ကွန်ပျူတာစာစီနှင့် မျက်နှာဖုံးဒီဇိုင်း
ကြေးသား

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးငွေစိုး၊ သူရအောင်ပုံနှိပ်တိုက်၊ အမှတ်(၁၇၇/ခ)၊
၆/၁၀၊ လားရှိုးပန်းခြံလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး
ဦးဝင်းနိုင်မှ(မှတ်ပုံတင်အမှတ်–၀၃၈၄၃/၀၂၄၀၅)ဖြင့်
ရိုက်နှိပ်ခွင့်ပြုသည်။

စီစဉ်သူ
ဦးစိုးတင့်၊ ဦးဆန်းထွန်း

တန်ဖိုး
၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

မပေါင်းသင့်သူနှင့်ပေါင်းသင့်သူ
ခေါင်းကွဲသောအိပ်ခြင်း
သစ်ပင်တက်သောကျွဲ
ဖိနပ်အတွက် အသက်စွန့်သူ
ကိုယ်တကယ်ပိုင်သော ပစ္စည်းဟူသည်
တဏှာမူလက တရားကိုးပါး
သိန်း ၆၀ အကြွေးရှိလျက်နှင့်ဒါနပြုသူ
လျှဆဲအချိန် စိတ်ထားပုံ
သံသရာလည်စေသောတရား
စိတ်ကိုဆုံးမနည်း ဥပမာ
အညတရများအပေါ် ကြည်ညိုတတ်ခြင်း
ကံချုပ်အောင်လုပ်နည်း
မမြင်အောင် မှောင်ထားတဲ့အရာ
သိစေချင်လိုက်တာ
အကျိုးစီးပွားသုံးမျိုးယှဉ်ခဲ့လျှင်
စာပေသုံးမျိုးနှင့် စာဖတ်နည်းသုံးမျိုး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ပန်းကြားလွှာ

စာရှုသူမွေမိတ်ဆွေသူတော်စင်ပေါင်းတို့ ယခုထုတ်ဝေသော

"ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော အရှင်ဒေဝဒတ်၏ တပည့်များ"အမည်ရှိ ကျမ်းစာအုပ်ငယ်ကို ထုတ်ဝေဖြန့်ချိရသည့်အကြောင်းကို အနည်းငယ်တင်ပြပါရစေ။

မတ္တရာမြို့နယ် နံ့သာမြိုင် အနာကြီးရောဂါကုသသော ဆေးရုံနှင့် နံ့သာမြိုင်ရွာသူရွာသားများ လူမှုရေးအတွက် ကျင်းပပြုလုပ်သော အထူးတရားပွဲ။

ဟောကြားမည့်နေရာက မန္တလေးမြို့ ပဟာလောကရံသီ အိမ်တော်ရာစေတီရင်ပြင်တော်။

ဟောကြားမည့်ဆရာတော်က မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်။ တရားဒေသနာများ ဟောကြားပြသရုံနှင့် အားမရဘဲ၊

တရားနာလာကြကုန်သော ဓမ္မမိတ်ဆွေများကို

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရှုလေ့လာမှတ်သားကျင့်ကြံ ပွားများနိုင်ရန် ဤကျမ်းစာအုပ်ငယ်ကို အမြန်ရေးသားပြီး ဓမ္မဒါနအဖြစ် ပေးဝေလှူဒါန်းခဲ့ပါတယ်။

ဤစာအုပ်ငယ်ကို တစ်ပြည်လုံး ဖြန့်ချိရန် ရည်ရွယ်ရေးသားခြင်းမဟုတ်ဘဲ ဓမ္မဒါနအဖြစ် တရားပွဲမှာ ပေးဝေရန်အတွက်သာ စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၇+၈) ထဲမှာ အမြန်သိစေလိုသော အကြောင်းအရာများကို ထုတ်နုတ်၍ ရင်းဆောင်းပါးနှစ်ပုဒ် သုံးပုဒ်နှင့် ပေါင်း၍ ရေးသားထားသော ဤဓမ္မဒါနစာအုပ်ကို ရရှိခဲ့သူ စာဖတ်ပရိသတ်များက တစ်ပြည်လုံး ဖြန့်ချိပေးရန်သင့်သော စာအုပ်ဖြစ်ကြောင်း အကြံပေးတောင်းဆိုလာကြသောကြောင့် ကျွန်တော်တို့ ရွှေပြည်သာစာပေနှင့် ညီမေတ္တာပုံနှိပ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါသည်။

စာရှုသူမိတ်ဆွေများကလည်း စာအုပ်နှင့် ပတ်သက်သော အကြံဉာဏ်များ ရှိပါက အကြံပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဦးစိုးတင့်(ရွှေပြည်သာစာပေ)
ညီမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



## မပေါင်းသင့်သူနှင့်ပေါင်းသင့်သူ

မဟာသမုဒ္ဒရာ၏တစ်ဘက်ကမ်းသို့ ကူးမြောက်လိုသူသည် သေးငယ်သော သစ်သားဖောင်ဖြင့် ကူးသည်ရှိသော် မည်သို့ဖြစ်နိုင်လေမည်နည်း။ ထိုသူသည် မဟာသမုဒ္ဒရာ၏လှိုင်းလုံးကြီးများကြား၀ယ် နစ်မြုပ်သေဆုံးရမည်သာတည်း။ ဤလောက၌ လုံ့လမရှိသူ၊ ပျင်းရိသောသူကို အမှီသဟဲ အပေါင်းအသင်းမပြုရာ၊ သံသရာ၌ နစ်မြုပ်ဆုံးရှုံးရလိမ့်မည်။ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ဖြင့် လုံ့လဝီရိယထက်သန်သူ ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရာ၏။

အရှင်သောမမိတ္တ

(ဒုကနိပါတ်၊ ဒုတိယဝဂ်)

## ခေါင်းကွဲသောအိပ်ခြင်း

ကာဠီမည်သော သုသာန်စောင့်မိန်းမကြီးသည် ကိုယ်လုံးကိုယ်ထည်ကြီးမားသန်စွမ်းလှ၏။ မည်းနက်ပြောင်တင်းသော အသားအရေလည်းရှိ၏။ ထိုသုသာန်စောင့်မိန်းမကြီးသည် လူသေကောင်၏ ပေါင်နှစ်ဖက်ကိုလည်းကောင်း၊ လက်မောင်းနှစ်ဖက်ကိုလည်းကောင်း ဖြတ်တောက်လေ၏။ လူသေကောင်၏ဦးခေါင်းကိုလည်း ရိုက်ခွဲလေ၏။ (မီးရှို့သောအခါ မြန်မြန်မီးလောင်ရန် ထိုသို့ပြုလုပ်ခြင်းဖြစ်သည်) လူသေကောင်၏ဦးခေါင်းသည် နို့စည်း

www.burmeseclassic.com



အိုးကွဲလေသကဲ့သို့ ဖရိုဖရဲယိုစီးသွားလေ၏။ သုသာန် စောင့်မိန်းမကြီးသည် သူဖြတ်တောက်ရိုက်ခွဲသော လူသေ ကောင်အစိတ်အပိုင်းများကို တစ်ဖန်ပြန်လည်၍ဆက် စပ်လေ၏။ မူလအနေအထားအတိုင်း တည်ရှိစေပြီးသော် သူသည် အသားရေးဖြန့်ခင်းသကဲ့သို့ ခင်းကျင်းကာ ငူငူ ကြီးထိုင်နေလေ၏။ ဤသည်ကား ဥပမာတည်း။

အကြွင်ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကောင်ကြီးကို မြင်ရ သော်လည်း ကမ္မဋ္ဌာန်းအာရုံမထင်၊ ကမ္မဋ္ဌာန်းရှုခြင်း၌ မလိမ္မာသဖြင့် မသင့်မတင့်သောအာရုံကိုသာ နှလုံးသွင်းမိ ၏။ ထို့ကြောင့် ကိလေသာသည်သာလျှင် ဖြစ်ပေါ်ပွား စည်း၏။ ပညာနည်းသောထိုသူသည် ဆင်းရဲခြင်းသို့ အဖန်ဖန်ဆိုက်ရောက်ရ၏။ ကိလေသာသည်ကား ဆင်းရဲ ကြောင်းပေတည်းဟုသိသော ပညာရှိသည်သူသေကောင် ကဲ့သို့ ဦးခေါင်းကွဲသူဖြစ်၍ တစ်ဖန် ငါမအိပ်တော့အံ့ဟု အသင့်အတင့်နှလုံးသွင်းလျက် ကိလေသာကို နှိမ်နင်းဖျက် ဆီးပစ်ရာ၏။

အရှင်မဟာကာလ(ဒုတိယနိပါတ်၊ ဒုတိယဝဂ်)

ညဉ့်အချိန်ကာလသည် တိတ်ဆိတ်ငြိမ်သက်လှပေ၏။ လူသံငှက်သံတို့မှကင်းကုန်၏။ နက္ခတ်တာရာတို့ဖြင့် တင့် တယ်သာယာခြင်းလည်း ရှိပေ၏။ ထိုသို့သော ညဉ့်ကာလ သည် တရားထူးကို မရသေးသမျှ အိပ်စက်ရန် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ထိုထိုညဉ့်တို့သည် တရားကို ရှုမြင်အားထုတ်ရန် သာလျှင် ဖြစ်ကုန်သည်တကား။ ငါသည် ဆင်စီးလျက် စစ်မြေပြင်သို့ ဝင်သည်ရှိသော် ဆင်ကျောက်ကုန်းမှ စောက်ထိုးကျရာ၏။ ထိုအခါ ဆင်ပြောင်ကြီးသည် ငါ့အား နင်းခြေ၍သတ်သဖြင့် စစ်မြေပြင်၌ သေရခြင်းသည် မြတ် ပေသေး၏။ ကိလေသာတို့မှ ရှုံးသည်ဖြစ်၍ ကိလေသာ၌ နစ်မွန်းလျက် အသက်ရှင်နေရခြင်းကား ငါ့အတွက် မမြတ်သည်သာတည်း။

အရှင် သောဏပေါဠိကိရိယ
(ဒုကနိပါတ်၊ စတုတ္ထဝဂ်)

နပ်– ကိုချစ်ရဲ့မွေ့သံဝေဂ၊ မမွေ့ရသကိုဖြစ်စေတဲ့ ဒုတိယ ဝတ္ထုက ကျွဲရိုင်းတဲ့ ကဲ… သံဝေဂမျက်စိနဲ့ ဆက်ဖတ် ကြည့်ရအောင်။

◆ ◆ ◆

(၁)

လင်းကြက်တွန်သံဟာ အမှောင်ထုကို ထွင်းဖောက်၍ ထွက်လာသည်။ တစ်ဘက်သို့စောင်းလျက် နှစ်နှစ်ခြိုက် ခြိုက် အိပ်မောကျနေသည့်အမေ့အသက်ရှူသံကို မှန်မှန် ကြားနေရသည်။ ပိန်လှီပါးလျသော ခန္ဓာကိုယ်သည် အသက်ရှူလိုက်တိုင်း နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ပိုင်းမှာ အမေ့ရုပ်ရည်ကပိုကျလာသည်ဟုထင်သည်။ ငွေရောင်ဆံပင်တို့ကလည်း ဦးခေါင်းခွံရေဲယာထက်ဝက်ခန့် နေရာယူထားကြသည်။

တကယ်ဆိုရင်တော့ အမေအနားယူသင့်ပြီ။ သို့သော် အမေ မနားနိုင်သေးပေ။ ရှိသမျှအားနှင့် နိုင်သမျှဝန်ကို ကြိုးစား၍ထမ်းနေဆဲပင်ဖြစ်သည်။ အမေ နားရမည့်နေ့သည် မည်သည့်နေ့မျိုးဖြစ်ကြောင်း ဘုတ်မ ကြိုတင်နားလည်ထားပြီးဖြစ်သည်။ ခါးအောက်ထိလျှောကျနေသော စောင်ပိုင်းလေးကို ပခုံးအထိ ဆွဲတင်ပေးလိုက်သည်။ အလင်းရောင်မလာသေးတော့ ထမင်းထချက်ရန် စောသေးသည်။

ပြီးတော့ ဘုတ်မတို့သားအမိနှစ်ယောက်ကတော့ ဘယ်အချိန်မှ ထမင်းကျက်ကျက် အရေးမကြီး။ မောင်လေးကိုရင်သောဘိတ ဆွမ်းမီဖို့သာ လိုသည်။ ဘုတ်မသည် အမေ့ဘက်စောင်းအိပ်နေရာမှ အညောင်းတစ်ချက်ဆန့်လိုက်ပြီး ပက်လက်လှန်လိုက်သည်။ တည်ငြိမ်သော ဘုတ်မ၏အတွေးတိမ်ထုသည် အတားအဆီးမဲ့ဟင်းလင်းပြင်ဆီသို့ ပျံ့လွင့်သွားပြန်သည်။

အဖေသည် ဘုတ်မ ခုနစ်နှစ်သမီးအရွယ်တွင် အရက်အလွန်အကျွံသောက်ပြီး ဆုံးပါးသွားခဲ့သည်။ ဘုတ်မနှင့် မောင်နှမနှစ်ယောက်သည် ရွာလည်ဈေးသည် မညွှာမဲ့

www.burmeseclassic.com



မုဆိုးမ၏ရင်ခွင်မှာ ကြီးပြင်းလာခဲ့ပေသည်။ အမေသည် အရပ်တကာလည်၍ ကုန်စိမ်းရောင်းရင်းဖြင့် သမီးနှင့်သားကို ကျွေးမွေးလာခဲ့သည်။ ထို့ပြင် ဘုတ်မတို့မောင်နှမကို အရပ်ထိပ်ရှိ ဘေးမဲ့မူလတန်းကျောင်းတွင်လည်း ပညာသင်စေခဲ့သည်။

ရေဘူးနဲ့ဖိနပ်မပါ နွေခါမှသိတဲ့– ဒီအသိလောက်တော့ ဘုတ်မက ရယ်သည်။ ဘုတ်မဘဝမှာ လေးတန်းအောင်သည်အထိ ဖိနပ်တစ်ခါမျှမစီးဘဲ ကျောင်းတက်ခဲ့ရသည်။ ဘုတ်မ အားမငယ်ခဲ့။ ဆင်းရဲသားရပ်ကွက်မှာရှိသည့် ဆင်းရဲသားကျောင်း––––ရှိ ကျောင်းသားအများစုသည် မိမိကဲ့သို့ပင် ကျောင်းစိမ်းဘောင်းဘီ၊ စကတ်တို့၌အရောင်အဆင်းမရှိ။ ကျောင်းအင်္ကျီမှာလည်း အဖြူဟု မပြောနိုင်လောက်အောင် ညစ်ထေးပြီး အားလုံးသည် ဘုတ်မထက် ဖိနပ်တစ်ရံသာသေးသည်ဟုသာ ပြောနိုင်သည်။ ဒါတောင် တစ်ခါတစ်ရံ မိမိနှင့်အဆင့်တူသွားကြသေးသည်။

မောင်လေးသံခဲမှာ အဘမဲ့သားပီသစွာ ငယ်စဉ်ကတည်းက မလိမ္မာခဲ့။ ကျောင်းတက်ချိန်တွင် လေးခွ တစ်လက်ဖြင့် အရပ်ထဲ၌ တွေ့နေရတတ်သည်။ နောက်တော့ ဈေးဝယ်နေကျ အမေ့ဖောက်သည်များက ဝိုင်း၍ပြောကြတော့သည်။

“မစိန်ဥ– ညည်းလည်း ဒီကလေးကို ဆုံးမ အထိ



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ပေးနိုင်မှာမဟုတ်ဘူး။ တစ်နေ့လုံး ဈေးရောင်းနေတော့ ဆုံးမမဲ့သူလည်းရှိတာမဟုတ်ဘူး။ ဒီတော့ ဒီအရွယ်ကတည်းက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကိုရင်ဝတ်ပေးလိုက်၊ ညည်းလည်း ဒုက္ခငြိမ်းရော၊ ကလေးလည်း မပျက်စီးတော့ဘူး''

သို့နှင့် ဘုတ်မတို့နေရာ နန်းအောင်မြေအရပ်၏ အနောက်ဖက်ထိပ်ရှိ မန္တလေးမြို့၏နာမည်ကြီးကျောင်းတစ်ကျောင်းဖြစ်သော ရွှေအင်ပင်ကျောင်းတွင် မောင်ဖြစ်သူသံခဲသည် ကိုရင်သောဘိတဘာဝသို့ကူးပြောင်းခဲ့ပေသည်။ ဘုတ်မ မှတ်မိနေပါသည်။ ထိုနေ့က အမေ မျက်ရည်ကျရှာသည်။ ဘုတ်မအတွက် တစ်ခုတော့ စိတ်သက်သာရာရလိုက်သည်။ ဘုန်းကြီးကျောင်းဖြစ်၍ ဖိနပ်စီးရန် မလိုသောကြောင့်ပင်။ သို့သော် ညအိပ်ရာဝင်ချိန်၌ သားအမိသုံးယောက် အိပ်နေကျခုတင်ပေါ်တွင် မောင်လေးကို ပထမဆုံးအကြိမ် ခွဲအိပ်ရသည့်အတွက် ဘုတ်မလည်း မျက်ရည်ကျခဲ့ပါသည်။

ဘုတ်မ ခြောက်တန်းရောက်သည့်နှစ်မှာပင် အမေ သွေးဆုံးကိုင်၍ အိပ်ရာထဲ နှစ်လကြာ လဲတော့သည်။ ထူထူထောင်ထောင်ဖြစ်လာပြန်တော့လည်း အရင်ကလို သန်သန်မြန်မြန် မရှိတော့။ ဘုတ်မ ကျောင်းထွက်လိုက်ရသည်။ ဆေးလိပ်ခုံတစ်ခုတွင် ဆေးလိပ်လိပ်သင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ အမေ့ကျန်းမာရေးကမကောင်းတော့ လက်ခရသည်အထိ မစောင့်နိုင်။ လတ်တလောဝင်ငွေသည်သာ အဓိကဖြစ်၍ အလုပ်ထွက်လိုက်ရသည်။

မနက်စောစော ကိုင်းတန်းဈေးမှပေးသမျှအသီးအရွက် အစုံကို အမေကယူပေးသည်။ ဘုတ်မက အရပ်ထဲလှည့်၍ ရောင်းရသည်။ အရင်းနှုတ်လိုက်လျှင် ခြောက်ကျပ်၊ ခုနစ်ကျပ်ကျန်သည်။ အသက်ရှင်ရုံတော့ စားနိုင်သေးသည်။ နောက်တစ်နေ့အတွက် အရင်းမနှုတ်နိုင်သည့်နေ့များနှင့်ကြုံလျှင် ဒုက္ခရောက်ရပြန်သည်။ အမေ့ ကျန်းမာရေးကလည်း ပို၍ချို့နဲ့လာသည်။ ကိုင်းတန်းဈေးကို မနက်စောစောထသွားမည်ဆိုပြန်တော့လည်း အရွယ်ရလာသောဘုတ်မကို အမေကစိတ်မချနိုင်ခဲ့။ သည်တော့အရင်းမစိုက်ဘဲ ရှစ်ကျပ်၊ တစ်ဆယ်ဝင်အောင်ရှာရတော့သည်။

မန်ကျည်းနုထွက်ချိန်၊ တမာနုထွက်ချိန်တွင် ဘုတ်မငွေရှင်လာသည်။ မပိုပေမဲ့ မပူရတော့။ ဘုတ်မ သစ်ပင်ကောင်းကောင်းတက်တတ်သည်။ ဘယ်လောက်ကြီးတဲ့ မန်ကျည်းပင်၊ တမာပင်ဖြစ်ပါစေ လွယ်လွယ်ကူကူတက်သွားနိုင်သည်။ ကျောင်းနေစဉ်က အေးဆောင်နှင့်ပြိုင်၍ပင် အုန်းပင်တက်ခဲ့ဖူးသည်။ ဘုတ်မကသာ အနိုင်ရမြဲမဟုတ်လော။ အေးဆောင်ကလည်း ရှုံးတိုင်းပြောလေ့ရှိသော စကားတစ်ခွန်းဖြင့် ပြန်လည်ချေပတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်တက်သောကျွဲ

"အဲ့စရာပဲ ကျွဲက သစ်ပင်တက်တတ်တယ်"

"မသာ"

ဘုတ်မ အတွေးနှင့်ပင် ပြုံးလိုက်မိသည်။ အရုဏ်ဦး၏ လျော့ရဲရဲ အလင်းရောင်တန်းတို့က ဘုတ်မ၏အတွေးတိမ် ထုကို ပါးလျပျောက်ကွယ်စေခဲ့ပြီ။ အိပ်ရာမှထ၍ ကမန်း ကတန်း မျက်နှာသစ်လိုက်သည်။ မီးလည်းမွှေးရော အမေ လည်း နိုးတော့သည်။

"ဘုတ်မ - အမေ အိမ်သာသွားမလို့
ဖိနပ်ယူခဲ့ပါဦး"
"ဟုတ်- လာပြီ"

အမေ့ ခုံဖိနပ်မြီးတို မနေ့ကပဲ ပြတ်သွားသည်။ ဘုတ် မစီးထားသည့် ရာဘာဖိနပ်ကလည်း ခြောက်တန်းရောက် သည့်နှစ် ဘုတ်မ ဆယ့်နှစ်နှစ်သမီးက ဖိနပ်၊ ခု ဘုတ်မ ဆယ့်ငါးနှစ်ထဲရောက်လို့ ပြည့်လုနီးနေပြီ။ ရာဘာဖိနပ်ခုံ သည် အပါးလွန်၍ ဖနောင့်နေရာမရှိတော့။ သုံးနှစ်ကာလ အတွင်း သဲကြိုးပေါင်းများစွာနှင့်လည်း ညှားခဲ့ရပြီးပြီ။ လူ့ဘဝရဲ့အခင်းအကျင်းမှာ ဘုတ်မကို အသေးသိမ်ဆုံး သော ဇာတ်ရုပ်အဖြစ် နေရာချထားပေးခဲ့သောကံကြမ္မာ ကို ရိုးမယ်ဖွဲ့ရုံကလွဲ၍ ဘုတ်မ ဘာမျှ မတတ်နိုင်ချေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၂)

အရပ်ထဲရှိ လမ်းဘေးမန်ကျည်းပင်အားလုံး ဘုတ်မ မှတ်ပုံတင်ထားပြီးဖြစ်သည်။ အခြားမိန်းကလေးများက ပိတောက်ဖူးကလေးများကို စိတ်ဝင်တစားမော့ကြည့်နေ ချိန်တွင် ဘုတ်မသည် မန်ကျည်းရွက်နုကလေးများကိုသာ တမော့မော့ ကြည့်နေရသည်။ မန်ကျည်းရွက်နုဝါဝါ ကလေးများကသာ ဘုတ်မရင်ကို အေးမြစေနိုင်ခဲ့သည် သာ။ လမ်းဘေးမန်ကျည်းပင်တွင် အရွက်နုကလေးများ ပါးသွားပါက ရွက်နုလှိုင်လှိုင်ထွက်သည်အထိ ထိုင်စောင့် နေ၍မဖြစ်။

သည်တော့ သူများ ခြံဝင်းအတွင်းရှိ မန်ကျည်းပင်များ ကိုပါလိုက်ကြည့်ထားရသည်။ ခြံရှင်များကလည်း တက်ခူး နိုင်မည်မဟုတ်။ သည်လိုနှင့်ရင့်ရော်ပြီး ကြွေကျရမည့် အတူတူ ဘုတ်မတက်ခူးသည်မှာ တရားသည်ဟု ဘုတ်မ ယူဆသည်။ သဘောကောင်းသည့်ခြံဝင်းရှင်များကတော့ ဘုတ်မ တက်ခူးသည်ကို ဘာမျှမပြောချေ။

တချို့ကမူ ဘာမျှတော့မပြော၊ ဘုတ်မမန်ကျည်းပင် တက်လျှင် ခြံထဲက ကြိုးတန်းပေါ်လှမ်းထားသည့်အဝတ် ကလေးများရုတ်သိမ်းသွားကြသည်။ မခံချင်စိတ်နှင့် အမေ့ ကို ပြောပြတော့ အမေက ဖျောင်းဖျသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှိခိုးနိုး မလှစုန်းရိုးဆိုတာပေါ့ကွယ်၊ သည်းခံလိုက်ပါ။ ကိုယ်က သူ့ခြံထဲသွားခူးရတာကိုး"

တချို့ခြံရှင်များကတော့ တက်သွားစဉ် ဘာမျှမပြော၊ ပြန်ဆင်းလာမှ ဘယ်သူ့ခွင့်တောင်းသလဲ၊ ဘယ်သူ့ပြော တက်သလဲ စသည်ဖြင့် သဟောက်သဟဲလုပ်ပြီး တစ်နပ်စာနှုတ်ယူလိုက်ကြသည်။ ဈေးကောင်းသည့်အချိန်ဆိုလျှင် တစ်ကျပ်ခွဲဖိုးခန့်သွားရော။ လမ်းအရှေ့ထိပ်ရှိ တိုက်တစ်တိုက်ဆိုလျှင် မန်ကျည်းပင်က ခြံအပြင်ဘက် ဝင်းထရံမှာ ကပ်ပြီးပေါက်သည့်အပင်၊သူတို့နှင့်ဘာမျှမပတ်သက်သည့်အပင်၊ သို့သော် ခြံဝင်းအတွင်းမန်ကျည်းအမှိုက်ကျ၍ဆိုကာ တက်ခွင့်မပြုခဲ့။

မရှိဘူးဆိုလျှင်တော့ သည်အပင်ကို ချန်ထား၍မဖြစ်တော့။ တက်ဖြစ်အောင်တက်ရတော့သည်။ တိုက်ရှင်တို့ မမြင်သာအောင် အပင်ကိုကွယ်၍တက်သည်။ လွယ်အိတ်တစ်လုံးအပြည့်ရသည်အထိ အသံမထွက်အောင် ဂရုစိုက်၍ခူးရသည်။ ပြန်အဆင်းတွင် မြေပြင်မှလူတစ်ရပ်လောက်အလိုရောက်ခါမှမြင်သွားပြီး ခွေးနှင့်ရှူးတိုက်သောကြောင့် အောက်ကိုဆက်မဆင်းရဲတော့ဘဲ မန်ကျည်းပင်ဖက်၍ အော်ငိုခဲ့ရဖူးသည်။

မနက်ဖြန်ကဆုန်လပြည့် ကိုရင့်ဆွမ်းဟင်းလေးတော့ လောင်းဦးမည်ဟုတွေးကာ နေ့ခင်းကလက်ကျန်မန်ကျည်း

www.burmeseclassic.com



ရှက်များသင်နေသည်။ ဆွမ်းကတော့ ရက်ပျက်မရှိ လောင်းနိုင်ခဲ့သည်။ ဆွမ်းဟင်းကတော့ မလောင်းနိုင်သည့်ရက်ကများသည်။ တစ်ခါတစ်ရံ ကိုရင့်သပိတ်ထဲမှ ပင်လျှင် ဒါလေးတော့ တပည့်တော်ကိုစွန့်ပါဦးဟု လျှောက်ကာလှယ်ယူ ထားရသေးသည်။ လမ်းဘက်မှ အသံဝါဝါနှင့်သီချင်းဆိုသံတစ်သံကြားလိုက်ရသည်။

"ကျွဲမ. . . ကျွဲမ. . . အသားညို"

ဒါ အေးဆောင်အသံ၊ ဒီသီချင်းသံနှင့်ဘုတ်မကို စ'နေကျ။ ဘုတ်မငယ်ငယ်ကတည်းက အသားညို၍ တုတ်တုတ်ခိုင်ခိုင်ရှိသောကြောင့် အမေက လေပါတီ၏ကျွဲမသီချင်းနှင့်မြှူခဲ့သည်။ အိမ်နီးနားချင်းတစ်ချို့ကပင် ဘုတ်မ ဟုမခေါ်ဘဲ ကျွဲမဟုခေါ်တတ်ကြသည်။ ဘုတ်မ မန်ကျည်းရှက်သင်ရာအနီးသို့ အေးဆောင်ရောက်လာသည်။

နှစ်ခန်းပတ်လည် တဲရှေ့ဝါးကွပ်ပျစ်တွင်ဝင်ထိုင်လိုက်သောကြောင့် နှစ်ယောက်စလုံး ငြိမ့်ခနဲဖြစ်သွားသည်။ အေးဆောင်ပခုံးတွင် လွယ်အိတ်တစ်လုံးပါသည်။ အလုပ်က ပြန်လာပုံရသည်။ အေးဆောင်က ရှမ်းပိုင်းရပ်ထဲရှိ ချိုချဉ်လုပ်ငန်းတစ်ခုတွင် အလုပ်လုပ်သည်။

"အေးဆောင်. . . နင် နက်ဖြန် ရွှေကြက်ယက်သွားဦးမှာလား"

"မသွားနိုင်ပါဘူးဟာ. အလုပ်ဆိုင်က အရေးကြီးလို့



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ မနက်ပိုင်းသွားဆင်းရဦးမှာ၊ နင်ရော နက်ဖြန်
နားမှာလား''

''အလုပ်ရှင်လည်း ငါပဲ၊ အလုပ်သမားလည်း ငါပဲ၊
နားလည်း ရတယ်၊ မနားလည်း ရတယ်၊ ဒါပေမဲ့
အခြေအနေက နားခွင့်မပေးပါဘူးဟယ်''

စိတ်ပျက်ညည်းညူစွာပြောရင်း သက်ပြင်းတစ်ချက်ပါ
ချလိုက်သည်။

''ဒါကြောင့် ငါကတော့ ခဏခဏ ပြောနေရတာ။
နင်က နားမှမဝင်ဘဲကိုး''

ဘုတ်မက ဆတ်ခနဲ မျက်စောင်းတစ်ချက်ထိုးပြီး လေ
သံမာမာနှင့်မေးလိုက်သည်။

''ဒါက ဘာစကားလဲ၊ လာပြန်ပြီလား''

''ငါ ထပ်ပြောစရာလိုသေးလား ဘုတ်မရာ''

''ငါက နင့်ကို သူငယ်ချင်းလိုပဲ ခင်တဲ့ဥစ္စာ၊ ချစ်လို့
လို့လည်း မရဘူး''

''နင့်ကို ငါ တကယ်ချစ်တာပါ ဘုတ်မရာ''

''ဒီမယ် အေးဆောင် ငါဒါတွေ စိတ်မကူးဘူး၊ စဉ်း
လည်း မစဉ်းစားဘူး၊ နင် ထပ်မပြောနဲ့။ ထပ်ပြောရင်
အမေ့ အော်တိုင်လိုက်မှာပဲ''

ဘုတ်မငြိုငြင်မှာကိုတော့ အေးဆောင်စိုးရိမ်သည်။ ပြီး
တော့ ဒေါ်စိန်ဥ အာကိုလည်း ကြောက်သည်။ သည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မရပ်ချင်ဘဲ ရပ်လိုက်ရသည်။

"ဩော် ဒီမှာ နှင့်ဖို့ဖိနပ်တစ်ရံယူလာခဲ့တယ်၊ တို့အလုပ်ရှင်ရဲ့သမီးက မစီးတော့လို့ ငါတောင်းယူလာခဲ့တာ၊ နှင်လည်း ဖိနပ်မရှိဘူးဆိုတာ သိလို့"

ပြောပြောဆိုဆို လွယ်အိတ်ထဲမှ သတင်းစာစက္ကူနှင့်ပတ်ထားသော ဖိနပ်တစ်ရံကို ဘုတ်မအား ပေးလိုက်သည်။ သားရေခင်း၊ သားရေကြိုးနှင့် ဆင်စွယ်ရောင်ကျွဲရိုင်းဖိနပ်တစ်ရံ၊ ဘုတ်မ မန်ကျည်းရွက်ဗန်းကို ဘေးချလိုက်ပြီး ဖိနပ်ကိုစူးစိုက်၍ တအံ့တဩကြည့်နေမိသည်။

"အကောင်းကြီးရှိသေးတာပဲ။ သူတို့က မစီးတော့ဘူးလား။ အရမ်းချမ်းသာတာပဲနော်"

"အသစ်ဆိုရင်တော့ လေးငါးဆယ်လောက်ရှိတာပေါ့ဟ။ ခုဟာက အသစ်မဟုတ်ပေမဲ့ ဝွတ်စကောင်းဟာင်းပေါ့"

ဘုတ်မက မျက်စောင်းတစ်ချက် ထပ်ထိုးရင်းက ကြီးကျယ်လိုက်တာဟု စိတ်ထဲတွင် ကောက်ချက်ချလိုက်သည်။ ဖိနပ်ကိုလှျိုကြည့်လိုက်သောအခါတွင်လည်း အပိုအလိုမရှိ အားလုံးအဆင်ပြေသည်။

"ဖိနပ်ကလေးကတော့ လိုချင်တယ်ဟာ။ ငါယူလိုက်ရင် နှင်က နှင့်ကိုကြိုက်လို့ယူတယ်လို့ထင်မှာလည်း စိုးတယ်။ ရိုးရိုးသားသားသူငယ်ချင်းလိုခင်လို့ပေးတဲ့ သဘော

www.burmeseclassic.com



မျိုးထားပြီးတော့ ပေးဟာ၊ နော်. . . အေးဆောင်''

ဘုတ်မအဖို့ ဖိနပ်ကိုလည်း လက်မလွှတ်ချင်။ မာနက လည်း မလျှော့ချင်။ ဒါကိုနားလည်သောအေးဆောင်က တစ်ဆင့်တက်ပြီး သွေးတိုးစမ်းကြည့်သည်။

''ယူရင်တော့ ကြိုက်လို့ပဲဆိုရင်ကော၊ နင်က တကယ် မယူဘူးပေါ့''

အေးဆောင်အကန်းတက်လာသည်ကို ဘုတ်မ နား လည်သည်။

''အေး ဒါဆိုရင် ဖိနပ်ကိုယူထားပြီး လူကိုမကြိုက်နိုင် ဘူးလို့ ပြောင်ပြောင်ပြောလွှတ်လိုက်ရုံပဲ''

အေးဆောင် မျက်နှာတစ်ချက်ရှုံ့မဲ့လိုက်ရင်းက

''ကဲကဲ စိတ်လက်ချမ်းသာစွာ စီးတော်မူပါ။ ကျွဲပါး၀ တယ်ဆိုတာ ဒါပဲ''

''မသာ''

ပြောဆိုပြီး အေးဆောင်ထွက်သွားသည်။ အေးဆောင် ကျောပြင်ကိုကြည့်ရင်း စိတ်ထဲမှာ သနားသလိုတော့ဖြစ် မိသည်။ ဘုတ်မရင်ထဲပျော်နေမိသည်။ ဘုတ်မဘ၀တွင် ပထမဆုံးစီးရသည့် ကျွဲရိုင်းဖိနပ်တစ်ရံ၊ အေးဆောင်ကို လည်း စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်တစ်နေ့အိပ်ရာမှနိုးသည်နှင့် မျက်လုံးအစုံက ခုတင်ခြေရင်းရှိဖိနပ်ဆီသို့ ရောက်သွားသည်။ ညအိပ်ရာဝင်ကတည်းက မိုးမြန်မြန်လင်းပါစေဟုပဲ ဆုတောင်းနေမိသည်။ ညကအိပ်မက်ထဲတွင် ဘုတ်မ ဆင်စွယ်ရောင်ဖိနပ်လေးကိုကိုင်ရင်း မဟာမြတ်မုနိစောင်းတန်းထဲတွင် ရောက်နေသည်။ ဘုတ်မအနားတွင် အေးဆောင်သည်လည်း ကတ္တီပါဖိနပ်တစ်ရံကို ကိုင်လျက်သားတွေ့ရသည်။

နှစ်ဦးသားယှဉ်လျက် ဘုရားကန်တော့ကြသည်။ ဘုတ်မ ရင်ထဲတွင် ဗိုခနဲဖြစ်သွားသည်။ ချက်ချင်းထပြီး မျက်နှာသစ်ပစ်လိုက်ရသည်။ နံနက် ခြောက်နာရီထိုးချိန်တွင် ထမင်းလည်း ကျက်ပြီ။ ကိုရင့်အတွက် ဆွမ်းဟင်းမန်ကျည်းရွက်စပ်ချဉ်ချက်ကလည်း ကျက်ပြီ။ ကိုရင့်ကို အမေစောင့်လောင်းပြီး သီလယူရန် ကျောင်းသို့ တစ်ခါတည်းလိုက်သွားမည်ဖြစ်သည်။ ကဆုန်လပြည့်ဖြစ်၍ ကျောင်းတွင်လူစုံမည်။

အမေ့ကို သည်ဖိနပ်ပေးစီးလိုက်ရကောင်းမလားဟု တွေးလိုက်သေးသည်။ အို အမေကလူကြီးပဲ၊ ရာဘာဖိနပ်နဲ့သွားလည်း ဘာဖြစ်တာမှတ်လို့၊ ကျောင်းရောက်ရင် ချွတ်ထားရမှာပဲဟု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လိုက်

www.burmeseclassic.com



သည်။ လွယ်အိတ်လွယ်ပြီး ထွက်လာခဲ့သည်။ ပြီးမှ မည်သည့်အပင်တက်ရကောင်းမလဲဟု စဉ်းစားလိုက်သည်။

"အင်း . . သည်နှစ်အဖို့ သည်တစ်ပင်ကျန်တာပဲ၊ ကျန်တာတွေကလည်း နည်းနည်းပါးသွားပြီ"

တီးတိုးငြီးလိုက်ပြီး လမ်းအရှေ့ထိပ်ဆီသို့ ထွက်လာခဲ့သည်။ တိုက်အတွင်းမှ ကြာနီကန်ဆရာတော်၏ပဌာန်းတိတ်ခွေမှအသံကို ကြားနေရသည်။ ဘုတ်မ ထဘီကိုတင်းအောင်ပြင်ဝတ်လိုက်ပြီး ဖိနပ်ကို ခါးကြားထိုးလိုက်သည်။ လှူရိပ်လှူခြည်ကြည့်သည်။ ခွေးနှစ်ကောင်ကတော့ခြံဝင်းထဲမှာ ဆော့နေသည်။ ဘုတ်မ သွက်လက်စွာပင် မန်ကျည်းပင်ပေါ်သို့တက်သွားသည်။ ခွေးနှစ်ကောင်က မြင်သော်လည်း ရှူးတိုက်မည့်သူမရှိ၍ မဟောင်ကြတော့။ ရွက်နုအများဆုံးနေရာကို ကြည့်လိုက်သည်။

ထိုအကိုင်းနှင့်အနီးဆုံးခွဆုံတစ်ခုတွင် အကျအနထိုင်ပြီး ချူးတော့သည်။ လွယ်အိတ်သုံးပုံတစ်ပုံခန့်ရသောအခါ နောက်တစ်နေရာပြောင်းရန် စီစဉ်ရသည်။ ဦးခေါင်းအထက်ရှိ အကိုင်းတစ်ကိုင်းကို ဆွဲရင်း ထလိုက်သည်။ ဘုတ်မ ထမရဘဲဖြစ်နေသည်။ လုံချည်နှင့်လည်း မငြိချေ။ ဆတ်ခနဲထလိုက်သည်တွင် ခါးကြားရှိဖိနပ်တစ်ဖက်မှ သဲကြိုးက ကိုင်းတစ်ကိုင်းတွင်ငြိ၍ချိတ်ပြီး ကျန်ရစ်ခဲ့လေတော့သည်။ ပထမတွင် ကိုင်းပေါ်ချိတ်နေသေးသော်

www.burmeseclassic.com



လည်း လူက ထလိုက်သဖြင့် ကိုင်းကလှုပ်ပြီး ဖိနပ်သည် အောက်သို့ကျသွားလေသည်။

"ဟယ်"

အမှတ်တမဲ့ အော်လိုက်မိသည်။ ဖိနပ်တစ်ဖက်သည် ဆော့နေသော ခွေးနှစ်ကောင်အနီးသို့ ဖုတ်ခနဲကျသွားသည်။ ခွေးတစ်ကောင်က ဖိနပ်ကို ကိုက်ချီပြီး လှည့်ပတ်ပြေးသောအခါ ကျန်တစ်ကောင်ကပါ ပြေးလိုက်ပြီး ဖိနပ်ကိုလုရှာကိုက်သည်။ ဆင်စွယ်ရောင်ဖိနပ်ကလေး တစ်ဖက်သည် ခွေးနှစ်ကောင်၏ပါးစပ်ထဲတွင်။

"ဟဲ့ခွေး ... ဟဲ့ခွေး"

ဖိနပ်အတွက် အသက်စွန့်သူ

မန်ကျည်းပင်ပေါ်မှ ပျာပျာသလဲ လှမ်းအော်လိုက်သည်။ ဖိနပ်သဲကြိုးခေါင်ပြုတ်သွားသည်ကို အပင်ထက်မှ မြင်လိုက်ရသည်။ ဘုတ်မရင်ထဲတွင် စစ်ခနဲ စူးစူးနစ်နစ် ခံစားလိုက်ရသည်။ သစ်ကိုင်းခြောက်တစ်ခုကို ချိုး၍ ခွေးနှစ်ကောင် လုနေရာသို့ အော်ရင်း လှမ်းပစ်လိုက်သည်။ အရှိန်ကြောင့် ဘုတ်မခန္ဓာကိုယ်မှာမဟန်နိုင်တော့ဘဲ ယိုင်သွားသည်။ နင်းထားသောကိုင်းကလည်း လှုပ်ခါသွားသည်။ ဘုတ်မ ကြောက်အားလန့်အားနှင့် ခေါင်းထက်မှ အကိုင်းကို လှမ်းဆွဲသော်လည်း မမီတော့။



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်မရင်တစ်ခုလုံး ဟာခနဲဖြစ်သွားသည်ကို ခံစားလိုက်ရပြီး အားဟူသော အော်သံနှင့်အတူ တစ်လောကလုံး မှောင်မည်းသွားတော့သည်။ အလင်းရောင်မဲ့သော၊ အသံဟူသမျှ လုံးဝဆိတ်သုဉ်းနေသော ဟင်းလင်းပြင်တွင် တုန်လှုပ်ချောက်ချားစွာဖြင့် မည်မျှကြာသည်အထိ လွင့်မျောနေခဲ့သည်ကို မခန့်မှန်းနိုင်။ အလင်းမျှင်တန်းဖွဖွလေးတစ်ခုက မျက်လွှာကို ထိုးဖောက်ဝင်ရောက်လာသည်။ မညီညာသော အသံလှိုင်းတစ်ချို့သည် ဘုတ်မ၏နားစည်သို့ တရစပ်ဝင်ရောက်ရိုက်ခတ်လာသည်။

သမီး သမီးဟု တွင်တွင်ခေါ်နေသော အမေ့အသံ၊ တစ်ချက် တစ်ချက်တွင် ဘုတ်မဟု ခေါ်လိုက်သော အေးဆောင် အသံ၊ ပြီးတော့ ခွေးဟောင်သံ၊ ပြီးတော့ မသဲကွဲသော လူသံများ။ မျက်လွှာကို ရှိသမျှခွန်အားစိုက်ထုတ်ပြီးဖွင့် ကြည့်သည်။ မပီဝိုးတဝါးသော အမေ့ရုပ်ပုံလွှာ၊ မိမိကိုပွေ့ထူထားသော အေးဆောင်၊ ထို့နောက် မိမိကို ဝိုင်းထားသည့်မျက်နှာများ။ မြင်ကွင်းအားလုံးသည် ဂယက်ထနေသည်။ ရေမျက်နှာပြင်ပေါ်မှအရိပ်များကဲ့သို့ပင် အသက်ကိုတင်းကျပ်စွာအားစိုက် ရှူလိုက်ပြီး နှုတ်ခမ်းကို အားယူလှုပ်ရှားရင်းက

"အ. . . မေ. . . ရယ်"

လေးတွဲ့စွာခေါ်လိုက်မိသည်။ မျက်ရည်ပူတို့စီးကျလာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အမြင်အာရုံတို့က ပို၍ဝါးလာသည်။ နောက် တစ်ကြိမ်အားယူလိုက်ပြီး

''အမေ့ကို. . . ပေးစီးခဲ့. . . မိရင်''

ဝါကျမဆုံးခင် ဘုတ်မ ဇက်ကျိုးကျသွားသည်။ ပါးစပ်မှ ပွက်ခနဲ သွေးများအန်ကျလာသည်။ ဒေါ်စိန်ဥမှာ သမီးရေ ဟု တစ်ခွန်းသာအော်ပြီး သတိလစ်သွားသည်။ အေးဆောင်မျက်လုံးအိမ်မှ မျက်ရည်ပူများသည် ဘုတ်မပါးပြင်ပေါ်သို့ တစ်ပေါက်ပေါက်ကျလျက်. . . .။

(စာပေလုပ်သား၊ ဒီဇင်ဘာ၊ ၁၉၈၇)

♦ ♦ ♦

''ကဲ ဒါကအစာရှာရတဲ့ဒုက္ခကို မြင်သာအောင် ကိုချစ်ရဲ့လက်တွေဖြစ်ရပ်ဝတ္ထုတိုလေးနှစ်ပုဒ်ကို ထုတ်ပြလိုက်တာ။ အခုတစ်ခါ– ဥစ္စာတွေကို သိုမှီးသိမ်းဆည်းရခြင်းရဲ့ စက်ဆုပ်ဖွယ်ကောင်းပုံကို ဆက်ရအောင်။ ''တရားမရှိတဲ့ပုဂ္ဂိုလ်များမှာ မရှိတော့ တောင့်တတဲ့ လောဘမီးလောင်တယ်။ ရှိပြန်တော့ ကြောင့်ကြတဲ့ သောကမီး လောင်ပြန်တယ်''။ ဒါ့ကြောင့် ဘုရားအလောင်း သူတော်ကောင်းများဟာ ရှိသမျှစည်းစိမ်တွေကို စွန့်လွှတ်လှူဒါန်းပြီး တောထွက်ကြတာပေါ့။

ဗုဒ္ဓလက်ထက်က တိဿဆိုတဲ့ရဟန်းတစ်ပါးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သက်န်းလေးတစ်စုံရတာကို သေသေချာချာ သိမ်းထားတယ်။ သွားရာလာရာ ဝတ်ရုံမယ်ဆိုတဲ့သဘောနေမှာပေါ့။ ဟော ညလည်းရောက်ရောပျံတော်မူတာပဲ။ သူသိမ်းဆည်းခဲ့တဲ့ သက်န်းကိုစွဲပြီး သက်န်းခေါက်ထဲမှာ ခုနစ်ရက် သန်းပြိတ္တာဖြစ်ခဲ့ရတယ်။ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်က ဓမ္မကထိကဘုန်းကြီးတစ်ပါးဆိုရင် ရေစက်ချတဲ့အခါပါတဲ့ အကြွေစေ့တွေကို စုထားတာ သောက်ရေအိုးတစ်လုံးစာလောက်ရသတဲ့။ အဲဒါတွေကို ဘယ်သူမှမသိအောင် ကျောင်းလှေခါးအောက်က မြေကြီးထဲတူးမြှုပ်ထားတယ်။

ဒါလည်း သိမ်းဆည်းရတဲ့ စက်ဆုပ်ဖွယ်ရာဒုက္ခတွေပေါ့။ အဲဒီဘုန်းကြီးပျံတော်မူတဲ့အခါ အဲဒီကျောင်းဝိုင်းထဲမှာ ပြိတ္တာကြီးပြန်ဖြစ်နေတယ်။ တော်တော်နဲ့မကျွတ်ဘူး။ နောက်သတ္တိရှိတဲ့ဒကာတစ်ယောက်နဲ့တွေ့မှ အဲဒီဒကာက ကုသိုလ်ပြုပြီးအမျှပေးလို့ကျွတ်သွားတယ်။ ဒီအကြောင်းအကျယ်ကို မြန်မာတို့၏အသက်စာအုပ်ထဲမှာ ရေးပြီးသားပါ။

လူတွေဆိုရင်လည်း ဥစ္စာတွေ စုမိလာရင် မီးများလောင်မလား၊ ရေများ မျောမလား၊ မင်းကများ သိမ်းမလား၊ သူခိုးကများ ငိုးမလား၊ သားဆိုးသမီးဆိုးကများ ဖျက်ဆီးမလားဆိုပြီး အမြဲတန်းပူလောင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ခုနှစ်လောက်က ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့ကြီး ရေထဲပါသွားဖူးတယ်။ မိသားစု လေးရာလောက်ဒုက္ခရောက်ကြတယ်။ ရပ်ကွက်နှစ်ခုပဲကျန်သတဲ့။

တို့မိတ်ဆွေ စာရေးဆရာပန်းဒကာကိုတင်မြင့်က မြစ်ကြီးနားမှာနေတာမို့ ဒီအကြောင်းတွေကို သိရတာ။ မြိတ်မြို့ဆိုရင် မီး ခဏခဏလောင်တယ်။ တစ်ခါလောင်ရင် တစ်မြို့လုံးနီးပါး ကုန်မှရပ်တယ်။ တစ်ခါတော့ အဲသလိုပဲ မီးကြီးလောင်တာ ဘယ်မီးသတ်ကားမှ မနိုင်တော့ဘူး။ ဒီလို အချိန်မျိုးမှာဆိုရင် ဥစ္စာစည်းစိမ်များများ စုနိုင်လေ များများပူရလေပဲ။

တို့နဲ့သိတဲ့သူဌေးမတစ်ယောက်ပိုင်တဲ့ သစ်စက်တွေ၊ ရေခဲစက်တွေ၊ စတိုးဆိုင်တွေ အကုန်မီးထဲပါတယ်။ မီးလောင်ပြီးစအချိန်မှာ အဲဒီဒကာမကြီးပြောတဲ့စကားလေး သိပ်ကောင်းတယ်''

သန်း ''ဘယ်လိုများပြောသလဲဘုရား''

နုပ် ''ကိုယ်ပြုထားတဲ့ဒါနကုသိုလ်ပဲ ကိုယ်ပိုင်ပစ္စည်းအစစ်ဆိုတာ အခုလို ကိုယ့်စည်းစိမ်ဥစ္စာတွေ မီးလောင်ခံရမှ တကယ်နားလည်လာတယ်ဘုရား။ တပည့်တော်ပိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ ဈေးဆိုင်တွေ၊ နေအိမ်တိုက်တာတွေ မီးလောင်တာမြင်ရတော့ တပည့်တော်ခန္ဓာကိုယ်ကို မီးလာ



www.burmeseclassic.com

www.burmeseclassic.com



လောင်နေသလောက် ပူလောင်ဆင်းရဲရပါတယ် ဘုရား။ ဒါပေမဲ့ ကိုယ်ဆောက်လှူထားမိတဲ့ ကျောင်းတစ်ကျောင်းအကြောင်းလည်း စဉ်းစားမိလိုက်ရော စိတ်ချမ်းသာပြီး ရင်ထဲကိုအေးသွားတာပဲဘုရား။ ဩော်-ငါ တကယ်ပိုင်တာဆိုလို့ ကျောင်းဆောက်လှူထားတဲ့ကုသိုလ်လေး တစ်ခုပါလားဆိုတာ တွေးမိတာပါ ဘုရား-တဲ့''

သန်း ''ဆရာတော်ရေးတဲ့ လူဖြစ်ရခြင်းရဲ့အဓိက ရည်ရွယ်ချက်စာအုပ်မှာ ကိုယ်ပိုင်ပစ္စည်းနဲ့ဘုံဆိုင်ပစ္စည်းဆိုတဲ့ဖွင့်ဆိုချက်လေးက သိပ်ကောင်းလို့ တပည့်တော် မှတ်မိနေတယ်ဘုရား''

နုပ် ''ကဲ မှတ်မိရင် ပြောစမ်းပါဦး''

## ကိုယ်တကယ်ပိုင်သော ပစ္စည်းဟူသည်

သန်း ''လှူဒါန်းပြီးသော ဒါနကုသိုလ်သည် ကိုယ်ပိုင်ပစ္စည်း၊ မလှူရသေးသော ဥစ္စာစည်းစိမ်ဟူသမျှ ဘုံဆိုင်ပစ္စည်း၊ လှူဒါန်းပြီးသော ဒါနကုသိုလ်စေတနာသည် နာမ်တရားဖြစ်သောကြောင့် မီးမလောင်၊ ရေမမျော၊ သူခိုး မခိုး၊ မင်းက မသိမ်းနိုင်၊ သားသမီး မဖျက်ဆီးနိုင်၊ သေသောအခါ အရိပ်ပမာ နောက်ကလိုက်၍ ဘဝတိုင်း ချမ်းသာ

www.burmeseclassic.com



အောင် ကောင်းကျိုးကို ဆောင်သည်။ နိဗ္ဗာန်သို့လည်းပို့သည်။ ထို့ကြောင့် ဒါနကုသိုလ်သည် ကိုယ်တကယ်ပိုင်သောပစ္စည်းဖြစ်သည်။ မလှူရသေးသောပစ္စည်းများကို မီးလောင်နိုင်သည်။ ရေမျောနိုင်သည်။ မင်းက သိမ်းနိုင်သည်။ သူခိုးက ခိုးနိုင်သည်။ သားဆိုးသမီးဆိုးကဖျက်ဆီးနိုင်သည်။ မိမိသေသောအခါအကုန်ထားခဲ့ရသည်။ မလှူရသေးသောပစ္စည်းများကိုစွဲသေလျှင် အပါယ်သို့ပင် ကျရသေးသည်။ ထို့ကြောင့် မလှူရသေးသောဥစ္စာပစ္စည်းမှန်သမျှ ဘုံဆိုင်ပစ္စည်း၊ အများဆိုင် ပစ္စည်းဖြစ်သည်။

–ဆိုတဲ့ ဒသနလေးပါဘုရား– အဲဒီထဲမှာ ဆရာတော်က ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းထဲက ဓါးပြတိုက်တဲ့အမှုတစ်ခုကို ထည့်ရေးထားသေးတယ်။ သူဌေးမိသားစုတစ်စုကို ဓါးပြတိုက်ပြီးလူသတ်သွားတယ်။ သူဌေးရယ်၊သူဌေးကတော်ရယ်၊ သမီး နှစ်ယောက်ရယ်၊ အစေခံမလေးရယ် ငါးယောက်လုံးခေါင်းကိုချည်း သေနတ်နဲ့ပစ်သတ်သွားတယ်။ သူတို့ပိုင်တဲ့ငွေသိန်းပေါင်းလေးထောင် ပါသွားတယ်။ လက်ဝတ်ရတနာပစ္စည်း အကုန်ပါသွားတယ်။

အကယ်၍ သူတို့ဟာ ဒီသိန်းပေါင်းလေးထောင်

www.burmeseclassic.com



ထဲကသိန်းပေါင်းလေးဆယ်လောက်များ လှူတန်းခဲ့မယ်ဆိုရင် သူတို့အတွက် ပါသွားမှာ၊ အခုတော့ တစ်ပြားမှမလှူခဲ့တော့ သူတို့အတွက် ဘာမျှမပါသွားတော့ဘူးဆိုတဲ့အကြောင်းလေးပါ ဘုရား''

နုပ် ''အေး- မင်းကမှတ်မိသားပဲ-အဲဒီပစ္စည်းသိမ်းမှုနဲ့ ပတ်သက်ပြီး ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်မှာ တဏှာမူလက တရားကိုးပါးဆိုတာကိုဟောထားတယ်။ လိုချင်တပ်မက်စွဲလမ်းတဲ့ တဏှာကိုအကြောင်းပြုပြီး ဖြစ်ရတဲ့ဆိုးကျိုးကိုးမျိုးလို့ပြောရမှာပေါ့ကွာ။ အဲဒါတွေက-

<u>တဏှာမူလက တရားကိုးပါး</u>

၁။ လိုချင်မှုတဏှာကို အစွဲပြုပြီး ရှာမှီးခြင်းဖြစ်ပေါ်လာသည်။

၂။ ရှာမှီးခြင်းကို အစွဲပြုပြီး ရခြင်းဖြစ်ပေါ်လာသည်။

၃။ ရခြင်းကို အစွဲပြုပြီး စီမံဆုံးဖြတ်ကြောင်း ဖြစ်ပေါ်လာသည်။

၄။ စီမံဆုံးဖြတ်ခြင်းကို အစွဲပြုပြီး မက်မောခြင်းဆန္ဒရာဂဖြစ်ပေါ်လာသည်။

၅။ မက်မောမှုဆန္ဒရာဂကို အစွဲပြုပြီး စွဲလမ်းခြင်းဖြစ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



၆။ စွဲလမ်းခြင်းကို အစွဲပြုပြီး သိုမှီးသိမ်းဆည်းခြင်း ဖြစ်ပေါ်လာသည်။
၇။ သိမ်းဆည်းရခြင်းကို အစွဲပြုပြီး ဝန်တိုခြင်း မစ္ဆရိယဖြစ်ပေါ်လာသည်။
၈။ ဝန်တိုခြင်း၊ မစ္ဆရိယကို အစွဲပြုပြီး စောင့်ရှောက်ရခြင်းဖြစ်ပေါ်လာသည်။
၉။ စောင့်ရှောက်ရခြင်းကို အစွဲပြုပြီး တုတ်ကိုင်ရခြင်း၊ လက်နက်ကိုင်ရခြင်း၊ ငြင်းခုံရခြင်း၊ နင်–နင်ဆိုရခြင်း၊ ကုန်းတိုက်ခြင်း၊ မုသားဆိုခြင်း စသောများစွာသော အကုသိုလ်များဖြစ်ပွားလာရသည်–ဆိုတဲ့ ကိုးမျိုးပဲ။ ဒီဒုက္ခတွေက

ကင်းလွတ်ချင်လို့ ဒါနပြုကြတာပဲ။ ဒါကြောင့် သူတော်ကောင်းတွေဟာ ဒါနပြုရတာကို ပျော်ကြတာ။ ပါရမီဆိုတာ မိုးကျရွှေကိုယ် မဟုတ်ဘူး။ လုပ်ယူမှရတာ။ သူ့သူ့ကိုယ်ကိုယ် ဘဝတစ်ခုစပြီဆိုတာနဲ့ လောဘကစဖြစ်တာ၊ ပဋိသန္ဓေစိတ်နောက်က ချက်ခြင်းလိုက်ဖြစ်တဲ့စိတ်ဟာ ဘဝနိကန္တိက လောဘဇောစိတ်ပဲ။ ဒါကြောင့် သူ့အရှိအတိုင်းသာ နေမယ်ဆိုရင် လူတိုင်းယူရင်းနဲ့ သေသွားချင်တဲ့ လူချည်းပဲ။ လှူရင်းနဲ့သေသွားချင်တဲ့လူလို့ မရှိဘူး။

လှူတယ်ဆိုတာ ဘဝပေါင်းများစွာက ကပ်ပါ

www.burmeseclassic.com



လာတဲ့ လောဘကို သေအောင်သတ်တာပဲ။ ဒီအချက်နဲ့ပတ်သက်ပြီး ဆရာကြီးဦးရွှေအောင်က ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်နိဒါန်းမှာ အခုလိုရေးခဲ့တယ်။

လူသည် ဘဝကို လောဘဖြင့်စတင်ခဲ့သူဖြစ်၏။ ယင်းလောဘကို ပါဠိဝေါဟာရအားဖြင့် ဘဝနိကန္တိကလောဘဟူ၍ ခေါ်၏။ ဘဝနိကန္တိကလောဘ၏အနက်မှာ ဘဝကို မြတ်နိုးသောတဏှာဟူ၍ဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၏ဘဝကို ပျက်သုဉ်းမသွားစေရန် လောဘဖြင့် မိမိလိုချင်သော အရာရာတိုင်းကို ရအောင်အားထုတ်လေ၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။ သို့ရာတွင် ဤဓမ္မတာကားအတ္တဓမ္မတာဖြစ်၏။ အတ္တဓမ္မတာဖြစ်သည့်အလျောက် လူတော်လူကောင်းများအနေဖြင့် လိုက်နာကျင့်သုံးရသောဓမ္မတာမဟုတ်၊ ပယ်ဖျက်နိုင်အောင် ကြိုးစားရသောဓမ္မတာသာဖြစ်၏။

ဗုဒ္ဓဝါဒအရ ဘဝကိုတည်ဆောက်ရသည်မှန်၏။ သို့ရာတွင် ဘဝကိုတည်ဆောက်ရာ၌ ထီးအဖြစ် တည်ဆောက်ရသည် မဟုတ်။ ငြမ်းအဖြစ်တည်ဆောက်ရခြင်းဖြစ်၏။ ငြမ်းကို မည်မျှပင်ခိုင်မာအောင် တည်ဆောက်ရစေကာမူ တစ်နေ့သော



www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် ငြမ်းကိုစွပြီးဆုံးပါက ထိုငြမ်းကို မလွဲမသွေ ဖျက်သိမ်းရမည် ဖြစ်၏။ အခြားဝါဒများအရသာ ဘဝကိုထီးအဖြစ်တည်ဆောက်ခြင်းဖြစ်၏။ ဘဝကို ထီးအဖြစ် တည်ဆောက်နေသမျှ ကာလပတ်လုံး လူသည် သံသရာမှ မလွတ်တော့ဘဲ သံသရာဝဲ ဂယက်၌ နစ်တစ်ခါ၊ ပေါ်တစ်လှည့်ဖြင့် မျောနေ ပေလိမ့်မည်။ မျောနေရသမျှ ကာလပတ်လုံး လူသည် စံတစ်လှည့် ခံတစ်လှည့်ဖြင့် သောကကို ရင်ဝယ်ပိုက်ထားရပေလိမ့်မည်။'

ဆရာကြီးဆိုလိုရင်းကတော့ ဗုဒ္ဓဝါဒအရ လူ ဖြစ်လာတာဟာ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ပဲ။ အခြားဝါဒအရဆိုရင် လူဖြစ်လာတာ ဟာ လောကကို မိမိအတွက်အသုံးချဖို့ပဲ။ အခု ဒီကမ္ဘာလောကကြီး အမြဲတမ်း ဆူပွက်ပူလောင်နေ ရတာဟာ လောကကို မိမိအတွက် အသုံးချလိုတဲ့ လူတွေ များနေလို့ပဲ။ အကယ်၍ ဗုဒ္ဓဝါဒအတိုင်း မိမိကိုယ်ကို လောကအတွက် အသုံးချလိုသူတွေ များလာမယ်ဆိုရင် ကမ္ဘာကြီးဟာ နေချင့်စဖွယ် အေးချမ်းလာမှာပဲ။

မိမိကိုယ်ကို လောကအတွက် အသုံးချလိုသူ များအတွက် ဗုဒ္ဓက လမ်းစဉ်သုံးရပ်ချထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ဒါန၊ သီလ၊ ဘာဝနာတို့ပဲ။ ဒီသုံးပါးကို အကျယ်ချဲ့လိုက်ရင် ပါရမီဆယ်ပါးဖြစ်သွားတာပဲ။ ဒါနပြုတာဟာ သံသရာအဆက်ဆက်ကပါလာတဲ့ လောဘကို ပယ်သတ်တာလည်းဖြစ်တယ်။ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ လမ်းစဉ်ကို ပထမဆုံးခြေချလိုက်တာလည်းဖြစ်တယ်။

ဒါနလေးမှ မပြုချင်တဲ့သူဟာ သီလတို့၊ ဘာဝနာတို့ ပြုလုပ်ဖြစ်ဖို့တော့ ပိုတောင်ဝေးပါတယ်။ ကောင်းတဲ့အလုပ်ဖြစ်စေ၊ ဆိုးတဲ့အလုပ်ဖြစ်စေ ကြာကြာ လုပ်ရင်စွဲတာပဲ။ ဒါ့ကြောင့် ဒါနပြုတဲ့အလုပ်ကို ကြာကြာလုပ်ရတယ်။ ကြာရင်စွဲသွားတာပဲ။ မလှူဘဲကို မနေနိုင်တော့ဘူး။ တို့ကို တချို့က သူတို့စိတ်နဲ့ တိုင်းကြည့်ပြီး အံ့သြကြတယ်။ နာမည်ကျော်ဘုန်းကြီး တစ်ပါးသာဖြစ်နေတာ ကားကောင်းကောင်းလေးတစ်စီးတောင်မရှိဘဲကိုး။ တို့ကလည်း ဒကာ၊ ဒကာမတွေလှူတဲ့ ချွေးနည်းစာကိုစုပြီးကားကောင်းကောင်းဝယ်စီးရတဲ့အရသာထက် ဒုက္ခရောက်တဲ့သူကို ပံ့ပိုး လှူလိုက်ရတဲ့၊ ကူညီလိုက်ရတဲ့ အရသာကို ပိုကြိုက်တာကိုး။

၂၀၀၆ ခုနှစ်လောက်တုန်းက မြိတ်မြို့က ဦးနေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဆိုတဲ့ဒကာကြီးက ဘုရားရှင်သာဝခေါ်မယ့် အလှူတစ်ခုကိုလုပ်တယ်''

သန်း ''ဘယ်လိုအလှူမျိုးလဲဘုရား''

နုပ် ''မျက်စေ့တိမ်ကျပြီး မခွဲနိုင်တဲ့နွမ်းပါးသူတွေကို မျက်စိခွဲစိတ်ကုသပေးတာပဲ။ အခက်အခဲက မြိတ်ဆေးရုံ သစ်ကြီးမှာ ၂၄ နာရီ လျှပ်စစ်မီး မရှိသေးတာပဲ။ မြိတ်မှာက မီးစက်နဲ့ပဲ မီးပေးရတာ။ အဲဒါ လျှပ်စစ်မီးပေးတဲ့ပိုင်ရှင်ကလည်း တို့ရဲ့တရားနာပရိသတ်တစ်ဦးဆိုတော့ သူက လူနာတွေအတွက် ၂၄ နာရီ လျှပ်စစ်မီးပေးမယ်၊ အဲဒီအတွက် ကြိုးနဲ့မီးချောင်း လိုတယ်။ ဒီအတွက် အလှူရှင်ဟာ တော်တော်နဲ့ မပေါ်ဘူးဖြစ်နေတယ်။

## သိန်း ၆၀ အကြွေးရှိလျက်နှင့် ဒါနပြုသူ

ဟိုမယ်–ဆေးထိုး၊ ခွဲစိတ်ခတို့ လှူမယ့်လူက ရှိနေပြီ၊ မီးချောင်းနဲ့မီးကြိုးမရှိလို့ ဒီအလှူကြီးပျက်သွားမယ်ဆိုရင် မျက်စိဝေဒနာရှင်တွေအတွက် သိပ်နစ်နာတာပေါ့။ ဒါကြောင့် တို့က ၂၂ သိန်းကျော်လှူပေးလိုက်လို့ မီးကြိုးနဲ့ မီးချောင်း အဆင်ပြေသွားတယ်။ ဒီလိုလှူတော့ တချို့က ပြောတယ်။ လှူမှာပေါ့ အဲဒီကိုယ်တော်က ချမ်းသာတာကိုးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်သာတာကို–သာပါတယ်ရယ်လို့ ချီးမွမ်းစကား မပြောနိုင်တာဟာ ဝဏ္ဏမစ္ဆရိယပဲ။ တကယ်တော့ ဒီမြို့မှာတို့ထက်ဘုန်းကြီးတဲ့၊ တို့ထက်ပိုက်ဆံပေါတဲ့ ဘုန်းကြီးတွေ၊ လူတွေ အများကြီးပါ။ ဆိုလိုတာက ငွေရှိတိုင်း မလှူပါဘူး။ သူတော်ကောင်းစိတ်နဲ့ သဒ္ဓါရှိမှ လှူတာပါ။ တကယ်တော့ တို့ ခဏခဏပြောခဲ့သလိုပဲ တို့ကရှိလို့လှူတာ မဟုတ်ဘူး၊ သိလို့ လှူတာ။ ဘယ်လိုသိတာလဲဆိုရင် အခုလို ကမ္ဘည်းထိုးလို့မရတဲ့နေရာဆိုရင် လှူချင်တဲ့လူ မရှိဘူးဆိုတာကို သိတာ။ သူများ မလှူချင်မှန်း သိလို့ လှူတာ။

တကယ်တော့ အဲဒီအချိန်တုန်းက မြိတ်မြို့က တို့ ရိပ်သာမှာ သုံးထပ်ယောဂီဆောင်ကြီးဆောက်နေတာ အကြွေး သိန်း ၆၀ ကျော်ရှိတယ်။ အဲဒီအကြွေးကို မဆပ်သေးဘဲ၊ မီးကြိုးနဲ့မီးချောင်းကိုလှူပေးခဲ့တာပါ။ ပန်းကို ထုတ်တဲ့ဖက်ဟာ ပန်းရနံ့တွေကူးပြီး မွှေးတယ်။ ငါးပိကို ထုတ်တဲ့ဖက်ဟာ ငါးပိနံ့တွေကူးပြီး နံတယ်။ ထို့အတူ သူတော်ကောင်းကို မှီဝဲဆည်းကပ်သူဟာ သူတော်ကောင်းဆီကအကျင့်ကောင်းတွေကူးပြီး ကိုယ်ပါ သူတော်ကောင်း ဖြစ်လာတယ်။

မသူတော်ကို မှီဝဲဆည်းကပ်သူဟာလည်း မသူတော်ရဲ့ အကျင့်ဆိုးတွေကူးပြီး ထိုသူပါ မသူတော် ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဗုဒ္ဓက မိမိထက် သီလသမာဓိပညာ သိက္ခာ သုံးပါးသာတဲ့သူကိုသာ ရွေးချယ်ပေါင်းသင်းရမယ်၊ အကယ်၍ မိမိနေထိုင်ရာဒေသမှာ သိက္ခာသုံးပါး မိမိထက်သာတဲ့သူမရှိရင် တန်းတူသူကိုရှာပေါင်းရမယ်။ မိမိနေထိုင်ရာ ဒေသမှာ သိက္ခာသုံးပါး မိမိထက်သာသူ၊ တန်းတူသူကို မရှိဘူးဆိုရင် တစ်ယောက်တည်းသာနေပါတဲ့။

မိမိအောက်သိက္ခာသုံးပါးအောက်ကျသူနဲ့တော့ မပေါင်းပါနဲ့တဲ့၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ပါ သိက္ခာသုံးပါး နိမ့်ကျသွားနိုင်တဲ့အတွက်ကြောင့်ပါပဲ။ မြိတ်မြို့မှာ အခွန်ဦးစီးဌာနက မောင်မျိုးသန့်နဲ့ မသော်တာဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ သူတို့ဟာ တို့ရေးတဲ့ မြန်မာတို့၏ အသက်စာအုပ်နဲ့ မင်္ဂလာဖိုလ်တားအန္တရာယ်များ စာအုပ်နှစ်အုပ်ကို ဖတ်ပြီး တို့ရဲ့ပစ္စည်းလေးပါးဒကာတွေ ဖြစ်လာကြတယ်။

သူတို့နှစ်ယောက်ဟာ တို့စကားကိုလည်း သိပ်နားထောင်တယ်။ တို့ဖတ်ခိုင်းတဲ့စာအုပ်တွေဆိုရင် အကုန်ဖတ်တယ်။ တို့နာခိုင်းတဲ့ တခြားဆရာတော်တွေရဲ့တရားခွေတွေကိုလည်း အကုန်နာတယ်။ ဒါကြောင့် သူတို့ကိုယ်တိုင် သိရုံမကဘူး သူတစ်ပါးသိအောင်၊ နားလည်အောင် စိတ်ဝင်စားအောင် ဓမ္မဆောင်းပါးတွေကိုပါ ရေးနိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မသော်တာဆိုရင် တို့ကိုယ်တိုင်ဦးစီးကျင်းပတဲ့ ဝိပဿနာဂုဏ်ရည်လို့ အမည်ပေးထားတဲ့ ဆောင်းပါးပြိုင်ပွဲမှာ စာပေနဲ့အမြဲမွေ့ပျော်နေတဲ့ ရဟန်းတော်တချို့ကိုကျော်ပြီး တတိယဆု–ငါးသောင်းကျပ်ကို ဆွတ်ခူးသွားတယ်။ ပထမဆုနဲ့ ဒုတိယဆုကတော့ ရဟန်းတော် နှစ်ပါးပဲရသွားတယ်။ ပထမဆုရတဲ့ ကိုယ်တော်လေးရဲ့ ဆောင်းပါးကို အိတ်ဆောင်စာအုပ်ထုတ်ထားပါတယ်။

သန်း “မသော်တာရဲ့တတိယဆုရသွားတဲ့ ဆောင်းပါးလေးကိုလည်းဖတ်ချင်လိုက်တာဘုရား။ မိန်းကလေးတစ်ယောက်ဖြစ်လျက်နဲ့ ရဟန်းတော်တွေကြားထဲမှာ တတိယဆုရတယ်ဆိုတာ တော်တော်ကြိုးစားထားလို့နေမှာ ဘုရား”

နုပ် “အေး–တို့ပြန်ရှာလိုက်ဦးမယ်၊ ရှာတွေ့ရင်တော့ ထည့်ပေးမယ်”

သန်း “ပြီးတော့ သူတို့ဇနီးမောင်နှံနှစ်ယောက်ကို ဆရာတော်ဖတ်ခိုင်းတဲ့စာအုပ်တွေကိုလည်း သိချင်တယ်ဘုရား၊ ဘာပြောပြော ဒီစာအုပ်တွေဟာ သိက္ခာသုံးပါးတိုးတက်ဖို့သာမက စာရေးနည်းတွေ အတွက်ပါ အထောက်အကူပြုမယ်လို့ထင်လို့ပါဘုရား”

နုပ် “အေးပြောပြမယ်။ သူတို့ကိုဖတ်ခိုင်းတဲ့စာအုပ်တွေ

www.burmeseclassic.com



က တို့ကိုယ်တိုင်အစဉ်အတိုင်းဖတ်ခဲ့တဲ့စာအုပ်တွေပဲ။ အဲဒါတွေက–

(၁) ဂန္ဓာရုံဆရာတော်ရဲ့ရတနာ့ဂုဏ်ရည်
(၂) ။ ကိုယ်ကျင့်အဘိဓမ္မာ
(၃) ။ အနာဂတ်သာသနာရေး
(၄) ။ နောက်ဆုံးဆယ်လ
မြတ်ဗုဒ္ဓ
(၅) ။ ဘုရားဥပဒေတော်ကြီး
(၆) ။ အခြေပြုပဋ္ဌာန်းတရားတော်
(၇) ။ တစ်ဘဝသံသရာ
(၈) ။ တစ်ဘဝသာသနာ
(၉) ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ ရတနာသုံးပါးကျေးဇူး
ကိုယ်တွေ့ဝတ္ထုများ
(၁၀) ။ မေတ္တာဝါဒ
(၁၁) ။ ချမ်းမြေ့စွာဘဝနေနည်း
(၁၂) ။ ဓမ္မဒူတ ပထမတွဲ
(၁၃) ။ ဓမ္မဒူတ ဒုတိယတွဲ
(၁၄) ။ ဓမ္မဒူတ တတိယတွဲ
(၁၅) ။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ
(၁၆) ဆရာကြီးဦးရွှေအောင်ရဲ့ ဗုဒ္ဓ သို့မဟုတ်
အနှိုင်းမဲ့ကျေးဇူးရှင်



www.burmeseclassic.com

www.burmeseclassic.com




ကိုယ်တွေ့ဗုဒ္ဓဝင်

(၁၇) ။ အမြင်များပြောင်းလဲခြင်း နှင့် အတွေးအမြင်စာစုများ

(၁၈) ။ ဘဝအမြင်သစ်(ငါးပါး သီလအဖွင့်)

(၁၉) ။ ဓမ္မပဒ (ဓမ္မဒေသနများ)

(၂၀) ။ စာဖတ်သူများ (စာဖတ်နည်း)

(၂၁) ။ ချမ်းသာကိုရှာဖွေခြင်း (ဓမ္မစကြာ)

(၂၂) ။ အတ္တဝါဒမှ အနတ္တဝါဒ သို့ ခရီးစဉ်

(၂၃) ထီးချိုင့်မြို့တည်တောဆရာတော်ရဲ့- ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ- (၇-အုပ်တွဲ ၇အုပ်)

(၂၄) ဓမ္မဒူတအရှင်ပညာဇောတရဲ့- ဗုဒ္ဓဓမ္မပြဿနာများ (၁၁အုပ်တွဲ ၁၁အုပ်)ယခု သုံးအုပ်နှင့်အပြီးရိုက် ထားသည်။




www.burmeseclassic.com

www.burmeseclassic.com



(၂၅) လယ်တီဒီပနီပေါင်းချုပ်–လေးတွဲ

–အဲဒါတွေပဲ။ သူတို့နှစ်ယောက်ဟာ တို့နဲ့တွေ့စက အသက် ၃၀ ကျော်၊ လူငယ်တွေပဲ။ ဒါပေမဲ့ စာလည်းဖတ်၊ တရားလည်းနာတော့ လူဖြစ်ရခြင်းရဲ့အဓိက ရည်ရွယ်ချက်ဟာ ကုသိုလ်လုပ်ဖို့ဆိုတာကို တကယ်သိသွားခဲ့တယ်။ သိတဲ့အတိုင်းလည်း သူတို့ရောက်ရာဒေသမှာ လောကအတွက်၊ သာသနာအတွက် ကောင်းကျိုးတွေကို စွမ်းနိုင်သမျှ လုပ်ဆောင်သွားတယ်။

မြိတ်မြို့ရပ်ကွက် အသီးသီးက ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းတွေခင်းဖြစ်အောင် နှိုးဆော်ပြီးလုပ်သွားခဲ့တာ မောင်မျိုးသန့်ပဲ။ တို့ သစ်ညီနောင်ကျောင်းအဝင်လမ်း ကတ္တရာလမ်းခင်းဖြစ်အောင်လည်း သူတို့ လင်မယား ဦးဆောင်သွားတာပဲ။ အခွန်ထမ်းတဲ့ပြည်သူတွေ အခွန်ဆောင်ချင်အောင် သေသေချာချာ ရှင်းပြတယ်။ အခွန်ဆောင်တယ်ဆိုတာ ဒါနပြုခြင်းပဲလို့ မြိတ်ကလူတွေ သေသေချာချာသိသွားတာ မောင်မျိုးသန့်ရဲ့ကျေးဇူးတွေပါပဲ။

နိုင်ငံတော်လည်း ထိုက်တန်တဲ့ အခွန်ငွေရအောင်၊ အခွန်ဆောင်တဲ့သူတွေလည်း ဆောင်နိုင်အောင်၊ ဆောင်ချင်အောင် မောင်မျိုးသန့်က သူ့အတွက် ဘာမှမတောင်းဘဲ စေတနာသက်သက်နဲ့လုပ်သွားလို့ နိုင်ငံတော်နဲ့ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လုံးမှာ အဆင်ပြေခဲ့တယ်။ ဒီအချိန်က မောင်မျိုးသန့်က မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းအခွန်ဦးစီးဌာနမှူးက မောင်ကျော်ရဲထွန်း၊ သူလည်း တို့ရိပ်သာမှာတရားအားထုတ်နေတဲ့သူတော်ကောင်းပဲ။

သူတို့နှစ်ယောက် ကောင်းလိုက်တာ မြို့အတွက်ရော၊ နိုင်ငံအတွက်ရော၊ သာသနာအတွက်ရော သုံးဖက်လုံးကောင်းသွားတယ်။ သူတို့က စေတနာနဲ့လုပ်ပေးမှန်းသိတဲ့အခါ တချို့လုပ်ငန်းရှင်တွေကလည်း စေတနာသက်သက်နဲ့ ဖြူဖြူစင်စင်ပေးကြတယ်။ ဖြူဖြူစင်စင်နဲ့ကူညီထောက်ပံ့ပုံမျိုး နည်းနည်းပါးပါးဆိုရင် သူတို့လက်ခံပါတယ်။

များများစားစား ပေးလာပြီဆိုရင် ဘုန်းကြီးကျောင်းတို့၊ ပရဟိတကျောင်းတို့မှာ လှူဖို့ဆက်သွယ်ပေးတယ်။ သစ်ညီနောင်ဓမ္မရိပ်သာကျောင်းမှန်ဦးကြီးဟာ အခွန်ဆောင်တဲ့လုပ်ငန်းရှင်တစ်ဦးက သူတို့အဆက်အသွယ်နဲ့လာလှူထားတာပါ။ တို့နဲ့အရင်က မတွေ့ဘူးပါဘူး။ ဒီအချိန်က ရွှေပြည်သာရိပ်သာက မြေအကျယ်အဝန်းက ပေ၄၀–ပေ ၁၂၀ပဲရှိတယ်။ ဒါကြောင့် ရိပ်သာတရားစခန်း မဖွင့်နိုင်ဘူး။

ရန်ကုန်၊ မန္တလေး၊ ရေ၀တီဘက်က စာဖြေပရိသတ်တွေ၊ တရားနာပရိသတ်တွေက ရန်ကုန်မှာ

www.burmeseclassic.com



တရားစခန်းမဖွင့်ဘူးလား၊ ဆရာတော်ဆီမှာ တရားစခန်း ဝင်ချင်ပါတယ်ဆိုပြီး ဖုန်းလည်း ဆက်ကြတယ်၊ စာလည်း ရေးကြတယ်။ မြိတ်နဲ့ကော့သောင်းက တရားစခန်းကျ တော့လည်း အဲဒီဘက်ကလူတွေ ဘယ်လာနိုင်မှာတုန်း။ ဒါကိုသိသွားတဲ့ မောင်မျိုးသန့်နဲ့မသော်တာတို့ဟာ မော်ဘီ မြို့နယ်မှာ ရိပ်သာဖွင့်ဖို့ ကျောင်းမြေ ၁၀ ဧကအတွက် ငွေ သိန်း ၂၀ လှူရှာတယ်။

မောင်ကျော်ရဲထွန်းက ငါးသိန်းလှူတယ်။ အခုဆိုရင် ဟိုကလှူ ဒီကလှူနဲ့ မြေဧက(၅၀)လောက်ဖြစ်သွားပြီ။ အဆောက်အဦးတွေလည်း အတော်ပြီးနေပါပြီ။ အံ့ဩစရာ ကောင်းတာက မောင်မျိုးသန့်တို့မသော်တာတို့ဟာ တို့ အတွက် ရိပ်သာဖွင့်ဖို့ကျောင်းမြေအတွက် သိန်း၂၀ လှူ တယ်ဆိုတာ ရှိလို့ မဟုတ်ဘူး၊ သိလို့ လှူကြတာပါ''

သန်း ''ဘယ်လိုသိလို့လှူတာလဲ ဘုရား''

နုပ် ''ဒီလို ကမ္ဘည်းထိုးလို့မရတဲ့နေရာမျိုးဆိုရင် လှူချင် တဲ့သူ သိပ်မရှိဘူးဆိုတာကို သူတို့ကသိလို့၊ မရှိမဲ့ ရှိမဲ့ကြားက လှူကြတာ။ ဒီအချိန်က သူတို့ဟာ ဝန်ထမ်းဘဝနဲ့တာဝန်ကျရာ လျှောက်သွားနေရ တာ၊ ကိုယ်ပိုင်အိမ်နဲ့ခြံ သေသေချာချာ မရှိသေး ဘူး။ ဒါကြောင့် ဖြူးမြို့ပေါ်က ခြံနဲ့တိုက်ကို သိန်း ၉၀ကျော်နဲ့ဝယ်တာ အကြွေးမကျေသေးဘူးလို့ သိ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ နောက် သူတို့စီးနေတဲ့ ပါပလစ်ကာကား လေးတစ်စီးကိုလည်း လိုတဲ့နေရာသုံးရအောင် ဆိုပြီး ကျောင်းကိုလှူထားကြတယ်။ ခု ဒီကား လေးကြောင့် မော်ဘီရိပ်သာမှာရှိတဲ့ယောဂီတွေ၊ သံဃာတွေ ဆေးရုံဆေးခန်းသွားတာကအစ အဆင်ပြေသွားတာပေါ့။ သူတို့နှစ်ယောက်မှာ အိမ် မှာ အနေများတဲ့ မသော်တာက စာပိုရေးဖြစ် တယ်။

သူဟာ အရင်တုန်းက နွမ်းပါးတဲ့သူတွေကို ထောက်ပံ့ရကောင်းမှန်း မသိဘဲ၊ တို့နဲ့တွေ့မှ ထောက်ပံ့ရကောင်းမှန်း သိလာပုံအကြောင်း နှစ် မျက်နှာဆောင်းပါးလေးတစ်ပုဒ်ရေးထားတယ်။ အဲဒါကို နောက်အပတ်ကျမှဆက်ပြောမယ်။

## လှူခဲ့အချိန် စိတ်ထားပုံ

တချို့က ပေးလှူတဲ့အခါမှာ အလှူပေးပုဂ္ဂိုလ်၊ အလှူ ခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုတွေကို ရုပ်နာမ်သင်္ခါရအဖြစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် လက္ခဏာရေးတင်ပြီးလှူ မှ ဉာဏသမ္ပယုတ်ဖြစ်တယ်လို့ ပြောဟောကြတယ်။ အဲဒါကတော့ အဋ္ဌသာလိနီကျမ်းမှာ ဒါနနဲ့စပ်ပြီး ဘာဝနာမယကုသိုလ်ဖြစ်နိုင်ပုံကို ပြဆိုထားတာနဲ့ရော



www.burmeseclassic.com

www.burmeseclassic.com



ယောင်ပြီး ပြောဟောချက်ပါပဲ။ အဒ္ဓသာလိနီကျမ်းမှာ ပြထားတာက ပေးလှူပြီးတဲ့အခါမှာ ခယံ၊ ဂစ္ဆိသာတိ၊ ကုန်ခြင်း သို့ရောက်လတ္တံ့။ ဝယံ ဂစ္ဆိသာတိ၊ ပျက်ခြင်း၊ ပျောက်ကွယ်ခြင်းသို့ရောက်လတ္တံ့လို့ ဒီလိုနှလုံးသွင်းပုံကိုပြထားပါတယ်။ အဲဒါဟာ ပေးလှူပြီးမှ နှလုံးသွင်းပုံပါ။ မလှူခင်က နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။ လှူဆဲမှာ နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။ နောက်ပြီးတော့ အဲဒီလို နှလုံးသွင်းပုံပြထားတာဟာ ဉာဏသမ္ပယုတ် ဖြစ်ရေးအတွက်ပြတာလည်း မဟုတ်ပါဘူး။ ဘာဝနာမယကုသိုလ်ဖြစ်ရေးအတွက် ပြတာပါ။ အကယ်၍ ခယဝယ တင်ပြီးလှူမှ ဉာဏသမ္ပယုတ် ဖြစ်တယ်ဆိုရင် သာသနာပမှာ လှူတဲ့အလှူဒါန ဟူသမျှဟာ ဉာဏဝိပ္ပယုတ်ချည်း ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ အဲဒီလိုမဆိုသင့်တာကတော့ အလွန်ထင်ရှားပါတယ်။ နောက်တစ်ခုစဉ်းစားစရာကတော့ ဘုရားအလောင်းတော် အလှူပေးတဲ့အခါတွေမှာ ခယဝယတင်ပြီး လှူကြောင်း ဘယ်မှာမှပြဆိုချက်မရှိဘူး။ မြတ်စွာဘုရားဟောတဲ့တရားတော် တွေထဲမှာလည်း အလှူဒါနပြုတဲ့အခါ ခယဝယတင်ပြီး လှူရမယ်လို့ ဘယ်မှာမှဟောကြားချက်မရှိဘူး။ အမှန်ရှိတာကတော့ အလှူခံပုဂ္ဂိုလ်ရဲ့ဂုဏ်တွေမြင့်မြတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်သလောက် အကျိုးကြီးကြောင်း ဟောကြားချက်သာရှိပါတယ်။ ဒီတော့ အလှူခံပုဂ္ဂိုလ်၏ဂုဏ်ကိုသာ အာရုံပြုပြီး စိစစ်ရွေးချယ်ဖို့လိုပါတယ်။ အလှူခံပုဂ္ဂိုလ်လည်း ရုပ်နာမ်တရားမျှ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှဟုတကယ်ထင်မြင်ပါလျှင် ဂုဏ်ရှိ အလှူခံပုဂ္ဂိုလ်နှင့် ဂုဏ်မဲ့အလှူခံပုဂ္ဂိုလ်တန်းတူဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ကြည်ညိုဖွယ်မရှိတဲ့အတွက် ဒါနကုသိုလ်လည်း ထက်သန်ဖွယ်မရှိ၊ အကျိုးပေးလည်း ထက်သန်ဖွယ်မရှိ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ ခယဝယတင်ပြီးလှူရင် ဝိပဿနာဖြစ်လို့ မဂ်ဖိုလ်နှင့် ပိုပြီးနီးစပ်မယ် မဟုတ်လားလို့ စောဒကတက်ဖွယ်ရှိပါတယ်။ ဝိပဿနာအစစ်ဖြစ်ရင် မဂ်ဖိုလ်နဲ့ ပိုပြီးနီးစပ်တာမှန်ပါတယ်။ အဲဒီလိုဆိုရင် ပစ္စည်းအကုန်ခံပြီး ပေးလှူနေဖို့မလိုပါဘူး။ မလှူဘဲနဲ့ ဝိပဿနာချည်း သက်သက်ရှုနေရင် အဲဒီခယဝယတင်တဲ့ ဝိပဿနာအတုထက် ပိုပြီးမဂ်ဖိုလ်နဲ့နီးစပ်ပါတယ်။ အမှန်ကတော့ ပေးလှူတယ်ဆိုတာ ဝိပဿနာရှုဖို့ ရည်ရွယ်ရင်းမဟုတ်ပါဘူး။ ဒါနကုသိုလ်၏ အကျိုးအတွက် ရည်ရွယ်ပြီး ပေးလှူကြတာသာဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက အလှူဒါနပြုရာမှာ

www.burmeseclassic.com



အကျိုးကြီးမြတ်စေနိုင်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း သံဃေဒိန္နမဟာပ္ဖလံ–သံဃာအားလှူလျှင် အကျိုးကြီးသည် စသည်ဖြင့် ညွှန်ကြားထားပါတယ်။ နှလုံးသွင်းပုံတွေလည်း သဒ္ဓါယ ဒါနံ ဒေတိ– ကံ၊ ကံ၏အကျိုးကို ယုံကြည်၍ပေးလှူသည်စသည်ဖြင့် ညွှန်ကြားထားပါတယ်။ ရုပ်နာမ်အနိစ္စဒုက္ခအနတ္တရှုပြီး လှူရန်ဟောကြားထားတာလည်း မရှိပါဘူး။

(မဟာစည်ဆရာတော်၏ပဋိစ္စသမုပ္ပါဒ်တရားတော်မှ)

## သံသရာလည်စေသောတရား

မာလောနွယ်၏သဘောကိုကြည့်ပါလေ။ လှမ်းမိုရာသစ်ပင်ကို ငြိတွယ်လွှမ်းမိုး၍ကြီးပွားလေ့ရှိ၏။ တဏှာသည် မာလောနွယ်နှင့်တူလေသည်။ မေ့မေ့လျော့လျော့လှည့်လည်နေထိုင်သောသတ္တဝါကို ငြိတွယ်လွှမ်းမိုး၍ ကြီးပွားလေ့ရှိ၏။ သစ်သီးကို အလိုရှိသောမျောက်သည် တောထဲ၌ တစ်ပင်မှတစ်ပင်သို့ တစ်ကိုင်းမှတစ်ကိုင်းသို့ကူးပြောင်းပြေးလွှားနေလေ၏။ ထို့အတူ တဏှာတိုးပွားနေသောထိုပုဂ္ဂိုလ်သည် တစ်ဘဝမှတစ်ဘဝသို့ကူးကာ ပြောင်းကာကျင် လည်နေရလေ၏။

အရှင်မာလုကျပုတ္တ(ဆက္ကနိပါတ်–၅)



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကိုခုံးမနည်း ဥပမာ

သင့်အား အမျက်ဒေါသဖြစ်ပေါ်လာခဲ့သော် ကြမ်းတမ်းသောလွှသွားကို ဥပမာတင်၍ ရှုလော၊ အချိုအချဉ်စသော အရသာ၌ တပ်မက်မှုတဏှာဖြစ်ပေါ်လာခဲ့သော် မိမိရင်သွေးငယ်၏အသားကို စားသောက်ခြင်းဥပမာ တင်၍ ရှုဆင်ခြင်လော့။ သင်၏စိတ်သည် ကာမဂုဏ်အာရုံတို့၌ ပြေးသွားကျက်စားနေခဲ့သော် စပါးခင်းကို ဝင်ရောက်မွှေနှောက်သည့် နွားဆိုးအားကြိုးဖြင့် နှောင်တုပ်ကာ တိုင်၌ချည်ထားသည်ကို ဥပမာတင်၍ ရှုဆင်ခြင်လော။ သင်၏စိတ်ကို သတိဟူသောကြိုးဖြင့် သမာဓိဟူသော တိုင်၌ဖွဲ့ချည်၍ ဆုံးမနှိပ်ကွပ်လေလော။

အရှင် ဗြဟ္မဒတ္တ(ဆက္ကနိပါတ်–၁၂)

နုပ် “ကဲ မသော်တာရဲ့ဆောင်းပါးတိုလေးကို ဖတ်ကြည့်ရအောင်၊ ဆောင်းပါးခေါင်းစဉ်က– ‘မေတ္တာရိပ် အောက်ဝယ်’ဟဲ့

ဤကမ္ဘာလောကကြီးတွင် မေတ္တာတရားသည် အထူးပင် အရေးကြီးလေသည်။ မေတ္တာတရားသာ မရှိတော့ပါလျှင်လည်း ဤကမ္ဘာလောကကြီးပျက်သုဉ်းမည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။ မေတ္တာတရားအမှန်တကယ်ရှိလာပါလျှင် သူတစ်ပါးတို့၏ ကောင်းကွက်များကို အလိုလိုကြည့်တတ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကွက်များကို မကြည့်တော့ခြင်းကြောင့် ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်တွင် ယောနိသော မနသိကာရ(စိတ်ထားကောင်း နှလုံးသွင်းမှန်ကန်မှု)ရှိသူသည်ကုသိုလ်ချည်းသာဖြစ်ရသည်ဟု ဟောကြားခဲ့ပါသည်။ မေတ္တာဓာတ်ဖြင့်ကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင် စိတ်လည်းချမ်းသာရသလို ကုသိုလ်လည်း ဖြစ်ပါသည်။ ဒေါသဓာတ်ဖြင့် မကောင်းကွက်ကိုသာ ကြည့်ပါလျှင် စိတ်လည်း ဆင်းရဲရသလို၊ အကုသိုလ်လည်းဖြစ်ရသည်။ ထို ဒဿနလေးကို အမြဲလက်ကိုင်ထားကာ ကိုယ်တွေ့ ကျင့်ကြံအားထုတ်နေသော ဆရာတစ်ဆူ (မေတ္တာရှင်)ကိုဘဝတွင် တွေ့ရှိခဲ့ရသည့်အချိန်မှစတင်ကာ ကျွန်မ၏ဘဝလေးသည် ဒေါသဓာတ်အားကောင်းရာမှ အပြောင်းလဲကြီးပြောင်းလဲခဲ့ရပါတော့သည်။ ထိုဆရာအရှင်မြတ်၏မေတ္တာရိပ်အောက်ဝယ်ခိုလှုံခဲ့သည့်အချိန်မှစ၍ ဒေါသမင်းနှင့် အမြဲစစ်ခင်းခဲ့ရသော ကျွန်မဘဝ မလှမပလေးသည် တစစနှင့် နူးညံ့သိမ်မွေ့လာကာ မေတ္တာထားတတ်လာပါသည်။ ကရုဏာထားတတ်လာပါသည်။ လောက အကျိုးသယ်ပိုးလိုစိတ်များတိုးပွားလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားကောင်း နှလုံးသွင်းမှန်ရှိသူ၊ မေတ္တာတရား၊ ကရုဏာတရားအားကောင်းလွန်းသူ၊ ဆရာအရှင်မြတ်ကြောင့်လည်း ကျွန်မမှာ မိမိ မပြုဘူးသေးသော ကောင်းမှုကုသိုလ်များ တိုးလာကာ စိတ်ထားကောင်းများလည်း အတော်တိုးတက်ခဲ့ပါသည်။ နဂိုကဆိုလျှင် ကျွန်မမှာမလှူတတ်၊ မတန်းတတ်ဟု ပြောရမည်ထင်ပါသည်။ အကြောင်းကား ဘုရားနှင့် သံဃာတော်အရှင်မြတ်များကို လှူမှသာ အကျိုးကြီးသည်ဟုခံယူထားခြင်းကြောင့်ပင်ဖြစ်ပါသည်။ သံသရာတစ်ခွင်မှာ အသေမျောမျောနေရဦးမည့် ထိုအတွေးများကို ဆရာအရှင်သည် ပါရမီထိုက်သော ကုသိုလ်မျိုးကို ကိုယ်တွေ့ကျင့်ပြခြင်း၊ လက်တွေ့ကျင့်စေခြင်းဖြင့် ငါကောင်းစားရေး မပါစေဘဲ၊ လောကအတွက် အများအကျိုးအတွက် လိုအပ်ရာ တို့ကို လှူဒါန်းစေခဲ့ပါသည်။

ငါ့အတွက် မရည်ရွယ်ဘဲ လောကအတွက်၊ အများအတွက် ပြုလျှင် ပါရမီကုသိုလ်ဖြစ်သည်။ လောကအတွက်၊ သူတစ်ပါးအတွက်ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက် တပ်မက်ခြင်း လောဘကို အလိုလိုပယ်စွန့်ပြီးသားဖြစ်ရလေသည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် နေကၡမ္မပါရမီဟု ဆိုပါသည်။ ပါရမီဆယ်ပါးတွင် နေကၡမ္မပါရမီသည် အရေးအကြီးဆုံးဟု ဆိုရပေမည်။ နေကၡမ္မပါရမီဝင်လိုက်သည်နှင့် ကောင်းမှုပြုတိုင်း သူတစ်ပါးကောင်းစားဖို့ရန် ဦးတည်လိုက်ခြင်းကြောင့် ငါကောင်းစားရန်ဟူသော ဒိဋ္ဌိနှင့် လောဘကို အလိုလိုပယ်သတ်ပြီးသား ဖြစ်သွားရပါသည်။

မိမိတို့ထက် ဆင်းရဲနွမ်းပါးနေသူများ၊ အကူအညီလိုအပ်နေသူများကို အတတ်နိုင်ဆုံး ဂရုစိုက်စောင့်ရှောက်ကူညီလျက်ရှိသော ဆရာအရှင်သည် မေတ္တာတရား၊ ကရုဏာတရား အားနည်းသေးသော ကျွန်မကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးစေခြင်းဖြင့် သူတော်ကောင်းဘဝရောက်ရှိစေရေးအတွက် နည်းမျိုးစုံဖြင့် လမ်းပြသွန်သင်ပေးခဲ့ပါသည်။ တစ်ခါက မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာအတွင်းမှ အိမ်တစ်အိမ်မီးလောင်ခဲ့သည်။ ထိုအိမ်ရှင်သည် မုဆိုးမဖြစ်သည်။ ဆရာတော်သည် သူ့တွင်ရှိသမျှ ငွေသုံးသောင်းလုံးကို ၎င်းမုဆိုးမအား အိမ်ပြန်ဆောက်ရန် ထောက်ပံ့ကူညီခဲ့သည်။ (၂၀၀၄ ဝန်းကျင်ခန့်က)။ ကျွန်မတို့ ဖနီးမောင်နှံကိုလည်းတတ်နိုင်သမျှလှူခိုင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဆရာကို ကြည်ညို၍သာ လှူလိုက်ရသည် ဘာပီတိမှ ဖြစ်မလာပါ။ ဆရာကတော့ ဝမ်းသာအားရနှင့်အေးမြ ကြည်လင်သောအပြုံးတို့နှင့် ကျွန်မကို ကိုယ်တိုင်ကိုယ်ကျ မိမိလက်နှင့် လှူခိုင်းပါသည်။ မေတ္တာ ကရုဏာအားနည်းသေးသော မိမိကသာ ဘာခံစားမှုမှ မရှိသော်လည်း၊ မေတ္တာကရုဏာအားကောင်းလှသော ဆရာ့အပြုံးကိုတော့ ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။ ထိုအပြုံးလေးမှ ခွန်အားသတ္တိများကိုတော့ ရခဲ့ပါသည်။ ထိုခွန်အားသတ္တိများသည် ယခုအချိန်တွင်တော့ မေတ္တာကရုဏာအားများကို တိုးပွားလာစေကာ မိမိသည်လည်း မိမိစွမ်းနိုင်သလောက် နွမ်းပါးသူတို့အား ဒါနပြုတတ်နေလေပြီ။ ထို့ကြောင့်သာပင် ဆရာအရှင်က ရတနာသုံးပါး၌သာမက ဆင်းရဲနွမ်းပါးနေသူများအပေါ်၌လည်း ပေးလှူတတ်ပါက အမြင့်မြတ်ဆုံးပါရမီဆယ်ပါးကုသိုလ်မျိုးရကြောင်းလက်တွေ့ကျင့်သုံးစေခြင်းဖြင့် သံသရာမှ လွတ်မြောက်ရာနည်းလမ်းတစ်ခုကို ပြသခဲ့သည်။

ထိုမေတ္တာကရုဏာများကို အစဉ်တန်ဖိုးထားရင်း ဆရာ့ကျေးဇူးကို နေ့စဉ်ဦးညွှတ်ရပါသည်။ ဒါနပြုရာတွင် မိမိတို့ထက်မြင့်မြတ်သူအား လှူပါ



www.burmeseclassic.com

www.burmeseclassic.com



က ပူဇော်သည်မည်ပါသည်။ တန်းတူသူအား လှူပါက ကူညီသည်မည်ပါသည်။ မိမိထက်နိမ့်ကျသူအား လှူပါက ချီးမြှောက်သည်မည်ပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ဥတ္တမပုရိသဒီပနီထဲတွင် အကျိုးလိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ် အယုတ်အမြတ်ရွေးချယ်မှု၊ အကျိုးကြီးသောအလှူခံကိုရွေးချယ်မှုတို့သည် ပါရမီကုသိုလ်မျိုး မဟုတ်၊ အကျိုးကို အလေးမထား၊ လှူဒါန်းမှုကိုသာ အလေးဂရုပြုခြင်းသည်သာလျှင် ပါရမီကုသိုလ်မျိုးဖြစ်သည်ဟုမိန့်တော်မူထားခဲ့ပါသည်။

ဒါနပြုခြင်းသည် လောကကိုကျေးဇူးဆပ်ခြင်းပင် ဖြစ်သည်။ ထိုလောကထဲတွင် ဂုဏ်ရှိ၊ ဂုဏ်မဲ့၊ လူချမ်းသာ၊ လူဆင်းရဲအားလုံးပါသည်သာဖြစ်သည်။ ထိုပုဂ္ဂိုလ်အားလုံးကို မိမိစွမ်းအားရှိသမျှ ပံ့ပိုးသင့်ကြောင်းကို ဆရာကြီးဦးရွှေအောင်က–ကုမ္ဘဃောသအကြောင်းဆောင်းပါးတွင် ယခုလိုရေးသားခဲ့သည်။

ဤလောက၌ လူတို့သည် ရည်မှန်းချက်ရှိသူများလည်း ရှိကြ၏။ ရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့တန်တန်နေသူများလည်းရှိကြ၏။ ရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့တန်တန်နေသူများသည် သူဌေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ် ရခဲလှစွာသောလူ့ဘဝကို အကျိုးမဲ့အချည်းနှီးဖြုန်းတီးနေသူများဖြစ်ကြ၏။ အမှန်အားဖြင့် လူ့ဘဝဟူသည် မိမိအတွက်စားရရုံ၊ သောက်ရရုံ၊ ပျော်ရွှင်ရရုံမျှသာ အနက်ရှိသည် မဟုတ်။ လူ့ဘဝဟူသည် ထိုမျှလောက်သာ အနက်ရှိသည်ဆိုပါက ရှေးခေတ်မိစ္ဆာဒိဋ္ဌိ (စာရ်ဝက)ဂိုဏ်း၏အဆိုအမိန့်ကို လိုက်နာရာရောက်၏။ လူ့ဘဝဟူသည် ပျော်ရွှင်စရာကောင်းလှသော ကစားကွင်းသဖွယ်ဖြစ်၏ဟူ၍ စာရ်ဝကဂိုဏ်းသားများကဆိုကြ၏။ လူ့ဘဝ၏ အနှစ်သာရကား ကတညုတကတဝေဒီမင်္ဂလာတရားတော်အရ ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်ရန်ပင် ဖြစ်၏။ ပတ်ဝန်းကျင်တွင် သက်ရှိသက်မဲ့ အားလုံးပါဝင်၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်၍လည်း ရ၏။ ပံ့ပိုး၍လည်း ရ၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်သူသည် သစ္စာမဲ့သူဖြစ်၏။ ကျေးဇူးမဲ့သူဖြစ်၏။ မိမိ၏ဘဝ ရှင်သန်နေခြင်းသည် ပတ်ဝန်းကျင်က တစ်နည်းနည်းဖြင့် ပံ့ပိုးပေးနေသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ ပတ်ဝန်းကျင်ကို ပြန်လည်၍ကျေးဇူးဆပ်ရန် တာဝန်ရှိ၏။ ဤသို့ ကျေးဇူးဆပ်ခြင်းကို မင်္ဂလာဟူ၍ဆိုရ၏။ သက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို အုပ်စုခွဲလိုက်လျှင် မိမိထက် မြတ်သူလည်း ရှိ၏။ မိမိနှင့်တန်းတူလည်း ရှိ၏။ မိမိထက်နိမ့်သူလည်း ရှိ၏။ ထိုသုံးဦးလုံးပင် မိမိဘဝရှင်သန်ရေးအတွက် သူ့နည်းနှင့်သူကျေးဇူးပြုနေသူများဖြစ်ကြ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ကျေးဇူးဆပ်သောအခါ၊ မိမိထက်မြင့်မြတ်သူအား ပူဇော်သောအားဖြင့်ဆပ်ရ၏။ မိမိနှင့်တန်းတူသူများကို ကူညီပံ့ပိုးသောအားဖြင့်ဆပ်ရ၏။ မိမိထက်နိမ့်ကျသူများကို ချီးမြှောက်သောအားဖြင့် ဆပ်ရ၏။ ဤသည်မှာ သက်ရှိပတ်ဝန်းကျင်အပေါ် ပြန်လည်၍ကျေးဇူးဆပ်နည်းဖြစ်၏။

သက်မဲ့ပတ်ဝန်းကျင်ကိုမူ ပြုစုပျိုးထောင်သောအားဖြင့်ဆပ်ရ၏။ ထိုသို့ ကျေးဇူးဆပ်ရာတွင် သဒ္ဓါတရားနှင့်တကွ တက်တက်ကြွကြွရှိဖို့လည်း လို၏။ ယဉ်ကျေးသိမ်မွေ့ဖို့လည်း လို၏။ တရားနှင့်အညီအသက်မွေးဖို့လည်း လို၏။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ဖို့လည်း လို၏။ ထိုအခါ ထိုသူ၏သန္တာန်၌စစ်မှန်သောဥစ္စာရတနာသည် အရိပ်ပမာကောက်ကောက်လိုက်၏။ ထိုဥစ္စာကို သူတော်ကောင်းတို့၏ ဥစ္စာရတနာခုနစ်ပါး ဟူ၍ဆိုရ၏။ သူတော်ကောင်းတို့၏ဥစ္စာခုနစ်ပါးကို ပိုင်ဆိုင်သော



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ကုဋေလေးဆယ်သည် ပြောပလောက်သော ဥစ္စာရတနာများ မဟုတ်တော့ပေ။

ဤကား ဆရာကြီးဦးရွှေအောင်၏ဖွင့်ဆိုချက်ပင် ဖြစ်ပါသည်။ ဆရာကြီး၏ဖွင့်ဆိုချက်အတိုင်း ကျွန်မတို့တွင် ဥစ္စာစည်းစိမ်ဆို၍ ခြံဝင်းတစ်ဝင်းနှင့်ကားတစ်စီးသာရှိပါသည်။ သို့သော် ဆရာကောင်းကို ရရှိခဲ့သောကြောင့် ကျွန်မတို့တွင် သံသရာတစ်လျှောက် သုံး၍မကုန်နိုင်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီဩတ္တပ္ပ ဟူသော သူတော်ဥစ္စာများကား မရေမတွက်နိုင်အောင် ချမ်းသာနေပါပြီ။ ဆရာကောင်းကိုရရှိခြင်း၊ မေတ္တာရိပ်ကို ခိုလှုံခွင့်ရရှိခဲ့ခြင်းကြောင့် အကန်းပုထုဇဉ်ဘဝမှလွတ်မြောက်ခဲ့ရသော ကျွန်မသည် အေးမြသော ဆရာ့မေတ္တာရိပ်အောက်ဝယ် အစဉ်ခိုလှုံရင်း မိမိ တတ်နိုင်သမျှ၊ စွမ်းသမျှ အများအကျိုး၊ သာသနာ့အကျိုးအတွက် ကြိုးစားသွားမည်ဟု ခိုင်မာသော ဆုံးဖြတ်ချက်များနှင့်အတူ အနာဂတ်ခြေလှမ်းများ သည်လည်း လှပလာမည်မှာ သေချာပါသည်။

မေတ္တာရှင်–ရွှေပြည်သာ၏တပည့်
မသော်တာ''



www.burmeseclassic.com

www.burmeseclassic.com



သန်း “ဟာ..တော်တော်ကောင်းတာပဲ ဘုရား–အမျိုးသမီးတစ်ယောက်က ဒီလိုနက်နက်နဲနဲ ရေးနိုင်ဖို့ မလွယ်ဘူးဘုရား။ သူ့ဆောင်းပါးကို ဖတ်ကြည့်ရတာ–ဆရာတော် မြိတ်မှာနေတုန်းက သူတစ်ပါးမလုပ်ချင်တဲ့ ပရဟိတအလုပ်တွေ၊ အလှူတွေ တော်တော်လုပ်ခဲ့၊ လှူခဲ့တယ်ထင်တယ်ဘုရား”

နုပ် “သေချာတာပေါ့–အဲဒီကျောက်ဖြူတောင်ရွာ ဆိုတာ အရင်က ဓားပြတွေဝေစုခွဲတဲ့နေရာပဲ။ တို့ကျောင်းတည်တဲ့နေရာဟာ ဓားပြတွေရဲ့ အဓိကကျတဲ့နေရာပေါ့။ အရင်က လမ်းပမ်းဆက်သွယ်ရေးလည်းမကောင်း၊ အလုပ်ကောင်းကောင်းလည်း မရှိဆိုတော့ ဒီရွာကလူတွေဟာ တော်တော်ဆင်းရဲကြတယ်။ ပြောသာပြောတာ အဲဒီအချိန်က ငါလည်း ဆင်းရဲတာပါပဲ။

ဒီလောက် ဘုန်းမကြီးသေးပါဘူး။ ဘုရားတန်ခိုး၊ တရားတန်ခိုးကြောင့်သာ အဲဒီလောက်ခေါင်တဲ့နေရာမှာ အောင်မြင်အောင် သာသနာပြုနိုင်ခဲ့တာ။ ရွာထဲက မူလတန်းကျောင်း မနေနိုင်တဲ့ကလေးတွေ ငါက ကျောင်းစရိတ်ထုတ်ပေးတယ်။ ရွာထဲကအဘိုးအိုအဘွားအိုတွေ ရောဂါဖြစ်ရင် ငါပဲ ဆေးကုသစရိတ် ထုတ်ပေးလိုက်တယ်။

www.burmeseclassic.com



ဒေါ်စိန်ဆိုတဲ့အဘွားတစ်ယောက်ဆိုရင် အဆုတ်တီဘီရောဂါဖြစ်ရှာတာ။

ငါ့မှာ လနဲ့ချီပြီး တီဘီဆေးဖိုးရော၊ ဓာတ်စာရော၊ အားဆေးရော ထောက်ပံ့ပေးရတယ်။ ဆေးကောင်းဝါးကောင်းနဲ့ကုပေးတော့ သူတို့အားလုံးက သေတော့မယ်လို့ထင်ထားတဲ့ ဒေါ်စိန်ဟာ အခုအချိန်မှာတော့ ဒေါင်ဒေါင်မြည်ဖြစ်နေပြီ။ သူတို့နေရာမှာ ရာဘာစေးခြစ်တဲ့အလုပ်တစ်ခုပဲရှိတယ်။ ဆင်းရဲတော့ ရာဘာစေးတွေကို ခိုးရောင်းကြတယ်။ အဲလို ခိုးရောင်းလေ ဆင်းရဲလေပဲ။

ခိုးတတ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်ဘဝရောက်ရောက် ဆင်းရဲမယ်လို့ ဘုရားဟောကရှိထားတာကိုး။

ဥစ္စာဆင်းရဲလို့ အပါယ်မကျဘူး။

ကိုယ်ကျင့်သီလဆင်းရဲမှ အပါယ်ကျတာ၊

ဥစ္စာစည်းစိမ်ဆင်းရဲလို့ ဘယ်ပညာရှိသူတော်ကောင်းမှ အထင်မသေးဘူး။ ကိုယ်ကျင့်သီလဆင်းရဲမှ အထင်သေးတာဆိုတဲ့ဒဿနလေးကို သူတို့ရင်ထဲရောက်အောင် သေသေချာချာဟောပေးရတယ်။ ည တရားပွဲရှိပြီဆိုရင် ငါကိုယ်တိုင်ကားသုံးလေးစီးငှားပြီး သူတို့တစ်ရွာလုံးကို တရား

www.burmeseclassic.com



နာလိုက်စေတယ်။ အခုတော့ ခိုးတဲ့အကျင့် တော်တော်ပျောက်သွားပြီ။ တစ်ခါကလည်း လေပြင်းတိုက်ပြီး ဆင်းရဲသားအိမ်တစ်လုံးပြိုကျသွားတယ်။ အဲဒီဒကာမကြီးကတော့ တစ်ခုလပ်လို့ပြောရမယ်။ သူ့ယောကျ်ားနဲ့ကွဲနေတာကြာပြီ။

သားသမီးလေးယောက်နဲ့ဖြစ်သလို ကုန်းရုန်းလုပ်စားနေရှာတာ။ သမီးလေးတစ်ယောက်က အပျိုဖြစ်နေပြီ။ သူတို့ဟာ အိမ်ကိုပြန်ဆောက်နိုင်စွမ်းလည်း မရှိဘူး။ အဲဒါ ငါက အိမ်တစ်လုံးပါတဲ့ခြံလေးတစ်ခြံဝယ်ပေးလိုက်တယ်။ ရာဘာတောထဲမှာ အဆင်ပြေသလိုဆောက်နေကြတာဆိုတော့ မြေဈေးက မကြီးပါဘူး။ သူတို့မိသားစု ငါးယောက်နေနိုင်ရုံ အိမ်တစ်လုံးရော၊ မြေရောမှ နှစ်သောင်း ငါးထောင်ပဲပေးရတယ်။ ၂၀၀၂ ခုနှစ်လောက်ကဆိုတော့ ငွေက အခုထက်တော့တန်ဖိုးရှိသေးတာပေါ့။

ငါ ဘုရားတော့ တစ်ဆူမှ မတည်ဘူးသေးဘူးကွ။ ဒါပေမဲ့ အဲသလိုဒုက္ခရောက်တဲ့သူတွေကိုအိမ်နဲ့ခြံဝယ်ဝယ်ပေးတာတော့ ၂၂ လုံးလောက်ရှိပြီ။ အတိအကျတော့ မှတ်မထားမိဘူး။ ၂၀၀၉ ခုနှစ်၊ လေးလပိုင်းကလည်း မန္တလေးမြို့၊ စိန်ပန်းရပ်

www.burmeseclassic.com



ကွက်ထဲက တစ်ချိန်က တို့ရဲ့ဆွမ်းအလှူရှင် ဒကာမတစ်ယောက်ဟာ အိမ်ပေါင်ပြီး ဆုံးတော့မလိုဖြစ်နေလို့ သိန်းလေးဆယ်နဲ့ရွေးပေးလိုက်တယ်။

ဒီလိုပုံစံမျိုး ကူညီဖို့ကြုံလာရင်တော့ သေသေချာချာ ဆန်းစစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာတွေရဲ့မကောင်းတဲ့အကျင့်တစ်ခုကအလကားသာရမယ်ဆိုရင် ရေကိုတောင်သေအောင်သောက်ချင်တဲ့အကျင့်ရှိလို့ပဲ။ ဒီဒကာမဟာ ကံဆိုးရှာတယ်။ သူ့ယောကျ်ားကလည်း နာတာရှည်ရောဂါစွဲပြီး အလုပ်မလုပ်နိုင်တော့ဘူး။ သူ့ဈေးရောင်းတာလေးတစ်ခုနဲ့ထမင်းစားနေရတာ။

သူတို့မှာ သားသမီးလေးယောက်ရှိတယ်။ ဒီသားသမီးလေးယောက်ရဲ့ပညာရေးစရိတ်ကလည်း ဘယ်သေးမလဲ။ ဒီကြားထဲ ကလေးနှစ်ယောက်က မကျန်းမမာဖြစ်တော့ ဆေးကုလိုက်ရတာ ဈေးရင်းပါပြုတ်သွားတယ်။ နောက်ထပ်ဈေးမရောင်းနိုင်ရင် ဘာနဲ့သွားစားမလဲ။ ဒီတော့ ၁၅ ကျပ်တိုးနဲ့ ငွေဆယ်သိန်း စချေးတယ်။ အတိုးကိုအလျှင်မီအောင်ဆပ်နေရတာနဲ့ စားဝတ်နေရေးက မလောက်ငချင်တော့ဘူး။

ဒီကြားထဲ အကြီးဆုံးသားလေးက ဆယ်တန်း

www.burmeseclassic.com



ရောက်လာပြီဆိုတော့ ကျူရှင်စရိတ် ငါးသိန်းက မဖြစ်မနေ လိုလာတယ်။ နောက်ထပ် ဒီအတိုင်း ချေးလို့မရတော့ဘူးလေ။ ဒါကြောင့် သူတို့အိမ်နဲ့ခြံကို ပေါင်လိုက်ရတယ်။ အတိုးက နှစ်ဆတက်လာတော့ သူ့ဝင်ငွေနဲ့အတိုး မှန်မှန်မသတ်နိုင်တော့ဘူး။ အတိုးသတ်ရမယ့် လကုန်၂၂ရက်နေ့ရောက်တော့မယ်ဆိုရင် သူနေမကောင်းတော့ဘူး။ ရင်ထဲက လှပ်လှပ်လှပ်လှပ်နဲ့ဖြစ်လာတယ်။

ဒါနှလုံးရောဂါဖြစ်ဖို့ စတာကွ။ တစ်ခါတော့ ချေးဝယ်ပြီးပြန်အလာ အဲဒီနေ့က ၂၂ ရက်နေ့ဆိုတော့ အတိုးသတ်ရမယ့်ရက်၊ သူ့မှာအတိုးမသတ်နိုင်တာ ရှစ်လကျော်သွားပြီဆိုတော့ အတိုးက အရင်းဖြစ်ပြီး ဆပ်ရမယ့်ပမာဏက ပိုများလာတာပေါ့။ သူဟာ ဒီအတိုးတွေမဆပ်နိုင်ရင် သူတို့အိမ်လေးထိုးပေးရတော့မှာကိုတွေးပြီး လမ်းဘေးမှာ သတိလစ်ပြီး လဲကျသွားတယ်။ မြင်တဲ့သူတွေက လည်း သူ့ကိုဘယ်သူမှ လာမကူညီရဲကြဘူး''

သန်း ''လူတစ်ယောက်ဒုက္ခရောက်နေတာ ဘာပြုလို့ မကူညီရဲကြတာလဲ ဆရာတော်''

နုပ် ''မြန်မာပြည်က တချို့သောဥပဒေတွေကလည်း ဘယ်လိုဟာတွေလည်း မသိပါဘူးကွာ။ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ ကားတိုက်လို့ လူတစ်ယောက်သတိလစ်သွား တယ် သို့မဟုတ် ဒဏ်ရာရသွားတယ်ဆိုရင် ရဲ မလာမချင်း ဘယ်သူမှ မကူညီရဲကြဘူး။ ရဲမလာ ခင်ကူညီမိရင် ထောင်များချမလားမသိဘူး။ ကူညီ ချင်သော်လည်း တချို့ကအမှုပတ်မှာစိုးတော့ မကူ ညီရဲကြဘူးပေါ့။

၂၀၀၇ ခုနှစ်လောက်က ကမာရွတ်ဘူတာရုံ လမ်းထဲမှာ ဒိုင်နာကားတစ်စီး ဘရိတ်ပေါက်ပြီး ဈေးသည် အမျိုးသမီးကို ခါးကနေဖြတ်ကြိတ်သွား တယ်။ ဗိုက်လို အပျော့နေရာကကြိတ်သွားတာ ဆိုတော့ အမျိုးသမီးဟာ ဒဏ်ရာသာရတာ မသေ ဘူး။ ဒါကြောင့် သူဟာပက်လက်ကနေပြီး ဘေးက ဝိုင်းကြည့်နေတဲ့သူတွေကို အော်ဟစ်ပြီးအကူအညီ တောင်းတယ်။ သူ မသေသေးပါဘူး။ သူ့ကို ဆေး ရုံပို့ပေးကြပါလို့ အော်ပေမယ့် ဘယ်သူမှဆေးရုံပို့ မပေးရဲကြဘူး။ အမှုပတ်မှာစိုးတော့ ဒီအတိုင်း ပဲကြည့်နေကြတယ်။ ရဲလာအောင် စောင့်ကြတာ ပေါ့။ ရဲက ကားကြိတ်မှုဖြစ်ပြီး နှစ်နာရီကျော် လောက်ကြာမှ ရောက်လာတယ်။ အဲဒီအချိန်မှာ အမျိုးသမီးက သေသွားရှာပြီ။

အကယ်၍ ဖြစ်ဖြစ်ခြင်းသာ ဆေးရုံပို့နိုင်မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် အမျိုးသမီးဟာ အသက်ရှင်ခွင့်ရှိရင် ရှင်ရဦးမယ်။ အခုလို ကားကြိတ်ခံရတဲ့နေရာမှာပဲ နှစ်နာရီကျော် ရဲလာတဲ့အထိ ပစ်ထားတော့ အသက်ရှင်ခွင့်ရှိတောင် မရှင်နိုင်တော့ဘူးပေါ့။ အခုလည်း ဒီဆွမ်းဒကာမ လမ်းဘေးမှာ နှလုံးကိုထိခိုက်ပြီး သတိလစ်လဲနေတာကိုသေနေတာလို့ထင်ပြီး အမှုပတ်မှာစိုးလို့ မကူညီကြတာနေမှာပေါ့။

အဲဒီအချိန်မှာ မိုးရွာချလာပြီး သူတစ်ကိုယ်လုံး စိုရွှဲသွားမှ သတိပြန်ရလာတယ်။ လဲကျတုန်းက ကျောက်ခဲတစ်လုံးနဲ့ခိုက်မိလို့ သူ့နှဖူးကွဲသွားတယ်။ သတိပြန်ရတော့ သူ့အနားမှာဘယ်သူမှမရှိဘူး။ ဒါကြောင့် သူ့ဘာသာအားယူထပြီး အိမ်ကိုပြန်ခဲ့တယ်။ သူဟာ သူ့ဘေးကနေ တဝေါဝေါဖြတ်သွားတဲ့ကားတွေကိုကြည့်ပြီး ကားရှေ့လှဲချပြီး တစ်ခါတည်း ကိစ္စတုံးလိုက်ရရင်ကောင်းမလားလို့ စဉ်းစားမိသွားတယ်။

ဒါကြောင့် ရှေ့ဆက်မသွားတော့ဘဲ ကားလမ်းဘေး အနီးဆုံးနေရာကို ကပ်သွားတယ်။ ဒီတစ်ခါ အရှိန်ပြင်းပြင်းကားတစ်စီးလာရင် ပစ်လဲချပြီး သေဖို့ သူဆုံးဖြတ်လိုက်ပြီ"

သန်း "တကယ်များ လှဲချလိုက်သလားဘုရား"



www.burmeseclassic.com

www.burmeseclassic.com



နှပ် "အင်း–မိဘမေတ္တာဟာ တော်တော်အံ့ဩဖို့ကောင်းတယ်။ သူ့ရဲ့သားသမီးလေးယောက်မျက်နှာတွေ အစီအရီပေါ်လာတာနဲ့ သတ်မသေဖြစ်တော့ဘူး။ လူမမာဖခင်နဲ့ ဒီကလေးလေးယောက် ဘယ်လိုများနေကြမလဲဆိုတာ တွေးမိလို့ သူဟာ သတ်သေမယ့်အစီအစဉ်ကိုဖျက်လိုက်တာ။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုတဲ့စကားပုံအတိုင်း အတိုးသတ်ရမယ့် ၂၂ ရက်နေ့ရောက်တော့မယ်ဆိုတာနဲ့ သူ့နှလုံးဟာ အသက်ရှုလို့မဝတော့ဘူး။

ဒါနဲ့ပဲ နှလုံးရောဂါဖြစ်လို့ ရန်ကုန်မှာဆေးသွားကုရတယ်။ သုံးလေးလလောက် ဘာအလုပ်မှ မလုပ်နိုင်တော့ဘူး။ သူဆေးရုံကလည်း ဆင်းလာရော အကြွေးရှင်တွေက ရာဇသံပေးလာပြီ။ ဒီဆယ်ရက်အတွင်းဆပ်ရင်ဆပ်၊ မဆပ်ရင် ကျန်တဲ့ငွေနည်းနည်းအမ်းပေးမယ်၊ အိမ်ပေါ်ကဆင်း ပေးပါဆိုတဲ့ ကြေငြာချက်ပါပဲ။ ဒီအချိန်မှာ တို့ပြောတဲ့ဗီစီဒီလေးတစ်ချပ်နာကြားရပြီး တို့ဟာ သူတို့အိမ်ငယ်စဉ်ကဆွမ်းခံကြွခဲ့တဲ့ကိုယ်တော်ဆိုတာ သိသွားတာ။

'အိမ်ကိုသာထိုးအပ်လိုက်ရင်တော့ တပည့်တော် တောင့်မခံတော့ဘူး၊ သတ်သေဖို့ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်’လို့– အဲဒီဒကာမကြီးက ငါ့ကို နောင် တစ်ချိန်မှာ ပြောပြတယ်။ တကယ်တော့ ငါ သူတို့ အိမ်ကို ရွေးပေးတယ်ဆိုတာ အိမ်လှူတာတင်မက ပါဘူး။ အဲဒီဒကာမကြီးရဲ့အသက်ကိုပါကယ်လိုက် တဲ့သဘောပါပဲ။ ကျောက်ဖြူတောင်ရွာကလူတွေ အကြောင်း ပြန်ဆက်မယ်။

တစ်ခါက အဲဒီရွာက ဒေါ်တင်လှိုင်အမည်ရှိတဲ့ ဒကာမကြီးတစ်ယောက်ရဲ့ညာဘက်လက်ခုံပေါ်မှာ အသားပိုဘုကြီးတစ်ဘု ဖြစ်နေတယ်။ ဘုကြီးက ကွမ်းသီးသုံးလုံးစာလောက်ထိကြီးလာတော့ ဒကာ မကြီးဟာ လူတောထဲဆိုရင် ဥပုသ်တောင်လာမ စောင့်ရဲရှာဘူး။ ရှက်ရှာတာပေါ့။ ငါ တစ်ပါးတည်း ရှိတဲ့အချိန်ရွေးလာပြီး သီလယူရှာတယ်။ သူ့မှာ ခင်ပွန်းလည်း မရှိတော့ဘူး။ မြေးလေးသုံးယောက် နဲ့ ရာဘာစေးခြစ်စားနေရတာ။

၂၀၀၂ ခုနှစ်လောက်က အပြင်ဆေးခန်းမှာ အဲဒီလို အသီးကြိတ်မျိုးခွဲတာ သုံးသောင်းခွဲလောက် တောင်းတယ်။ ခွဲပြီးရင် တစ်လလောက် အလုပ် မလုပ်ရဘဲ နားရမယ်၊ ဒီလိုနားရင် သူတို့မြေး အဘွားလေးယောက် ဘယ်လိုလုပ်ပြီး ထမင်းစား ရတော့မလဲ။ ဒီတော့ ငါ့မှာ သူ့အတွက် ခွဲစိတ်ခ

www.burmeseclassic.com



တင်မကဘူး၊ တစ်လစာ ထမင်းစရိတ်ပါရအောင် လေးဥပုသ်လောက်စုရတယ်။ ဥပုသ်သီလပွဲမှာရတဲ့ ဓမ္မပူဇာငွေလေးစုပြီး သူ့လက်ကာဘုကြီးကို ခွဲစိတ်ပေးလိုက်တယ်။ ခွဲစိတ်ခက သုံးသောင်းခွဲ၊ သူတို့မြေးအဘွား တစ်လစာစားစရိတ်က တစ်သောင်းခွဲ စုစုပေါင်း ငါးသောင်း လှူလိုက်ရတာပေါ့။ အဲဒီအချိန်တုန်းက မြိတ်ရိပ်သာကျောင်းဟာ တည်ထောင်ကာစဆိုတော့ လိုတဲ့နေရာချည်း ဖြစ်နေတယ်။ အဲဒါ ငါက ကျောင်းအတွက် ဘာမှအကျိုးမရှိတဲ့ အဘွားတစ်ယောက်အတွက် ငွေငါးသောင်းအကုန်ခံဆေးကုပေးရမလားဆိုပြီး ရိပ်သာအကျိုးဆောင် ဒကာတစ်ယောက်က ငါ့ကိုလာပြီး ဝေဖန်တယ်''

သန်း ''အဲဒီလိုဝေဖန်တော့ ဆရာတော်က ဘာပြန်ပြောလိုက်သလဲ''

နုပ် ''ဒကာကြီး ဘုန်းကြီး စလှူကတည်းက ငါကောင်းစားဖို့ လှူတာမဟုတ်ဘူး။ အလှူခံကောင်းစားဖို့လှူတာ၊ ကောင်းကျိုးကို မျှော်ကိုးပြီး လှူတာမဟုတ်တဲ့အတွက် ဘာကောင်းကျိုးရသလဲဆိုတာကို လာမေးစရာမလိုတော့ဘူး။ ပြီးတော့ ဘုန်းကြီးက ရှိလို့ လှူတာမဟုတ်ဘူး၊ သိလို့လှူတာ။



www.burmeseclassic.com

www.burmeseclassic.com



တခြားဘုရားဒကာ၊ ကျောင်းဒကာတွေကို ဒီဒကာမကြီးလက်ကို ခွဲစိတ်ပေးချင်လို့ ငွေလှူကြပါလို့ သွားပြောကြည့် ဘယ်သူမှလှူမှာမဟုတ်ဘူး။ အဲဒီလို တခြားလှူမယ့်သူမရှိတာကို သိတဲ့အတွက် ဘုန်းကြီးက လှူတာ။ ဓမ္မရိပ်သာဖွင့်တယ်ဆိုတာ ကိလေသာသတ်နည်းသင်ပေးဖို့ပဲ။ ဒီလှူဒါန်းမှုဟာ လက်တွေ့ လောဘကိလေသာသတ်နည်း တစ်ခုကို လက်တွေ့လုပ်ပြီး ကာယကံနဲ့တရားဟောပေးလိုက်တာပဲလို့ ပြောလိုက်တယ်''

သန်း ''မှန်လိုက်တာ ဆရာတော်။ တပည့်တော်တို့ဗုဒ္ဓဘာသာအများစုဟာ ဒါနပြုရခြင်းရဲ့အဓိက ရည်ရွယ်ချက်ကို မသိကြဘူးဘုရား။ ဂုဏ်ရှိအောင်၊ နောက် ဘဝချမ်းသာအောင်၊ လူသိများပြီး ကျော်ကြားအောင် ဒါနပြုနေတယ်လို့ပဲ ထင်နေကြတာဟာ သိပ်များတယ်ဘုရား။ ပြီးတော့ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်တွေကိုပဲ လှူရမယ်လို့ထင်နေကြတယ်။ သူ့လိုကိုယ်လို သာမန်အညတရပုဂ္ဂိုလ်တွေကိုတော့ ကူညီထောက်ပံ့ရမယ်ဆိုတာ သိပ်မသိကြသေးဘူး ဘုရား''

နုပ် ''အေး ဟုတ်တယ်။ သာမန်အညတရတွေအပေါ် လေးစားကြည်ညိုတတ်ဖို့နဲ့ပတ်သက်ပြီး ဆရာကြီး

www.burmeseclassic.com



ဦးရွှေအောင်က ၁၉၉၂ ခုနှစ်၊ ဩဂုတ်လထုတ် မြတ်ပန်းဝေစာစောင်မှာ ဆောင်းပါးတစ်ပုဒ်ရေးဖူး တယ်။ ဆောင်းပါးနာမည်က အညတရများအပေါ် ကြည်ညိုတတ်ခြင်းတဲ့-ကဲ ဖတ်ကြည့်ရအောင်''

အညတရများအပေါ် ကြည်ညိုတတ်ခြင်း

ပဲနိကိုသာ ဂရုစိုက်ဖို့လို၏။
ပေါင်ကိုတော့ သင်ဂရုစိုက်ဖို့မလို၊
သူ့ဟာသူ ဂရုစိုက်လိမ့်မည်။

ဤသို့ ရှိတ်စပီးယားက ပြောသည်ကို ဖတ်ရဖူးသည်။ ဓမ္မတာအားဖြင့် လူတို့သည် ပဲနိကို ဂရုမစိုက်ချင်ကြဘဲ ပေါင်ကိုသာ ဂရုစိုက်ချင်ကြ၏။ ဤသို့ဖြစ်ခြင်းမှာလည်း နိယာမတစ်ခုပင်ဖြစ်၏။ ဤနိယာမကို သံသာရိကနိယာမ ဟု ခေါ်၏။ သံသာရိကနိယာမဟူသည်မှာ သံသရာ၌ပျော် မွေ့သူတို့ လိုက်နာရိုးနိယာမဖြစ်၏။ ထို့ကြောင့် သံသရာ ၌ကျင်လည်သူဟူသမျှသည် ဤနိယာမကို လိုက်နာရမှု ကျေနပ်လေ့ရှိကြ၏။

သံသရာ၌မကျင်လည်ချင်သူများအတွက်ဆိုလျှင် ရှိတ် စပီးယားပြောသည့်အတိုင်း ပဲနိကိုသာ ဂရုစိုက်နိုင်လျှင် ပေါင်ကို ဂရုစိုက်ဖို့ ဘာမျှဝန်လေးသည်မဟုတ်။ အလိုလို ဂရုစိုက်မိလျက်သားဖြစ်၏။ ထို့ကြောင့် လူတို့အနေဖြင့်

www.burmeseclassic.com



ဝန်လေးသောအလုပ်ကိုလုပ်နိုင်ရန် ရှိတ်စပီးယားက နှိုးဆော်ခြင်း ဖြစ်ဟန်ရှိ၏။ လူ့လောကဌ်ဖြစ်စေ၊ အခြားလောကဌ်ဖြစ်စေ၊ မည်သည့်နေရာကိုကြည့်ကြည့် အညတရများကို အများစုတွေ့ရတတ်၏။ မိမိတို့သည်ပင် သံသရာ၌ ကျင်လည်နေရစဉ် အညတရဘဝများဖြင့်သာ ကျင်လည်ရသည်ကများ၏။ သို့ပါလျက် လူတို့သည် အညတရများကိုမူ လစ်လျူရှုတတ်ကြ၏။ အမှန်အားဖြင့် ဝိသေသပုဂ္ဂိုလ်များကို ဂရုစိုက်ခြင်းသည် တစ်ဦးချင်းသဘောဆန်၍ မိမိအတွက် အကျိုးများ၏။ လောကအတွက် အကျိုးမများ။ အညတရများကို ဂရုစိုက်မှုသာ အဖွဲ့အစည်းသဘောဆန်၍ မိမိအတွက်လည်း အကျိုးများ၏၊ လောကအတွက်လည်း အကျိုးများ၏။

သဒိသံပါကံဇနေတိ=မိမိပြုသောကံသည် တူသောအကျိုးကိုပေး၏ဟူသော ဗုဒ္ဓဒေသနာတော်အရဆိုလျှင် မိမိတို့ကိုယ်တိုင်က အညတရများကိုဂရုစိုက်ပါမှ သံသရာ၌ကျင်လည်ရစဉ် အညတရဘဝများဖြင့် ကျင်လည်နေရပါက မိမိတို့ကို ဂရုစိုက်သူရှိပေလိမ့်မည်။ အကျိုးပေးမှုနှင့်ပတ်သက်၍ ဝိပါကဓမ္မတာအရလည်း အညတရများအပေါ် မိမိတို့က ဂရုစိုက်ပါမှ မိမိတို့အညတရဖြစ်သောအခါ ဂရုစိုက်သူရှိပေလိမ့်မယ်။

လောကဌ်အညတရများကို နေရာတိုင်း၌ တွေ့နိုင်လေ

www.burmeseclassic.com



ရာ ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ပြုမှုနှင့်ပတ်သက်၍လည်း အခက်အခဲမရှိ၊ အလွယ်တကူပင် ပြုလုပ်နိုင်၏။ ဝိသေသပုဂ္ဂိုလ်များကား ရှားပါးသဖြင့် ယင်းတို့အပေါ် ကုသိုလ်ကောင်းမှုပြုရန် ရှာရခက်သေး၏။ ထို့ကြောင့် လူတို့သည် နေရာတိုင်း၌အလွယ်တကူရှာ၍တွေ့နိုင်သော အညတရများအပေါ် ကြည်ညိုစိတ်ကို မွေးမြူ၍ ကောင်းမှုကုသိုလ်ကိုပြုမည်ဆိုပါက ဗုဒ္ဓဒေသနာအရ ထူးမြတ်သော အကျိုးအာနိသင်ကိုရရှိကြပေလိမ့်မည်။

အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍လှူခြင်းသည် ပါရမီမြောက်သော ကုသိုလ်လုပ်ငန်း မဟုတ်။ ပါရမီမြောက်သောလုပ်ငန်းမဟုတ်လျှင် သူလိုငါလို အများတကာ ပြုနိုင်သော ကုသိုလ်လုပ်ငန်းမျိုးပင်ဖြစ်၏။ အယုတ်အလတ်အမြတ်မရွေး အားလုံးအပေါ်၌ ကြည်ညိုစိတ်ကိုမွေးမြူပြီး ကောင်းမှုကုသိုလ်ကိုလုပ်နိုင်ပါမှ ပါရမီမြောက်သော ကုသိုလ်လုပ်ငန်းဖြစ်၏။ ပါရမီကုသိုလ်ဟူသည်မှာလည်း တကယ်မြင့်မြတ်သူတို့၏ တကယ်မြင့်မြတ်သောလုပ်ငန်းဖြစ်၏။ ထို့ကြောင့်ပင် ပါရမီဟူ၍ဆိုခြင်းဖြစ်၏။ ဤသို့ လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ၌ဆို၏။ သူဖြစ်စေ ငါဖြစ်စေ သူလို ငါလို သာမညလူတို့သည် တကယ်တန်း အကျင့်သိက္ခာနှင့်ပြည့်စုံသောပုဂ္ဂိုလ်များအပေါ်၌သာ ကြည်ညိုစိတ်ကိုမွေးမြူနိုင်၏။ အညတရများ

www.burmeseclassic.com



အပေါ်၌မူ ကြည်ညိုစိတ်ကို မမွေးမြူနိုင်ကြ။ ကြည်ညို စိတ်ဟူသည်မှာ သဒ္ဓါပြဋ္ဌာန်းသောစိတ်ဖြစ်၏။ ထိုသို့ မမွေးမြူနိုင်ကြသောကြောင့်ပင် အများသူငါ သူလိုငါလို အတန်းအစားမျိုး၌ ပါဝင်နေရခြင်းဖြစ်၏။ ဝေဿန္တရာ မင်းကြီးကိုကြည့်လျှင် ဇူဇကာလို ပုဂ္ဂိုလ်များအပေါ်၌ ကြည်ညိုစိတ်ကို အလွယ်တကူမွေးမြူနိုင်မည်မှာ ယုံမှား ဖွယ်ရာပင် မရှိချေ။ ကြည်ညိုစိတ်ရှိပါမှ ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ကို နှစ်နှစ်ကာကာပြု၍ ရကောင်း၏။ အမှန်အားဖြင့် တကယ်တမ်းစစ်မှန်သော ချမ်းသာအစစ် ကို လိုလားပါက သူလိုငါလိုအစားကို ကျော်လွန်ဖို့တော့ လို၏။ အများသူငါ သူလိုငါလိုအတန်းအစားကိုကျော်လွန် ခြင်းဟူသည် ပါရမီရှိခြင်းပင်ဖြစ်၏။ ပါရမီဟူရာ၌လည်း ပါရမီသည်အမျိုးမျိုးရှိ၏။

ဘုရားဖြစ်လိုလျှင် ဘုရားလောင်းပါရမီရှိဖို့လို၏။ အဂ္ဂ သာဝကဖြစ်လိုလျှင် အဂ္ဂသာဝကလောင်းပါရမီရှိဖို့လို၏။ မဟာသာဝကဖြစ်လိုလျှင် မဟာသာဝကလောင်းပါရမီရှိ ဖို့လို၏။ သံသရာမှထွက်မြောက်လိုသူဟူသမျှ ပါရမီတော့ မလွဲမသွေရှိဖို့လို၏။ ပါရမီဖြည့်ကျင့်ရာ ကာလအပိုင်း အခြားနှင့်ပါရမီဖြည့်ကျင့်မှု အထက်အနိမ့်သာကွာခြားမည် ဖြစ်ပြီး ပါရမီဖြည့်ကျင့်မှုသဘောအားဖြင့် ကွာခြားမှုမရှိ။ အရိယသစ္စာဉာဏ်ကိုရ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသူဟူ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ပါရမီကို မိမိတို့၏တောင့်တမှုပဏိဓိအလိုက် ဖြည့်ကျင့်ရသည်ချည်းဖြစ်၏။ ပါရမီကို ဖြည့်ကျင့်ခြင်းမရှိဘဲ အရိယာသစ္စာကို ထိုးထွင်း၍သိရိုးမရှိ။

ပါရမီဖြည့်ကျင့်ခြင်းဟူသည်မှာ မိမိနှင့်ဆက်ဆံရသူဟူ သမျှအပေါ်၌ အယုတ်အလတ်အမြတ်မရွေး ကြည်ညိုစိတ်ကိုမွေးပြီး၊ ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ကံပြုခြင်းပင်ဖြစ်၏။ ကောင်းမှုကုသိုလ်ကံကိုပြုခြင်းဟူသည်မှာလည်း ယင်းတို့၏အကျိုးစီးပွားအတွက် တတ်နိုင်သမျှပံ့ပိုးခြင်းဖြစ်၏။ ပါရမီသဘောအရ ယင်းတို့၏အကျိုးစီးပွားကိုပံ့ပိုးရာ၌ အရေးအကြီးဆုံးအချက်မှာ ကရုဏာနှင့်ပညာရှိဖို့ပင်ဖြစ်၏။ ပညာကို ဥပါယကောသလ္လဉာဏ်ဟူ၍လည်းခေါ်၏။ ဥပါယကောသလ္လဉာဏ်ဟူသည်မှာ ပံ့ပိုးမှု၌ ကျွမ်းကျင်လိမ္မာသောဉာဏ်ဖြစ်၏။ ယနေ့ခေတ်သုံးဝေါဟာရဖြင့်ဆိုရလျှင် အထာကိုသိသောဉာဏ်ပင်တည်း။ မိမိကူညီပံ့ပိုးရမည့်သူ၏ အထာအလိုက် လိုအပ်သလိုကူညီပံ့ပိုးမှသာ သူ့အတွက်လည်း အကျိုးရှိ၏။ ကူညီပံ့ပိုးရကျိုးလည်းနပ်၏။

သို့မဟုတ်ပါက ခုတ်ရာတလွဲ၊ ရှရာတခြားဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးမထင် ဖြစ်တတ်၏။ ထို့ကြောင့် ပါရမီသဘောအရအညတရများအပေါ် ကူညီပံ့ပိုးရာ၌ ဥပါယကောသလ္လဉာဏ် အရေးကြီးခြင်းပင်ဖြစ်၏။ ထိုအညတရ



www.burmeseclassic.com

www.burmeseclassic.com



များအပေါ် ကြည်ညိုသောစိတ်ဖြစ်အောင် အားထုတ်ရာ၌ ရတနာသုံးပါး၏ပုံပိုးမှုကို များစွာလို၏။ ရတနာသုံးပါး၌ ကြည်ညိုသောစိတ်မှတစ်ဆင့်အညတရများအပေါ်ပြောင်း ရွှေ့၍ယူရ၏။ အကယ်၍မိမိတို့၏ကြည်ညိုမှုသည် ရတနာ သုံးပါးအပေါ်၌သာ အဆုံးသတ်ပြီး မိမိတို့၏ပတ်ဝန်းကျင် ရှိ အညတရများအပေါ်သို့ရောက်အောင် ပြောင်းရွှေ့၍ မယူနိုင်ဘူးဆိုပါလျှင် ထိုကြည်ညိုမှုမျိုးသည် မြတ်စွာ ဘုရား၏ အလိုတော်ကျ ကြည်ညိုမှုမျိုးမဟုတ်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ညဉ့်၏ နောက်ဆုံးယံတွင် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ် တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဘုရား အဖြစ်သို့ရောက်တော်မူပြီးနောက်ပဉ္စမသတ္တာဂဟတွင်အဇ ပါလညောင်ပင်ရင်း၌ စံနေတော်မူစဉ် လောက၌ဂါရဝ တရားကင်းမဲ့၍နေခြင်းသည် မကောင်း၊ မိမိအနေဖြင့် ဂါရဝပြုရမည့်ပုဂ္ဂိုလ်ဟူ၍ လောက၌မရှိလေသောကြောင့် မိမိထိုးထွင်း၍ သိတော်မူထားသောဓမ္မများကိုသာ ဂါရဝ ပြု၍နေမည်ဟုဆုံးဖြတ်တော်မူပြီး မြတ်စွာဘုရားသည် နောက်ဆုံး ပရိနိဗ္ဗာန်ပြုတော်မူသည့်ကာလအထိ ဓမ္မများ အပေါ် ဂါရဝပြု၍နေတော်မူသွား၏။ ဂါရဝရှိပါမှ သဒ္ဓါ ထက်၏။ သဒ္ဓါထက်မှလည်း ဂါရဝကိုရ၏။ ထို့ကြောင့် ဂါရဝနှင့်သဒ္ဓါသည် အချင်းချင်းမှီတွယ်နေသော ဓမ္မတ္တ

www.burmeseclassic.com



ဝမ္မများဖြစ်ကြ၏။

ဂါရဝ၏ပံ့ပိုးမှုဖြင့် သဒ္ဒါထက်လေသောအခါ မိမိတို့၏ ပတ်ဝန်းကျင်ရှိ အညတရများအပေါ် ပံ့ပိုးရန်ဝန်လေးကြမည်မဟုတ်။ အမှန်အားဖြင့် မိမိတို့၏ဘဝတန်ဖိုးသည် အညတရများအပေါ်၌ အလေးအနက်ထားမှု၏အတိမ်အနက်အပေါ်၌ တည်၏။ ထို့ပြင် မိမိတို့က အညတရများအပေါ်ပံ့ပိုးသည်နှင့်အမျှ အညတရများထံမှလည်း ကျေးဇူးသိမှု ကတညုတသည်လည်း မိမိတို့ထံသို့ မိမိတို့က မတောင့်တပါဘဲလျက် သူ့အလိုအလျောက်လာမည်ဖြစ်၏။ ထိုအခါမှသာ လူမှုဆက်ဆံရေးသဘောအရ ပတ်ဝန်းကျင်သည်ငြိမ်းချမ်းမည်ဖြစ်၏။ ပတ်ဝန်းကျင်ငြိမ်းချမ်းသည်နှင့်အမျှ ငြိမ်းချမ်းသောသုခသည်လည်း မလွဲမသွေ ပေါ်ပေါက်လာမည်ဖြစ်၏။

မြတ်စွာဘုရား ကျင့်သုံးတော်မူသည့်အတိုင်း ဓမ္မကို ဂါရဝပြုလျှင် မိမိ၏ပတ်ဝန်းကျင်ကိုလည်း အလိုလိုဂါရဝပြုပြီးသားဖြစ်၏။ ဓမ္မကိုဂါရဝပြုခြင်းဟူသည်မှာ အကုသိုလ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းဖြစ်၏။ အကုသိုလ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းကိုပင် သီလရှိခြင်းဟူ၍ဆိုရပေ၏။ ဒင်္ဂါးပြားတွင် ခေါင်းဘက်နှင့်ပန်းဘက်ပါမှသာ ဒင်္ဂါးစစ်ဖြစ်သကဲ့သို့ ထို့အတူ သီလတွင်လည်း မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့်ကောင်းမှုဆိုင်ရာကျင့်ဝတ်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြည့်ကျင့်ခြင်း နှစ်မျိုးလုံးပါဝင်ရ၏။ တစ်မျိုးတည်းနှင့် မလုံလောက်။ မကောင်းမှုများမှ ရှောင်ကြဉ်ရုံသက်သက် နှင့်လည်း သီလပြည့်စုံသူ မမည်။ ကောင်းမှုဆိုင်ရာကျင့် ဝတ်များကို ဖြည့်ကျင့်ရုံသက်သက်နှင့်လည်း သီလပြည့်စုံ သူ မမည်။ ခေါင်းနှင့်ပန်း နှစ်မျိုးလုံးပြည့်စုံဖို့လို၏။

ထို့ကြောင့် ဝတ္တံအပရိပူရေန္တော – သီလံနပရိပူရတိ ကျင့်ဝတ်ကိုမဖြည့်သမျှ သီလကိုဖြည့်ရာမရောက်ဟု ဆို ခြင်းဖြစ်၏။ တကယ်တမ်း နှစ်မျိုးလုံးပါဝင်ပြည့်စုံဖို့ဆို သည်မှာလည်း အညတရများအပေါ် ကြည်ညိုစိတ်မွေး တတ်မှ ဖြစ်၏။ ပဲနိကိုဂရုစိုက်လျှင် ပေါင်သည် သူ့ဟာသူ ဂရုစိုက်လိမ့်မည်ဟူသော ရှိတ်စပီးယား၏အဆိုအတိုင်း အညတရ များအပေါ်၌ ကြည်ညိုစိတ်ကိုမွေးမြူနိုင်ပါလျှင် ဝိသေသပုဂ္ဂိုလ်များအပေါ်၌ ကြည်ညိုစိတ်ကို အလိုလို မွေးမြူပြီးသားဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ရာဝန်လေးဖွယ် မရှိပါချေ။ သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ပါရမီတော်ကိုဖြည့်ကျင့်တော်မူ ရာတွင် ၂၄ ဘဝသာလျှင် သာသနာတော်နှင့်ကြုံကြိုက်ရ ၏။ သာသနာတော်နှင့်ကြုံကြိုက်ဖို့ဆိုသည်မှာ အလွန်ခဲ ယဉ်းသောအခွင့်အရေးတစ်မျိုးဖြစ်ကြောင်း ဤဖြစ်ရပ် များက သက်သေခံလျက်ရှိ၏။

ယနေ့မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်ထွန်းကား



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။ ထို့ကြောင့် သာသနာတော်နှင့်ကြုံကြိုက်ရခြင်းတည်းဟူသော အခွင့်အရေးကြီးကို ရလျက်ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏အလိုတော်အတိုင်း မြတ်စွာဘုရား၏သာသနာတော်ကို အသုံးချသင့်ပါ၏။ မြတ်စွာဘုရား၏အလိုတော်အတိုင်း မြတ်စွာဘုရား၏သာသနာတော်ကိုအသုံးကျအောင်အသုံးချခြင်းဟူသည်မှာ လောကကို ဗုဒ္ဓဘာသာမျက်စိဖြင့်ကြည့်တတ်အောင် အားထုတ်ခြင်းဖြစ်၏။ လူတို့သည် မိမိတို့၏ဘဝတစ်လျှောက် ချမ်းသာကိုရှာကြသည် မှန်၏။ ထိုကဲ့သို့ ချမ်းသာကိုရှာရာ၌ တစ်ဦးနှင့်တစ်ဦး ချမ်းသာကိုရှာဖွေကြသူချင်းတူသော်လည်း အမြင်ချင်းကား မတူ။ လောကကို ဗုဒ္ဓဘာသာမျက်စိဖြင့်ကြည့်ပြီး ချမ်းသာကိုရှာခြင်းဖြစ်ပါက—

**"အကုသိုလ်စိတ်ဖြင့် စစ်မှန်သော ချမ်းသာကို ရှာဖွေ၍ ရရိုးမရှိ။ ကုသိုလ်စိတ်ဖြင့်သာ စစ်မှန်သော ချမ်းသာကို ရှာဖွေ၍ ရရိုးရှိ၏။"** ဟူ၍မြင်ပြီး ထိုအမြင်ဖြင့်သာ ချမ်းသာကို ရှာပေလိမ့်မည်။ ထိုအမြင်ဖြင့် ချမ်းသာကိုရှာခြင်းဟူသည်ကား မိမိတို့ပတ်ဝန်းကျင်ရှိ အညတရများအပေါ် ကြည်ညိုစိတ်ကိုမွေးပြီး၊ ထိုကဲ့သို့မွေးနိုင်အောင် ရတနာသုံးပါး၌ ကြည်ညိုဆည်းကပ်ပြီး၊ ထိုကဲ့သို့ဆည်းကပ်ရာ၌လည်း အညတရများအပေါ် သဒ္ဓါနှင့် ဂါရဝကိုထားနိုင်အောင်ဟူသော ရည်ရွယ်ချက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်ခြင်းပင်ဖြစ်၏ဟူ၍ သဘောပေါက်ကာ အညတရများအပေါ် ကြည်ညိုစိတ်ကိုမွေးနိုင်အောင် အားထုတ်အပ်ပါ၏။

(ဦးရွှေအောင်)

ဆရာကြီးရဲ့လမ်းညွှန်ချက်အတိုင်း ၁၁၊ ၆၊ ၂၀၀၉က နေ ၁၃၊ ၆၊ ၂၀၀၉ အထိ မန္တလေးမြို့နဲ့မတ္တရာမြို့မှာ ကာယကံမေတ္တာခေါင်းစဉ်နဲ့တရားပွဲသုံးညဟောပြီး ရသမျှ ဝတ္ထုငွေတွေကို နှံ့သာမြိုင်ရွာနဲ့ ရေနံ့သာအနာကြီးရောဂါ ဆေးရုံကို သွားလှူကြမယ်''

သန်း ''တရားပွဲက ဘယ်နေရာတွေမှာဟောမှာလဲ ဘုရား၊ ပြီးတော့ ဒီအစီအစဉ်လုပ်ဖြစ်သွားတဲ့အကြောင်းလေးကိုလည်း ပြောပါဦး ဘုရား''

နုပ် ''ပထမနှစ်ရက်က မန္တလေးမြို့၊ အိမ်တော်ရာ ဘုရားဝင်းထဲမှာ ကျင်းပမယ်။ နောက်ဆုံးရက်ကတော့ အနာကြီးဝေဒနာရှင်တွေကို စုပေါင်းထားတဲ့ နှံ့သာမြိုင်ရွာမှာ ဟောမယ်။ ၂၀၀၇ ခုနှစ်မှာ တစ်ကြိမ်သွားဟောဖူးတယ်။ သူတို့ အဲဒီနေရာကို ရောက်နေတာ နှစ်နှစ်ဆယ်နီးပါးရှိပြီ၊ ညတရားပွဲဆိုလို့ ငါဟောတာ တစ်ညပဲနာဖူးကြရှာတယ်။ တရားနာရင်း ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမအခေါက်ကတော့ ငါကိုယ်တိုင်ဦးဆောင်ပြီး သွားတာ၊ ပင်မအလှူရှင်က ငါပဲပေါ့။ ပထမအခေါက်က ငွေသား သိန်း၄၀ခန့်အပါအဝင် စုစုပေါင်း ပစ္စည်းရောပါ ၅၄သိန်းဖိုးလောက် စုပေါင်းလှူနိုင်ခဲ့တယ်။ သွားလှူဖြစ်ခြင်းရဲ့ အဓိကအကြောင်းကတော့ ဒီဒဿနလေးကြောင့်ပဲ။

အခြားသောဘာသာဝင်များလည်း ဗုဒ္ဓဘာသာ သို့ပြောင်းဝင်လာတာရှိသလို၊ ဗုဒ္ဓဘာသာဝင်များလည်း အခြားဘာသာသို့ ပြောင်းသွားတာရှိသည်။ သို့သော် ဘာသာပြောင်းရခြင်း၏ အကြောင်းတရားချင်းကား မတူကြ။ အခြားဘာသာဝင်များ ဗုဒ္ဓဘာသာသို့ပြောင်းလာခြင်းသည် ဗုဒ္ဓဘာသာက သူတို့ဘာသာထက် မြတ်သောကြောင့်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အခြားဘာသာသို့ပြောင်းခြင်းကား အခြားဘာသာက ဗုဒ္ဓဘာသာထက်မြတ်သောကြောင့် မဟုတ်။ ငတ်သောကြောင့် (စားစရာ မရှိသောကြောင့်)ဖြစ်သည်။

လှည်းကူးမြို့နယ်၊ မရမ်းချောင်းရွာနဲ့ မတ္တရာမြို့နယ်နဲ့သာမြိုင်တို့ဟာ အနာဂါးဝေဒနာရှင်တွေကို စုပေါင်းထားတဲ့နေရာပေါ့။ ဒီနေရာတွေကို ဗုဒ္ဓဘာသာဝင်တွေ လှူဒါန်းထောက်ပံ့တာ မရှိသလောက်နည်းပါးတယ်။ ဘာ

www.burmeseclassic.com



သာခြားအဖွဲ့တွေပဲ အများဆုံးသွားရောက်ထောက်ပံ့ကြတယ်။ ရေနစ်နေတဲ့သူဟာ ကောက်ရိုးတစ်ပင်ကိုသော်လည်း အားကိုးတကြီးဆွဲငင်သလို ဝမ်းရေးကြောင့် ဘာသာခြားထဲကိုပြောင်းကြရတယ်။ အဲဒီအချက်တွေကြောင့် ငါကိုယ်တိုင် ဦးဆောင်ပြီး နှစ်ရှာလုံးကို လှူခဲ့တာ။

ဒီနှစ်ဦးဆောင်ပြီး လှူမယ့်အလှူရှင်က အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့က မြန်မာကျောင်းသူလေးတစ်ယောက်ဖြစ်တဲ့ မဝေမာလွင်ပဲ။ ငါနဲ့မန္တလေးကပရိသတ်တွေကတော့ သူ့အလှူကို ဝိုင်းကူညီထောက်ပံ့ကြတဲ့သဘောပေါ့။ အရင်ကတော့ နံ့သာမြိုင်မှာ တရားပွဲတစ်ညကျင်းပဖို့ ဝေမာလွင်က တာဝန်ယူထားတာ။

နောက်တော့ ဦးလှစိုးတို့၊ ကိုဖြိုးတို့၊ မောင်မျိုးသန့်တို့ရဲ့ ဝိုင်းဝန်းစီစဉ်မှုကြောင့် အိမ်တော်ရာဘုရားမှာပါ နှစ်ညတိုးသွားတာ။ အလှူငွေပိုရတော့ ပိုပြီးထောက်ပံ့နိုင်တာပေါ့''

သန်း ''ဒါနဲ့ နယူးယောက်မြို့မှာပညာသင်နေတဲ့ ဝေမာလွင်က ဆရာတော်ကို ဘယ်လိုလုပ်သိသွားတာလဲ ဘုရား''

နုပ် ''ငါဟောတဲ့ဗီစီဒီတရားခွေတွေနာရလို့တဲ့ကွ။ သူ့အကြောင်းကို လူဖြစ်ရခြင်းရဲ့အဓိကရည်ရွယ်ချက်စာအုပ်ထဲမှာ တော်တော်ပြည့်စုံအောင် ရေးထားတယ်။ ဒီမှာ အကျဉ်းချုပ်ပြောပြမယ်။ ဝေမာလွင်



www.burmeseclassic.com

www.burmeseclassic.com



က အလုပ်လည်းလုပ်တယ်။ ကျောင်းလည်းတက်တယ်။ ခုမှ အသက်၂၆နှစ်ပဲရှိသေးတယ်။ အလှုအပကြိုက်တုန်းအရွယ်မှာ အလှုအပအတွက် ကုန်ကျမယ့်ငွေတွေကို စုစုပြီး မြန်မာပြည်မှာ တစ်နှစ်တစ်ခါ အလှူပြန်လုပ်တယ်။

သူအရင်လုပ်တဲ့ဒါနက ကုသိုလ်တော့ရတယ်။ ဒါပေမယ့် လောကအတွက် အကျိုးသိပ်မရှိဘူး။ တစ်ထောင်ဘုရားတည်တဲ့နေရာမှာ တစ်ဆူ ငါးသိန်းနှုန်းနဲ့ဆယ်ဆူလှူတယ်။ စုစုပေါင်းသိန်းပေါင်း ၅၀ ကုန်ကျတယ်ပေ့ါ။ အဲဒီဒါနဟာ ကုသိုလ်တော့ရတယ်။ လောကအတွက်တော့ သိပ်ကောင်းကျိုးမရှိဘူး။ ဗုဒ္ဓဘာသာတွေက တောင်ပေါ်မှာ ဘုရားအဆူတစ်ထောင် မပြည့်ပြည့်အောင် တည်နေကြတယ်။

ဒီအချိန်မှာ တောင်အောက်ရွာက ဗုဒ္ဓဘာသာတွေမှာတော့ စားဝတ်နေရေးတော်တော် ဒုက္ခရောက်နေကြတယ်။ ဒီဒုက္ခရောက်နေတဲ့ရွာသူရွာသားတွေကို ဘာသာခြားသာသနာပြုတွေက လာပြီးထောက်ပံ့ကြတယ်။ တောင်ပေါ်မှာ ဆင်းတုအဆူတစ်ထောင်ပြည့်လို့ ဗုဒ္ဓဘာသာဝင်တွေအောင်ပွဲခံနေချိန်မှာ တောင်ခြေရွာက ဗုဒ္ဓဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တစ်ထောင်ဟာ ဘာသာခြားထဲကို တစ်ရွာလုံး ပြောင်းသွားပါပြီ။ ဗုဒ္ဓရုပ်ပွားတော်တွေတိုးလာ သလောက် ဗုဒ္ဓဘာသာဝင်တွေ လျော့လျော့သွား တာကို အကြောင်းရှာရင် မြန်မာတွေဟာ ကုသိုလ် လည်းရ၊ အကျိုးလည်းရှိတဲ့နေရာမှာ မလှူတတ် လို့ဆိုတာတွေ့ရတယ်။ ဗုဒ္ဓဘာသာတွေကတောင် ပေါ်မှာ ငွေကုန်လူပန်းခံပြီး ဆင်းတုစေတီ အဆူ တစ်ထောင်တည်တယ်။ တစ်ဆူငါးသိန်းဆိုတော့ စုစုပေါင်းတစ်ထောင်ဆိုရင် သိန်းပေါင်း ငါးထောင် ကုန်တယ်။

ဒါပေမယ့် အဲဒီရုပ်ပွားစေတီတွေကြည့်ပြီးဘယ် ဘာသာခြားမှ ဗုဒ္ဓဘာသာဖြစ်လာတယ်ဆိုတာ မကြားဖူးဘူး။ ဒီအချိန်မှာ ဘာသာခြားတွေက တောင်အောက်က အိမ်ခြေတစ်ရာကျော်လေးရှိ တာကို တစ်အိမ်တစ်သိန်းလောက်ပဲထောက်ပံ့တာ ပါ။ ဒီတော့ သူတို့ကုန်တာ သိန်းပေါင်းတစ်ရာ ကျော်ပဲရှိတယ်။ သူတို့ သိန်းပေါင်းတစ်ရာကျော် အလှူက ဗုဒ္ဓဘာသာဝင် တစ်ထောင်ကျော် လောက်ကို သူတို့ဘာသာထဲရောက်အောင် ဆွဲ ဆောင်နိုင်ခဲ့တယ်။ ဒါမျိုးကို ဗုဒ္ဓဘာသာဝင်တွေ က အတုခိုးသင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဒုက္ခရောက်နေသူတွေကို ထောက်ပံ့တာမျိုးကျတော့ ကုသိုလ်လည်းရတယ်၊ အကျိုးလည်းရှိတယ်။ ပြင်ဦးလွင်၊ စိုးစံဘော်ဒါကျောင်းပိုင်ရှင်ဒကာကြီးက ပြင်ဦးလွင်မြို့နယ် ဆေးရုံအတွက် ဘဏ်မှာသိန်းတစ်ထောင်အပ်ပြီးတော့ လှူထားတယ်။ ဘဏ်တိုးနဲ့နွမ်းပါးသူတွေကို ဆေးကုပေးဖို့ပေါ့။ အဲဒီအလှူမျိုးကျတော့ ကုသိုလ်လည်းရ– လောကအတွက်လည်း အကျိုးရှိ နှစ်ဖက်ရပေါ့။ "မြန်မာတွေဟာ ကိုယ့်ချွေးနည်းစာကို လှူတော့မယ်ဆိုတာနဲ့ ကုသိုလ်လည်းရ၊ လောကအတွက် အကျိုးလည်းရှိတဲ့နေရာကို သေသေချာချာ ရွေးချယ်ပြီး လှူသင့်တယ်"။

ငါ့ရဲ့ဘဝတစ်လျှောက် အတွေ့အကြုံအရ ဆိုရင် ကမ္ပည်းထိုးလို့ရတဲ့ ဒါနအများစုဟာ ကုသိုလ်သာရပြီး၊ လောကအတွက် အကျိုးမရှိတာများတယ်။ ကမ္ပည်းထိုးလို့မရတဲ့ဒါနမှန်သမျှကတော့ ကုသိုလ်လည်း ရတယ်။ လောကအတွက် အကျိုးလည်းရှိတယ်။

ဥပမာ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်က စာသင်သားကိုယ်တော်လေးတွေ သူတို့ တကယ်လိုအပ်တာလေးတွေကို ငါ့ဆီဖုန်းဆက်တယ်။ စာရေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တချို့ကိုယ်တော်လေးတွေမှာ စာချတန်း ဆိုင်ရာစာအုပ်မဝယ်နိုင်ဘူး။ အဲဒါဝယ်လှူပေး လိုက်တယ်။ ကိုယ်တော်လေးတစ်ပါးကတော့ သေတ္တာက သံချေးတက်ပြီးမကောင်းတော့တာ သူက သေတ္တာအလှူခံရမှာအားနာတော့ လက် ဆွဲအိတ်လောက်ပဲ အလှူခံတယ်။ ငါရဲ့ညီကို သေ သေချာချာ သွားကြည့်နိုင်းပြီး တကယ်လိုနေတဲ့ သေတ္တာကို လှူခဲ့တယ်။

တစ်ခါကလည်း သူတို့တိုက်က စာချဆရာ တော်တစ်ပါး ကျောက်ကပ်ရောဂါဖြစ်ပြီး ဆေးရုံ တက်ရတယ်။ စာချဘုန်းကြီးဆိုတော့ ဘယ်မှာ ပြည့်ပြည့်စုံစုံရှိမှာလဲ။ အဲဒါတပည့်ဖြစ်တဲ့ စာသင် သားတစ်ပါးက တို့ဆီဖုန်းဆက်လို့ ဆေးရုံအထိ လိုက်ပြီး သုံးသိန်းလှူပေးလိုက်တယ်။ ၂၀၀၄ ခုနှစ် က ငါ ကျော့သောင်းမှာ ပထမဝါဆိုတယ်။ အဲဒီ နှစ်မှာ ကမ္ဘည်းထိုးလို့မရတဲ့ အလှူတစ်ခုလှူခဲ့ တယ်။

ဒီအချိန်က မေတ္တာရှင်ရွှေပြည်သာဆရာတော် ဆိုတာကို ရွှေပြည်သာရယ်၊ မြိတ်ရယ်၊ ကျော့ သောင်းရယ် ဒီသုံးမြို့လောက်ပဲ သိသေးတယ်။ ကျန်တဲ့မြို့ရွာတွေက မသိကြသေးဘူး။ စာပေ



www.burmeseclassic.com

www.burmeseclassic.com



သမား အများစုကတော့ သိနေပါပြီ။ တို့တည် ထောင်တဲ့ ကျောင်းမှန်သမျှ ဆင်းဆင်းရဲရဲ မြေ ကြီးကစပြီး တည်ထောင်ခဲ့ရတာချည်းပဲ။ ကော့ သောင်းမှာလှူတဲ့မြေကစိုက်လို့ပျိုးလို့မရတဲ့ တောင် ကုန်းတစ်ခုပဲ။ ၃၅ ပေ–ပေ ၇၀ ကျောင်းတစ် ဆောင်ဆောက်လောက်အောင် မြေပြန့်ကိုမပါဘူး။ ဘာတတ်နိုင်မှာလဲ လှူတာကိုလက်ခံပြီး ဖြစ် အောင် လုပ်ရတာပဲ။

ဒီကျောင်းတစ်ဆောင်စာ ဆောက်လို့ရအောင် မြေထိုးစက်ငှားပြီး ကျောင်းတစ်နေရာစာရအောင် မြေကိုအရင်ညှိရတယ်။ အဲဒီတုန်းက စုပေါင်းလှူ ထားတဲ့ ငွေသိန်းလေးဆယ်နဲ့ သွပ်မိုးထရံကာ ကျောင်းတစ်ကျောင်းကို ဒကာတွေ ဝိုင်းဆောက် လိုက်တာ အမိုးနဲ့အကာကတော့ ပြီးတယ်။ ပျဉ် ခင်းတဲ့နေရာမှာ ငွေကပြတ်သွားတော့ ပေ ၇၀မှာ ပေ ၂၀ပဲ ခင်းနိုင်တယ်။ ကျန်တဲ့ပေ ၅၀ ကတော့ ဒီအတိုင်းပဲထားရတယ်။ ဥပုသ်သည်တွေ၊ တရား နာ ပရိသတ်တွေအတွက် မြေကြီးမှာဖျာကြမ်းပဲ ခင်းပေးထားတယ်။

တည်ထောင်ခါစ ရိပ်သာကျောင်းဆိုတော့ အလှူရှင်အား လိုအပ်သလို၊ ဝေယျာဝစ္စအား



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုအပ်တယ်။ ကျောင်းစတည်ကတည်းက အခုအချိန်အထိအောင် သူများမလုပ်ချင်တဲ့ဝေယျာဝစ္စတွေကို လာလုပ်ပေးတဲ့ဒကာမကြီးတစ်ယောက်ရှိတယ်။ သူက ကလေးငါးယောက်ကို ကုန်စိမ်းရောင်းကျွေးနေတဲ့ မုဆိုးမတစ်ယောက်ပါ။ ချက်ရေးပြုတ်ရေးမှာ လိုရင်ဝင်ချက်ပြုတ်ပေးသလိုပန်း ကန်ဆေးသူမရှိရင်လည်း သူပဲဆေးတယ်။ ငါ သဘောအကျဆုံးကတော့ ယောဂီတွေတက်တဲ့ အိမ်သာတွေကို ဥပုသ်နေ့တိုင်း ဘယ်သူမှ မခိုင်းရဘဲ ဆေးကြောပေးလေ့ရှိတာပဲ။

တချို့သောဆရာတော်တွေက ဝေယျာဝစ္စလုပ်ပေးတဲ့ ကာယကံအားအလှူရှင်တွေကို ဓနအားအလှူရှင်တွေလောက်အရေးမစိုက်ကြဘူး။ အမှန်က ဝေယျာဝစ္စလာလုပ်တယ်ဆိုတာ သူတစ်နေ့တာလုပ်ခရမယ့်ငွေကို လှူတာနဲ့အတူတူပါပဲ။ ဒီဒကာမကြီးဆိုရင် တရားစခန်းခုနစ်ရက် ဝေယျာဝစ္စလာလုပ်ရင် ဒီခုနစ်ရက်အတွင်း သူဈေးရောင်းလို့ရမယ့် ငွေမရတော့ဘူး။ တစ်ရက်ဈေးရောင်းလို့အမြတ်ငွေ ငါးထောင်ရမယ်ဆိုရင် ခုနစ်ရက်မရောင်းရတော့ အမြတ်ငွေ၃၅၀၀၀ သူ မရတော့ဘူး။

www.burmeseclassic.com



ဒီတော့ အပေါ်ယံအမြင်အရ သူဟာ ကာယအားလုံ့တာပေါ့။ သေသေချာချာတွက်ကြည့်ရင်တော့ သူရရှိမယ့်အမြတ်ငွေ ၃၅၀၀ဝိလှုလိုက်တာပါပဲ။ ဒါ့ကြောင့် ကာယအားလှုတဲ့နွမ်းပါးသူတွေကိုလည်း ဆရာတော်များက ကိုယ်၏စောင်မခြင်း၊ နှုတ်၏စောင်မခြင်း ပြုသင့်ပါတယ်။ ငါကတော့ ဝေယျာဝစ္စသမားတွေ အားတက်အောင် ဗုဒ္ဓလက်ထက်က ပါယာသိမြို့စားကြီးနဲ့ ဥတ္တရလုလင်အကြောင်းပြောပြလေ့ရှိတယ်''

သန်း ''ဩော်-မှတ်မိပြီဆရာတော်။ အရှုံးမရှိသော ဒဿနစာအုပ်ထဲမှာရေးခဲ့တဲ့ တမလွန်ဘဝတို့၊ နတ်ဘုံတို့၊ ငရဲဘုံတို့ကို လက်မခံတဲ့မြို့စားကြီး မဟုတ်လားဘုရား''

နုပ် ''အေး ဟုတ်တယ်။ နောက်တော့ အရှင်ကုမာရကဿပရဲ့တရားကိုနာကြားရပြီး မိစ္ဆာဒိဋ္ဌိဘဝက လွတ်သွားတယ်။ အဲဒီတော့မှ ဒါနကုသိုလ်ကိုပြုန်ပြုတယ်။ အရပ်လေးမျက်နှာမှာ မဏ္ဍပ်ကြီးလေးခု ဆောက်ပြီးအဝတ်အထည်တွေ၊ အစားအသောက်တွေလှုတယ်။ ဒါပေမယ့် သူကိုယ်တိုင်မလှုဘူး။ ဥတ္တရဆိုတဲ့လုလင်လေးကို ဦးစီးပြီး လှုခိုင်းတယ်။ ဝေယျာဝစ္စလုပ်ရတဲ့ဥတ္တရလုလင်ဟာ ကိုယ်စွဲသည်း



www.burmeseclassic.com

www.burmeseclassic.com



လိုသဘောထားပြီး မကုန်သင့်တာ မကုန်အောင်၊ လှူဘွယ်ဝတ္ထုပိုကောင်းအောင် ကိုယ်တိုင်ကိုယ်ကျ လှူပေးတယ်။

သူကတစ်ဆင့်ပြန်ခိုင်းရင်ရတာပဲ။ မခိုင်းဘဲနဲ့ ကိုယ်တိုင်လုပ်တယ်ဆိုတာ သူ့စေတနာပဲ။ သူတို့ နှစ်ဦး သက်တမ်းကုန်လို့သေတဲ့အခါ အလှူရှင် ပါယာသိမြို့စားကြီးက လူ့သက်နဲ့ဆိုရင် အနှစ်ကိုး သန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံပဲ ရောက်တယ်။ ဝေယျာဝစ္စကုသိုလ်ယူတဲ့ ဥတ္တရ လုလင်ကတော့ လူ့သက်နဲ့ဆိုရင် နှစ်ပေါင်း သုံး ကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တဲ့ တာ ဝတိံသာနတ်ဘုံကို ရောက်သွားတယ်။

ဝေယျာဝစ္စသမားက ဘာကြောင့်အလှူရှင် ထက် ပိုပြီးအဆင့်မြင့်တဲ့ချမ်းသာကို ရရတာလဲ ဆိုတော့ ဥတ္တရလုလင်က လှူဒါန်းတဲ့အခါမှာ–

၁၊ အရိုအသေပြုပြီး လှူဒါန်းတယ်။

၂၊ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းတယ်။

၃၊ အလေးအမြတ်ပြုပြီး လှူဒါန်းတယ်။

၄၊ ပစ်ပစ်ခါခါ မပြုမူ၍ စိတ်ပါလက်ပါ ဝမ်းပန်းတသာလှူဒါန်းတယ်။

ဒီအချက်လေးချက်ကြောင့်ပဲ။ ပါယာသိမြို့စား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကတော့ အလှူရှင်ဖြစ်ပါလျက်နဲ့
၁၊ အရှိအသေပြုပြီး လှူဒါန်းခြင်းမရှိဘူး။
၂၊ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းခြင်းမရှိဘူး။
၃၊ အလေးအမြတ်ပြုပြီး လှူဒါန်းခြင်းမရှိဘူး။
၄၊ ပစ်ပစ်ခါခါပြုပြီး စိတ်မပါတပါ ဝတ်ကြေတန်းကြေ လှူဒါန်းတယ်။

ဒီအချက်လေးချက်ကြောင့် အနိမ့်ဆုံးနတ်ပြည်ကိုရောက်ခဲ့တာပဲ။

ဒီလိုအချက်လေးတွေပြောပြတော့ ဝေယျာဝစ္စသမားတွေဟာ အားကြီးမာန်တက်လုပ်ကြတာပေါ့။ ဒါဟာ နှုတ်ရဲ့စောင်မမှုပါပဲ။ စောစောကဒကာမကြီးဟာ ကျောင်းကိုသာ အလုပ်ရှိတိုင်းဝေယျာဝစ္စလာလုပ်နေတာ သူတို့မှာကိုယ်ပိုင်အိမ်နဲ့ခြံမရှိဘူး။ အိမ်ငှားနေရတယ်။ တစ်ခါကဆို မိုးတွင်းကြီးမှာ အိမ်ရှင်က သူတို့ငှားနေတဲ့အိမ်ကိုရောင်းပစ်လိုက်လို့ ချက်ချင်း ဆင်းပေးရတယ်။ အသိအိမ်မှာ ခဏနေပြီး အိမ်လိုက်ရှာရတယ်။

ဒီအကြောင်းကိုလည်း သိရရော ငါလေ ဒီဒကာမကြီးတို့ မိသားစုခြောက်ယောက်ကို အိမ်နဲ့ခြံဝယ်လှူချင်တဲ့သဒ္ဓါတတ်တွေ တအားဖြစ်တယ်။ ဒီအချိန်မှာ ဘာသာခြားသာသနာပြုတွေကကော့

www.burmeseclassic.com



သောင်းနယ်ကို အစုလိုက်အပြုံလိုက် ဆင်းပြီး သာသနာပြုကြတယ်။ သူတို့က ဆင်းရဲသားတွေ တကယ်လိုအပ်တဲ့ စားရေး၊ ဝတ်ရေး၊ နေရေး အကုန် ကူညီတာဆိုတော့ ဗုဒ္ဓဘာသာဝင်အတော် များများ ဘာသာခြားထဲရောက်သွားကြတယ်။ ဒီဒကာမကြီးနေတဲ့ ၇ မိုင်ရွာထဲကိုလည်း အဲဒီ သာသနာပြုအဖွဲ့တွေရောက်နေပြီဆိုတာ ငါကြား ရတယ်။

အကယ်၍ ဘာသာခြားသာသနာပြုအဖွဲ့တွေ ကသာ သူတို့မိသားစုကို လိုအပ်နေတဲ့ အိမ်နဲ့ခြံကို ဝယ်ပေးလိုက်ရင် သူတို့မိသားစုခြောက်ယောက် လုံး ဘာသာခြားထဲ မဝင်ချင်လည်း ဝင်ရမှာပဲ။ ၂၀၀၄ ခုနှစ်ဝန်းကျင်က ငါ့မှာလည်း ဆင်းရဲတုန်း အချိန်ပါ။ စာအုပ်တစ်အုပ်ထုတ်နိုင်ဖို့အတွက် ငွေ ကို တစ်နှစ်လောက်စုရတယ်။ အဲဒီတုန်းက စာ အုပ်ထုတ်ဖို့ စုထားတဲ့ငွေလေးသိန်းခွဲနဲ့ ၇ မိုင်ထဲ မှာ အိမ်နဲ့ခြံဝယ်ပေးလိုက်တယ်။

ခုချိန်လောက်ဆိုရင် အဲဒီအိမ်နဲ့ခြံဟာ သိန်း ၇၀လောက်တော့ တန်နေမှာပေါ့။ ဘာပဲပြောပြော လူသားခြောက်ယောက်ကိုယ်ပိုင်အိမ်လေးနဲ့သက်ဆုံး တိုင် နေနိုင်သွားတာကို တွေးမိတိုင်း ငါဟာအား



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ်။

"သူတစ်ပါးကို စိတ်ချမ်းသာအောင်လုပ်ပေးရတာလောက် ပီတိဖြစ်ရတဲ့အရသာမျိုး ဘယ်မှာမှ ရှိမယ်မထင်ဘူး။ ယူရတဲ့အရသာထက် ပေးရတဲ့အရသာက ပိုကောင်းတယ်ဆိုတာကို ပေးနေကျလူမှသိတယ်။ ယူနေကျလူတွေ မသိနိုင်ဘူး။ လူတစ်ရာမှာ တစ်ယောက်လောက်ပဲ ချမ်းသာတယ်။ ကျန်တဲ့ ၉၉ ယောက်က ဆင်းရဲတယ်။ ဘာ့ကြောင့်လူချမ်းသာက တအားနည်းပြီး၊ လူဆင်းရဲက တအားများရသလဲဆိုရင်၊ လူတစ်ရာမှာ တစ်ယောက်ပဲ ပေးရတဲ့ဘဝကိုပျော်ပြီး ကျန် ၉၉ ယောက်က ယူရတဲ့ဘဝကိုပျော်ကြတာကိုး"

ဒီအတွေးအမြင်ကို တို့ဘဝနဲ့ရင်းပြီးရခဲ့တာပါ။ အဲဒီအချိန်ကဖြစ်ရပ်ကိုပဲကြည့်လေ။ တို့ဟာ အတိတ်ဘဝက ဒါနကုသိုလ် မရှိခဲ့ဘူး။ ဒါ့ကြောင့်လည်း ဆင်းရဲတဲ့မိဘဝမ်းထဲရောက်ခဲ့တာပေါ့။ ဓမ္မပဒ၊ သုမနသုတ္တန်မှာရဟန်းနှစ်ပါးအကြောင်း ဗုဒ္ဓဟောထားတာရှိတယ်။ ရဟန်းနှစ်ပါးရှိတယ်။ တစ်ပါးက ဒါနပြုတယ်။ တစ်ပါးက မပြုဘူး။ သူတို့နှစ်ပါး ပျံတော်မူတော့ နတ်ပြည်ကိုရောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်ရောက်တော့ ဒါနပြုခဲ့တဲ့နတ်က မပြုတဲ့နတ်ထက် အသက်ပိုရှည်တယ်။ အဆင်း ပိုလှတယ်။ အခြံအရံ ပိုများတယ်။ တစ်ခါ နတ်ပြည်က စုတေတော့ ဒါနပြုတဲ့ရဟန်းက ဘုရင့်သားတော် သွားဖြစ်တယ်။ ဒါနမပြုတဲ့ရဟန်းက အထိန်းတော် သားသွားဖြစ်တယ်။ နောက်သူတို့နှစ်ပါး ရဟန်းပြုကြတော့လည်း ဒါနပြုခဲ့တဲ့ရဟန်းက ပစ္စည်းလေးပါးပေါ်များတယ်။ ဒါနမပြုခဲ့တဲ့ရဟန်းပစ္စည်းလေးပါး ရှားပါးတယ်''

သန်း ''သံသရာတစ်လျှောက်လုံး ဒါနပြုတဲ့ရဟန်းက ဘယ်ဘဝရောက်ရောက် ဒါနမပြုတဲ့ရဟန်းထက် အစစအရာရာသာတာပဲဘုရား–ဒါဆို သူတို့က ဘယ်နေရာကျမှတူသွားသလဲဘုရား''

နုပ် ''ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရောက်မှပဲ တူသွားတယ်ကွ။ တို့လည်း ဒါနမရှိခဲ့တော့ အစစအရာရာမှာ အောက်ကျတယ်။ ဒီလောက်ဖြစ်ထွန်းအောင်မြင်လာတယ်ဆိုတာ စာပေအလုပ်နဲ့တရားအလုပ်ကို မနားတမ်းကြိုးစားတာရယ်၊ အခုပစ္စက္ခမှာ ဒါနပြုတာရယ် ဒီအကြောင်းနှစ်ပါးကြောင့် မသေရုံ ဘုန်းကံလေးရှိလာတာ။

ဒါနမရှိခဲ့တော့ ကြဲဖန်ဆင်းရဲရပုံ လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ခုလောက်ပြောပြမယ်။ ငါ့ရဲ့မကောင်းကြောင်းတွေပေါ့ကွာ။ ငါက အခြေခံစာတွေကို မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောင်းသစ်ကျောင်းစာသင်တိုက်မှာ သင်ရတာ အကြီးတန်းဖြေပြီးမှ မန္တလေး မစိုးရိမ်တိုက်သစ်ကိုရောက်တာ၊ တို့ ၁၉ နှစ်မပြည့်ခင် အချိန်ကတည်းက မန္တလေးက ဥပဇ္ဈယ်ဆရာတော်က ရဟန်းဒကာကြိုရှာထားတယ်။

မန္တလေးမြို့က ကားတာယာကွန်ပေါင်းလုပ်တဲ့ ဦးညဏ်တင်ဆိုတဲ့ဒကာကြီးတို့မိသားစုပဲ။ ဒကာမကြီးနာမည်တော့ မေ့သွားပြီ။ သူတို့ဟာ သဒ္ဒါရော၊ ပစ္စည်းရောနှစ်မျိုးလုံးရှိကြပါတယ်။ တောင်သာမြို့ပေါ်ကပစ္စည်းရှိတဲ့ဆွမ်းဒကာမကြီးတစ်ဦးကလည်း တို့ကို ရဟန်းခံပေးချင်လို့မေးတယ်။ မန္တလေးက ဒကာပေါ်နေပြီလို့ပြောလိုက်ရတော့တာပေါ့။

အဲဒါ တို့ရဟန်းခံဖို့ တစ်လလောက်အလိုမှာ ဦးညဏ်တင်တို့အိမ်ကြီး အဖျက်ခံရတယ်"

သန်း "ဘယ်လိုဖြစ်လို့လဲဘုရား"

နုပ် "ရန်ကုန်မန္တလေး ကားလမ်းမကြီးအကျယ်ချဲ့တဲ့ထဲမှာ ပါသွားတာ။ သူတို့အများကြီးဒုက္ခရောက်သွားတာပေါ့။ ဒါ့ကြောင့် တို့ကို ရဟန်းခံဖို့စိတ်အ



www.burmeseclassic.com

www.burmeseclassic.com



စဉ် ပျက်သွားတယ်''

သန်း ''ဟင် ဆရာတော့်ဟာ ဒုက္ခပါလား။ ဒါဆို တောင်သာက ဒကာမကြီးကို ပြန်မပြောဘူးလားဘုရား''

နုပ် ''ဘယ်ပြန်ပြောရဲတော့မှာလဲ။ မန္တလေးမှာ ဒကာပေါ်ပြီးသားလို့ပြောထားတဲ့ဟာကို။ အဲဒီမှာတင် ဉပဇ္ဈယ်ဆရာတော်ရဲ့တူနှစ်ယောက်က အရေးပေါ် ရဟန်းတစ်ခါ လုပ်လိုက်ရတယ်''

သန်း ''ရဟန်းဒကာ မဟုတ်ဘူးလားဘုရား''

နုပ် ''မဟုတ်ဘူး–ရဟန်းတစ်ခါပဲ။ တို့စာသင်တိုက်နေတဲ့တစ်လျှောက်လည်း မထောက်ပံ့နိုင်ကြဘူး။ တူအကြီးတစ်ယောက်ကတော့ ဆေးထုတ်လေးတစ်ထုပ်ပို့ဖူးတာ မှတ်မိတယ်။ သူတို့မှာဥစ္စာမပြည့်စုံလို့ပဲဖြစ်မှာပေါ့လေ။ ဒါ့ကြောင့် တို့မစိုးရိမ်တိုက်သစ်မှာ လေးနှစ်စာသင်ခဲ့စဉ်က မိဘနှစ်ပါးဝယ်လှူတဲ့ တရုတ်တက်ထရွှန်သက်န်းလေးတစ်စုံနဲ့ပဲဖြစ်အောင်နေခဲ့ရတယ်။

အရင်းစစ်တော့ အမြစ်မြေကဆိုတဲ့စကားအတိုင်း နောက်ဆုံးတော့ ငါ့ရဲ့အတိတ်က ဒါနမရှိခဲ့မှုကြောင့် အခုလိုဖြစ်ခဲ့ရတာပဲ။

''<u>သဘောထားသေးသိမ်တဲ့သူဟာ သူတစ်ပါးအပြစ်ကိုပဲမြင်လေ့ရှိတယ်။ သဘောထားကြီး</u>



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူကတော့ ကိုယ့်ကိုယ်ကိုပဲအပြစ်မြင်တယ်။ သဘောထားအပြည့်ဝဆုံးလူကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူး''-ဆိုတဲ့ဒဿနအတိုင်း ကိုယ့်အပြစ်ကိုရှာပြီးပြုပြင်တာက ကုသိုလ်လည်းရတယ်။ ဘဝသံသရာမှာ တိုးတက်မှုလည်းဖြစ်တယ်။ သူများ အပြစ်ရှာတာကတော့ အကုသိုလ် ဖြစ်တာပဲ အဖတ်တင်တယ်။ ဘာတိုးတက်မှုမှလည်း မရနိုင်ဘူး။

ဆရာတော်ဦးဆောကိန္ဒတို့ကျတော့ ကြည့်စမ်း။ အတိတ်ကဒါနအားသိပ်ကောင်းခဲ့တော့ ရောမသုံးထပ်ကျောင်းကြီးနှစ်ကျောင်းဟာ တစ်နှစ်၊ နှစ်နှစ်အတွင်း တစ်ကျောင်းကို ဒကာတစ်ဦးတည်းနဲ့အပြီး ဆောက်သွားတာ၊ အခုပစ္စုပ္ပာန်မှာလည်း ဒါနအားကသိပ်ကောင်းတာကိုး။ ဒါကြောင့် ကြည့်ပါလား ဩစတေးလျမှာ၊ ကိုရီးယားမှာ၊ ပြင်ဦးလွင်မှာ၊ ကျိုက်ထိုမှာ၊ မော်ဘီမှာ ကျောင်းခွဲတွေဟာခဏလေးနဲ့ဖြစ်သွားတာ။ နောက်လည်း ဒီထက်ဘုန်းကြီးဦးမှာ သေချာတယ်။

တို့များမှာတော့ မော်ဘီမှာ သုံးထပ်ကျောင်းဆောက်တာ နှစ်နှစ်ကျော်သွားပြီ။ ခုမှ တစ်ထပ်ပဲပြီးသေးတယ်။ ပြီးတော့ ငါက ဒါနမပြုခဲ့ဖူးသာ



www.burmeseclassic.com

www.burmeseclassic.com



မကာဘူး။ သူတစ်ပါးရမယ့်လာဘ်လာဘကိုလည်း နှောက်ယှက်ဖျက်ဆီးခဲ့ပုံရတယ်။ မှော်ဘီဖန်ခါး ကုန်းတောမှာ ငါနေမယ့် သစ်သားကျောင်းလေး ဆောက်တော့မယ်ဆိုတော့ ပစ္စည်းသိပ်မရှိပေမယ့် သဒ္ဓါတရားရှိတဲ့ လင်မယားနှစ်ယောက်က သူတို့ လှူပါရစေလို့ လျှောက်တယ်။

ဒါပေမယ့် သူတို့မှာငွေက တစ်စုတစ်ပုံတည်း မရှိဘူး။ တက္ကစီကား သုံးစီးထောင်ထားတယ်။ အဲဒီက ရတဲ့ငွေနဲ့လှူမှာ။ တစ်လကို သုံးသိန်းလှူ မယ်။ ကျောင်းတစ်လုံးစာပြည့်တဲ့အထိပေါ့။ ဒါနဲ့ တို့လည်း ဝမ်းသာသွားတယ်။ ငါ့ဘုန်းကံလေး တော့ တက်လာပြီဆိုပြီး အားတက်သွားတာပေါ့။ ဒါနဲ့ပဲအလှူ့ဒကာရှိတယ်ဆိုတော့ ရသမျှ ဓမ္မပူဇာ ငွေလေးနဲ့ဆောက်တော့တာပေါ့။

စကြံပတ်လမ်းပါတဲ့ ပေသုံးဆယ်ပတ်လည် ကျောင်းဆိုတော့ သိန်းသုံးရာဝန်းကျင်လောက် ကုန်တယ်။ ဆောက်နေဆဲအချိန်မှာလည်း ငွေ သိန်းသုံးရာကို တစ်ခါတည်းပုံလှူနိုင်တဲ့သူဌေး သုံး လေးငါးဦးကလည်း ဆရာတော်သီတင်းသုံးမယ့်စံ ကျောင်းဆိုရင် သူတို့လှူချင်တဲ့အကြောင်းလာ လာလျှောက်ကြတယ်။ ရှေ့ကဒကာကလျှောက်ပြီး

www.burmeseclassic.com



သားဆိုတော့ အလှူရှင်ပေါ်ပြီးသားလို့ပဲ ပြောရတာပေါ့။

ငါ့ကုသိုလ်က ဘယ်လောက်နည်းသလဲဆိုရင် အလှူရှင်လင်မယားရဲ့ကားတွေဟာ အဆင်မပြေတော့ဘူး။ ပျက်လို့ပြင်ရတာတွေကများလာတော့ လေးလလောက်လှူပြီး ဆက်မလှူနိုင်တော့ဘူး။ လှူနိုင်မယ့်သူဌေးဒကာတွေကျတော့လည်း အလှူရှင်ပေါ်ပြီးသားလို့ပြောထားတော့ ထပ်မပြောချင်တော့ဘူး။ နာမည်ကြီး ထမင်းငတ်ဆိုတဲ့ စကားပုံဟာ ငါ့အတွက်ထားခဲ့တာလို့ထင်တယ်။

ငါ့မှာ မေတ္တာရှင်ရွှေပြည်သာဆရာတော်ရယ်လို့သာ နာမည်ကြီးနေတာ၊ ကိုယ်နေမယ့် သိန်းနှစ်ရာကျော်တန်တဲ့ကျောင်းလေးတောင် တစ်ပြည်လုံးက လှူတဲ့မွေ့ပူဇာငွေနဲ့ဆောက်ရတာပါ။ ဖွတ်မရ ဓါးမဆုံးဆိုတဲ့စကားပုံလေးကို မင်းကြားဖူးတယ် မဟုတ်လား''

သန်း ''စကားပုံတော့ ကြားဖူးတယ်ဘုရား။ ဒါပေမယ့် စကားပုံဖြစ်ပေါ်လာရတဲ့အကြောင်းဝတ္ထုကိုတော့ မကြားဖူးဘူးဘုရား''

နုပ် ''ဒီလိုကွ လူတစ်ယောက်ဟာ တော်တော်ကိုဆင်းရဲတယ်။ သူများအိမ်မှာကပ်နေရတယ်။ သူ့ပိုင်

www.burmeseclassic.com



ပစ္စည်းဆိုလို့လည်း ခါးကနှစ်နံ့စပ်ပုဆိုးတစ်ထည်နဲ့ ဓါးမတိုတစ်ချောင်းပဲရှိတယ်။ သူဟာ ထင်းခွေပြီးတော့ ဝမ်းစာရှာရတာပေါ့။

တစ်ရက်တော့ ရွာထိပ်ဇရပ်မှာ ဗေဒင်ဆရာတစ်ယောက်နဲ့တွေ့လို့ ထင်းရောင်းလို့ရတဲ့ငွေလေးနဲ့ ဗေဒင်မေးတယ်။ ဗေဒင်ဆရာက ဘာသိချင်တာလဲဆိုတော့ သူဘယ်တော့ ချမ်းသာမလဲဆိုတာ သိချင်တယ်လို့ပြောလိုက်တယ်။ ဗေဒင်ဆရာက တွက်ချက်ပြီးတဲ့အခါ ဒီထက်ဆင်းရဲဦးမယ်လို့ ဟောလိုက်သတဲ့။ သူတော်တော်စိတ်ပျက်သွားတယ်။ သူပိုင်တာမှ ပုဆိုးတစ်ထည်နဲ့ဓါးမတိုတစ်ချောင်းရှိတာ ဒီ့ထက်ဘယ်လိုလုပ်ပြီးတော့ ဆင်းရဲဦးမှာလဲဆိုတာ မတွေးတတ်အောင်ဖြစ်နေတယ်။

အဖြေက နောက်ရက် ထင်းခုတ်သွားတဲ့အခါမှ သိရတယ်။ သူထင်းခုတ်ဖို့ တောထဲရောက်တဲ့အခါ ဖွတ်တစ်ကောင် တွင်းထဲဝင်ပြေးသွားတာကို သူတွေ့လိုက်ရတယ်။ ဖွတ်ကိုသတ်ပြီး ရောင်းရရင် ငွေမနည်းရမယ်လို့တွက်ပြီး ပထမဆုံး ဖွတ်ထွက်ပြေးမယ့် ဂယ်ပေါက်ကိုလိုက်ရှာပြီး ပိတ်လိုက်တယ်။ ဘာနဲ့ပိတ်သလဲဆိုတော့ သူခါးက ပုဆိုးကိုချွတ်ပြီး အပေါက်မှာထိုးပိတ်လိုက်တာ။

www.burmeseclassic.com



တောထဲမှာ သူတစ်ယောက်တည်းဆိုတော့ ဘယ်သူ့မှလည်း ရက်စရာမလိုဘူးလေ။ အောက်ခံဘောင်းဘီတိုတောင်မပါတော့ သူ့မှာ မိမွေးတိုင်း ဘမွေးတိုင်းဖြစ်သွားတာပေါ့။ ဒါကို သူဂရုမစိုက်နိုင်ဘူး။ သူဂရုစိုက်တာက ဖွတ်ကိုဖမ်းမိဖို့ပဲ။ ပြီးတာနဲ့ ဖွတ်ဝင်သွားတဲ့အပေါက်ကနေ ဓါးမတိုနဲ့မြေကိုတူးတော့တာပဲ။

ကျင်းတစ်ဝက်လောက်ထိ တူးမိတဲ့အခါ လွတ်လမ်းမမြင်တဲ့ဖွတ်ဟာ ဘုရင့်နောင်ထုံး နှလုံးမူပြီး ဂယ်ပေါက်ကိုပိတ်ထားတဲ့ ပုဆိုးကို တအားကုန်တိုးထွက်လိုက်တာ ပွင့်သွားပြီး ပုဆိုးဟာ ဖွတ်ခေါင်းနဲ့ငြိပြီးပါသွားတယ်။ ဒါကိုမြင်လိုက်ရတဲ့ လူဆင်းရဲဟာ လက်ထဲကဓါးနဲ့ဖွတ်ကို အားကုန်လှမ်းပေါက်လိုက်တယ်။ ဒီအချိန်မှာ ဖွတ်ရောပုဆိုးရော အနားမှာရှိတဲ့ချောင်းကြီးထဲကို ကျသွားပြီး ရေနဲ့မျောပါသွားတယ်။ သူ့ဓါးလည်း ချောင်းထဲကျသွားတာ ပြန်ရှာလို့မရတော့ဘူး။

အဲဒီတော့မှ ဗေဒင်ဆရာဟောတာ မှန်လိုက်တာလို့ သဘောပေါက်သတဲ့။ သူချမ်းသာသမျှ ပုဆိုးနဲ့ဓါးမတိုတောင် မရှိတော့ဘူးဆိုတော့ အရင်ကထက် ပိုဆင်းရဲမယ်ဆိုတာ မှန်သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုကြည့်ပြီး ဖွတ်မရ ဓါးမဆုံးလို့ ပြောတာပေါ့။ အခု ငါ့အဖြစ်ကလည်း ဒီဆင်းရဲသားအတိုင်းပါပဲ။ ရဟန်းဖြစ်စအချိန်ကလည်း ရဟန်းဒကာနှစ်ဦးနဲ့ လွဲခဲ့ရတယ်။ အခုနာမည်ကြီးဆရာတော်ဖြစ်တာတောင် ကျောင်းဒကာလေးငါးဦးနဲ့ကြဲဖန်ပြီးလွဲရတယ်။ ရဟန်းမို့သာပေါ့ကွာ။ လူသာဆိုရင်ငါလည်း ဒီထက်ပိုပြီးဆင်းရဲဦးမှာပဲ''

သန်း ''အဲဒါဆိုရင် ဆရာတော် ဓမ္မပူဇာရသမျှတွေကို ဒကာသည်တွေမလှူဘဲနဲ့ သုံးထပ်ကျောင်းကြီး မြန်မြန်ပြီးအောင်ဆောက်ပါလားဘုရား။ ကျောင်းအုတ်နံရံလည်း ခတ်ပေါ့ဘုရား။ အခုတော့ ဆရာတော့်မှာ ရသမျှ ဒကာသည်တွေဆီရောက်တာက များလွန်းနေတယ်။ ၂၀၀၈ ခုနှစ် တစ်နှစ်ထဲမှာ ဆရာတော် ဒကာသည်တွေကိုလှူတာ စုစုပေါင်း သိန်းနှစ်ထောင်ကျော်လောက်ရှိတယ်ဆို''

နုပ် ''အေးဟုတ်တယ်။ ကိုယ့်မှာမပြည့်စုံဘူးဆိုပေမယ့် စားနိုင်သောက်နိုင်တယ်။ မိုးလုံလေလုံနေနိုင်သေးတယ်။ အဲဒီလို မနေနိုင်တဲ့လူတွေကို တွေ့ရင်မပေးဘဲ၊ မကူညီဘဲနေလို့ကိုမရဘူးကွ။ ငါ ရွှေပြည်သာကျောင်းတည်စအချိန်က ကျောင်းမှာဝင်နေတဲ့ကိုရင်လေးနှစ်ပါးရဲ့မှဆိုးမအမေကအကြောင်း

www.burmeseclassic.com



အဝယ်လုပ်ချင်လို့ ငွေချေးတယ်။ ဒီအချိန်က ငါ့ဆီက ငွေချေးပြီးမဆပ်တဲ့လူတွေ အတော်များလာတော့ မချေးတော့ဘူးဆိုပြီး ဘူးခံလိုက်တယ်။ အဲဒီဒကာမကြီးမျက်နှာမသာမယာနဲ့ ကျောင်းပေါ်က ဆင်းသွားတယ်။ ဦးနှောက်က နှလုံးသားကို အနိုင်ယူရင် ခဏပဲကွ။ နောက်ဆုံးကျရင် နှလုံးသားက ပြန်နိုင်သွားတာပဲ။ ညလည်းရောက်ရော ငါ အိပ်လို့မရတော့ဘူး"

သန်း "ဘာဖြစ်လို့လဲ ဆရာတော်"

နုပ် "အဲဒီဒကာမကြီး လိုချင်တဲ့အကူအညီကို မပေးလိုက်ရလို့ ငါစိတ်မကောင်းဖြစ်သွားတာပေါ့။ နောက်နေ့ကျတော့ မနေနိုင်တော့ဘူး။ ပြန်မရလည်းနေ ချေးလိုက်တော့မယ်ဆိုပြီး ကိုရင်လေးတွေကို လိုက်ခေါ်ခိုင်းတယ်။ ဒါပေမယ့် မမီတော့ဘူး။ အဲဒီဒကာမကြီးဟာ မွန်ပြည်နယ်ကိုပြန်သွားပြီ။ သူတို့က မွန်တွေလေ။ ဒီကိုရင်နှစ်ပါးရဲ့ အဖေက မြန်မာ၊ အမေက မွန်။ အဖေက လူမိုက်ဆိုတော့ ထောင်ထဲမှာ ဆုံးသွားတယ်။

စောစောကပြောတဲ့အမေကလည်း မွန်ပြည်နယ်ပြန်အသွားမှာ ဟိုရောက်တော့ ဆုံးရှာတယ်။ သူတို့မှာ မောင်နှမလေးယောက်ကျန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံး မိန်းကလေးကတော့ အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်နဲ့ဖြစ်နေပြီ။ ကျန်တဲ့မောင်လေး နှစ်ယောက်က တို့ဆီမှာ ကိုရင်ဝတ်တယ်။ အငယ်ဆုံး မိန်းကလေးကတော့ သူ့အစ်မအိမ်မှာနေတယ်။ နောက်တော့ ကိုရင်နှစ်ပါးလုံး လူထွက်သွားတယ်။ လုပ်ငန်းကိုင်ငန်းအဆင်မပြေဘူးလို့ သိရတယ်။

အဆိုးဆုံးက သူ့အစ်မကမွေးလာတဲ့ ကလေးတွေအရွယ်ရောက်လာတဲ့အခါ ကိုရင်လူထွက် ညီအစ်ကိုနဲ့အငယ်ဆုံးမလေးကို သူတို့အိမ်မှာနေတာ မကြိုက်ကြတော့ဘူး။ ခဏခဏ ရန်လုပ်ခံရတာပေါ့။ သူတို့အိမ်မှာကပ်နေရတာဆိုတော့ ဦးလေးတွေ အဒေါ်တွေက တူတွေ၊ တူမတွေကို ပြန်ကြောက်နေရတာပေါ့။ အဲဒါကြောင့်အဲဒီမောင်နှမသုံးယောက်အတွက် ရွှေပြည်သာ၊ သံဒင်းရပ်ကွက်မှာ အိမ်နဲ့ခြံဝယ်ပေးလိုက်တယ်။ အခုတော့ သူတို့အတော်စိတ်ချမ်းသာနေကြပြီ''

သန်း ''ကော့သောင်းကအိမ်လှူတဲ့အကြောင်းကို ပြန်ဆက်ပါဦး ဘုရား''

နုပ် ''မှဆိုးမမိသားစုကိုအိမ်လှူတဲ့ အချိန်တုန်းကကော့သောင်းက ငါနေတဲ့ကျောင်းမှာ ပေ ၅၀လောက်ပျဉ်မခင်းနိုင်သေးလို့တရားနာပရိသတ်တွေ၊ ဒကာ

www.burmeseclassic.com



သည့်တွေ မြေပြင်မှာ ဖျာခင်းပြီး တရားနာနေရတဲ့ အချိန်ပါ။ ဒါကိုထောက်ကြည့်ရင် ငါဟာ အများ ထင်သလိုရှိလို့လှူတာမဟုတ်ဘဲ၊ သိလို့လှူတာဆို တာ ထင်ရှားပါတယ်။ ဒီအချိန်မှာပဲ ကော့သောင်း မြို့ပေါ်က နာမည်ကြီးစားသောက်ဆိုင်ပိုင်ရှင် တစ်ယောက်ဟာ ကျောင်းကိုရောက်လာပြီး ငါ့ကို ကန်တော့တယ်။

သူက ငါရေးတဲ့ မြန်မာတို့၏အသက်ဆိုတဲ့စာ အုပ်ကိုဖတ်ပြီး ဘဝရော၊ စိတ်ဓာတ်ရော ပြောင်း သွားတဲ့လူကိုး။ ပေ ၇၀ လောက်ရှိတဲ့ ကျောင်းကြီး မှာ ပျဉ်ခင်းထားတာက ပေ ၂၀ တင်ဆိုတော့ သူသိပ်အံ့သြသွားတယ်။ သူကဘာလို့ဆက်မခင်း တာလဲလို့မေးတယ်။ ငါကလည်း အမှန်အတိုင်းပဲ ပြောလိုက်တယ်။ အလှူငွေမရှိတော့လို့ပါလို့။ အဲဒီ မှာတင် အဲဒီဒကာကြီးဟာ သူ့အိမ်ကို ငွေငါးသိန်း ချက်ခြင်းပြန်ယူပြီး လာလှူတယ်။ ဒါကြောင့် ကျန် တဲ့ ပေ ၅၀လည်း အပြီးခင်းနိုင်သွားတာပေါ့။

ဓမ္မပဒအဋ္ဌကထာမှာ ကုသိုလ်ပထမဇော ဒီ ဘဝမှာ ချက်ခြင်းကောင်းကျိုးပေးဖို့အတွက် အင်္ဂါ လေးချက်လိုတယ်လို့ ပြထားတယ်။ အဲဒါတွေက–

၁။ အလှူခံပုဂ္ဂိုလ်သည်–



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ
တစ်ပါးပါးဖြစ်ရမယ်။

၂။ ထိုပုဂ္ဂိုလ်တို့သည်–
နိရောဓသမာပတ်က ထလာခါစဖြစ်ရမယ်။

၃။ လှူဘွယ်ဝတ္ထုသည်–
တရားသဖြင့် ရှာထားတာဖြစ်ရမယ်။

၄။ စေတနာသုံးတန်လုံး –
ထက်သန်ကောင်းမွန်ရမယ်၊ ဆိုတာတွေပဲ။

ဒါက ယေဘုယျေန များသောအားဖြင့် ဖြစ်တတ်တာကိုပြောတာ။ အပွကာ အနည်းငယ်အားဖြင့်တော့ ဒီလေးချက်နဲ့မညီဘဲ ဒီဘဝမှာချက်ခြင်းအကျိုးပေးတာ ငါ့ဘဝမှာ သုံးကြိမ်ကြုံဖူးတယ်။

သစ်ပင်တစ်ပင် ပေါက်ရောက်ကြီးထွားဖို့အတွက် မြေရယ်၊ ရေရယ်၊ မျိုးစေ့ရယ် သုံးမျိုးလုံးကောင်းဖို့ လိုအပ်တယ်။ ထို့အတူ ဒါနတစ်ခုထက်သန်တဲ့ ကောင်းကျိုးပေးဖို့အတွက် အလှူခံရယ်၊ လှူဘွယ်ဝတ္ထုရယ်၊ စေတနာရယ် သုံးမျိုးလုံးကောင်းဖို့ လိုတယ်။ မြေ၊ ရေ၊ မျိုးစေ့ သုံးမျိုးမှာ မျိုးစေ့ဟာ အရေးအကြီးဆုံးပဲ။ မြေနဲ့ရေ ဘယ်လောက်ပင် ကောင်းကောင်း၊ မျိုးစေ့က ပိုးထိုးပြီးပျက်စီးနေမယ်ဆိုရင် အပင်မပေါက်တော့ဘူး။

www.burmeseclassic.com



မြေနဲ့ရေ သိပ်မကောင်းပေမယ့် မျိုးစေ့ကောင်း တယ်ဆိုရင် အပင်ကတော့ ပေါက်တာပဲ။ တအား မသန်တာပဲရှိချင်ရှိမယ်။ ဒီအတိုင်းပဲ အလှူခံရယ်၊ လှူဒါန်းဝတ္ထုရယ်၊ စေတနာရယ် သုံးမျိုးမှာ စေတနာဟာ အရေးအကြီးဆုံးပဲ။ အလှူခံရယ်၊ လှူဒါန်းဝတ္ထုရယ် ဘယ်လောက်ပင် ကောင်း ကောင်း စေတနာမကောင်းရင် အကျိုးပေး မကောင်းနိုင်ဘူး။ အလှူခံနဲ့လှူဒါန်းဝတ္ထုညံ့ပေ မယ့် စေတနာကောင်းရင် အကျိုးပေးကောင်း ပါတယ်။

အခုဖြစ်ရပ်မှာ အိမ်နဲ့ခြံအလှူခံတဲ့မိသားစုဟာ အညတရပုဂ္ဂိုလ်တွေပါ။ ပုဂ္ဂိုလ်ထူးတွေ မဟုတ်ပါ ဘူး။ လှူဒါန်းဝတ္ထုဖြစ်တဲ့ ငါဝယ်ပေးတဲ့ အိမ်နဲ့ ခြံဟာလည်း သာမန်လောက်ပါပဲ။ သိပ်အကောင်း ကြီးမဟုတ်ပါဘူး။ ဒါပေမယ့် ငါ့ရဲ့စေတနာအားက ကောင်းတယ်။ ငါ့ကျောင်းမှာ အခင်း မရှိတာ တောင် လစ်လျူရှုပြီးလှူခဲ့တာ။ အဲဒီလို စေတနာ ဆိုတဲ့ မျိုးစေ့ကောင်းတဲ့အတွက် အကျိုးပေးလည်း ကောင်းခဲ့တယ်။

ရိပ်သာဖွင့်ချင်တဲ့ငါ့မှာ မြေနေရာအခက်အခဲ ဖြစ်နေတာကို သိသွားတဲ့ ကော့သောင်းမြို့က



www.burmeseclassic.com

www.burmeseclassic.com



ဒကာ၊ ဒကာမတွေက စုပေါင်းလှူလိုက်ကြတာ အရင်ကျောင်းမြေနဲ့ကပ်လျက် ဆယ်ကေကျော် လောက် ထပ်ရတယ်။ အဲဒီအချိန်တုန်းက ငါက လှူတာ လေးသိန်းငါးသောင်းဖိုးလောက်ပဲရှိတယ်။ ငါ့ကိုပြန်လှူကြတာက ၄၅ သိန်းဖိုးလောက်ရှိ တယ်။ ဒါ့ကြောင့် တကယ်လိုအပ်နေသူကိုသာ စေတနာကောင်းကောင်းနဲ့လှူပါ။ အကျိုးပေး ကောင်းပါတယ်လို့ ရဲရဲကြီးပြောရဲတယ်။

စေတနာကောင်းကောင်းနဲ့ လှူပါဆိုတာ ငါ ကောင်းစားဖို့၊ နောက်တစ်ချိန် ငါချမ်းသာဖို့ဆိုတဲ့ စိတ်လုံးလုံးမပါဘဲ၊ အလှူခံလိုအပ်တဲ့အရာရပါစေ ဆိုတဲ့စေတနာသက်သက်နဲ့လှူရမယ်လို့ပြောတာ။ ကိလေသာနဲ့ခန္ဓာချုပ်တာကိုနိဗ္ဗာန်လို့ခေါ်တာ၊ ကိ လေသာနဲ့ခန္ဓာချုပ်ချင်ရင် အကြောင်းတရားဖြစ် တဲ့ကံချုပ်အောင်လုပ်ရတယ်။ ဒီလိုပြောလိုက်တော့ အကုသိုလ်ကံကတော့မလုပ်ဘဲနေလို့ချုပ်တယ်ထား ပါတော့၊ ကုသိုလ်ကံကျတော့ ဘယ်လိုချုပ်အောင် လုပ်ရမလဲလို့မေးစရာရှိတယ်။

ကုသိုလ်ကံချုပ်အောင်လုပ်တယ်ဆိုတာ ဒါန၊ သီလ၊ ဘာဝနာ ဘာကုသိုလ်မှမလုပ်နဲ့လို့ ဆိုလို တာ မဟုတ်ဘူး။ ကုသိုလ်မျိုးစုံလုပ်ရမယ်။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဘာမျှော်လင့်ချက်မှမထားရဘူးလို့ ဆိုလိုတယ်။ ဘာမျှော်လင့်ချက်မှ မထားဘဲလုပ်တဲ့ ကုသိုလ်ကံမှန်သမျှဟာ နိဗ္ဗာန်မြန်မြန်ရဖို့ အထောက်အပံ့တွေချည်းဖြစ်သွားတယ်။ နိဗ္ဗာန် မရမီစပ်ကြားမှာလည်း မျှော်လင့်ချက်ထားပြီး လုပ်တဲ့ကုသိုလ်ထက်၊ ဘာမျှော်လင့်ချက်မှ မထားဘဲ လောကကောင်းစားဖို့စိတ်နဲ့လုပ်တဲ့ကုသိုလ်က ပိုတောင် ကောင်းကျိုးပေးပါသေးတယ်။

ဘုရားအလောင်းတော်ဟာ ဒါန၊ သီလ စတဲ့ကုသိုလ်တွေကိုလေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘာကောင်းကျိုးချမ်းသာကိုမှ မမျှော်လင့်ဘဲလုပ်ခဲ့တယ်။ ဒါပေမယ့် ဘုရားဖြစ်တဲ့အခါဘယ်သူမှမမီအောင် ဘုန်းကြီးခဲ့တာပါပဲ။ လခစားအလုပ်ဝင်လုပ်ရင် လကုန်ရင် လစာရမှာပဲ။ ဆုတောင်းနေစရာမလိုဘူး။ ထို့အတူ ဒါန၊ သီလစတဲ့ကုသိုလ်ကိုလုပ်ရင် ကောင်းကျိုးသေချာပေါက်ပေးမှာပဲ။ ဆုတောင်းနေစရာ၊ မျှော်လင့်နေစရာမလိုဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး ဆရာကြီး ဦးရွှေအောင်ရဲ့ အတွေးအမြင်လေးတစ်ခုကိုပြောပြမယ်။ ကံချုပ်အောင်လုပ်နည်းလို့ ခေါင်းစဉ်လေးတပ်ထားရအောင်''



www.burmeseclassic.com

www.burmeseclassic.com



## ကံချုပ်အောင်လုပ်နည်း

ဘဝဇာတ်သိမ်းဖို့အားထုတ်ခြင်းဆိုသည်မှာ ဘဝဇာတ်ဆရာဖြစ်သောကံကို မညွှန်ကြားနိုင်အောင် အားထုတ်ခြင်းဖြစ်၏။ ဘဝပစ္စယာဇာတိအရ ဘဝဖြစ်သောကံ ရှိနေပါလျှင် သံသရာဇာတ်ဆောင်အဖြစ် သံသရာ၌ အတောမသတ်ကျင်လည်ရမည်ဖြစ်၏။ ထို့ကြောင့် ကံကို ဘဝနိရောဓါ၊ ဇာတိနိရောဓါအရ ချုပ်သွားအောင်လုပ်ရမည်ဖြစ်၏။ ကံကို ချုပ်သွားအောင်လုပ်ခြင်းဆိုသည်မှာ ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့ကို လုပ်သမျှဒုက္ခဟူသော အမြင်ဖြင့်မလုပ်ခြင်းကို ဆိုလိုသည်မဟုတ်။ အမှန်ဆိုလိုသည်ကတော့ ဒါနကံကိုလည်း စွမ်းအားရှိသလောက် လုပ်ရမည်။ သို့ရာတွင် ထိုသို့လုပ်ရာ၌ ဥပါဒါနနိရောဓါ ဘဝနိရောဓါအရ ဥပါဒါန်မပါဝင်အောင် လုပ်ရမည်။ ဥပါဒါန်မပါဝင်တော့လျှင် ကံသည်ချုပ်ပြီးသားဖြစ်၏။ ဥပါဒါန်မပါဝင်အောင် လုပ်ရာ၌ တဏှာနိရောဓါ ဥပါဒါနနိရောဓါအရ တဏှာမပါအောင်လုပ်ရ၏ဟူ၍ ဖြစ်ပါ၏။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် ဇောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဟူသမျှကို မနားမနေ လုပ်ရမည်။ ထိုသို့ လုပ်ရာတွင် ရလတ္တံ့သောအကျိုးဟူသမျှကို လုံးဝ တွယ်တာခြင်း၊ တပ်မက်ခြင်းမပြုဘဲ လုပ်ရမည်။ ထိုသို့လုပ်ခြင်းမျိုးကိုသာ ကံကိုချုပ်သွားအောင်၊ မညွှန်ကြားနိုင်အောင် လုပ်ခြင်းမည်၏။ ကံချုပ်မှ တော့ ဘဝဇာတ်သည် ချုပ်ပြီးသားဖြစ်၏။ ဘဝ ဇာတ်ချုပ်လျှင် စစ်မှန်သော ချမ်းသာသန္တိသုခကို ရတော့၏။ ထိုအခါ သံသရာဇာတ်ကောင်အဖြစ်မှ လွတ်ပြီ။ ဘဝဇာတ်များကို ဖန်တီးခြင်း၌ ကံသည် ကေရာဇ်ဖြစ်၏။ ဘဝပြတ်လမ်းကို ဖန်တီးရာ၌ ဉာဏ်သည်ကေရာဇ်ဖြစ်၏။ ဘဝဇာတ်လမ်းကို ဖန်တီးရာ၌ တွေ့မြင်သမျှအရာရာကို မိမိအတွက် သိမ်းပိုက်၏။ ဘဝပြတ်လမ်းကို ဖန်တီးရာ၌ တွေ့ မြင်သမျှအရာရာကို လောကအတွက်စွန့်လွှတ်၏။

စွန့်လွှတ်ရာ၌ ဘာကိုမှမမျှော်ကိုးဘဲ လွတ် လွတ်စွန့်လွှတ်ခြင်းသာဖြစ်၏။ ဘာကိုမျှ မျှော်ကိုးမှု မရှိခြင်းသည်ပင် တဏှာကိုချုပ်အောင်လုပ်ခြင်း မည်၏။ တဏှာကိုချုပ်အောင်လုပ်ခြင်းဖြင့် ရအပ် သောအကျိုးသည်၊ တဏှာကို ပွားစည်းအောင် လုပ်ခြင်းဖြင့် ရအပ်သောအကျိုးထက် အတိုင်းမသိ ပို၍ကြီးမား၏။ အမှန်အားဖြင့် လိုချင်၍ရအပ်သော



www.burmeseclassic.com

www.burmeseclassic.com



အကျိုးတရား၏ဝမ်းပိုက်ထဲ၌ သောကသည် ပါဝင်လာ၏။ အဘယ့်ကြောင့်ဆိုသော် မိမိရထားသော အကျိုးတရားဆုံးရှုံးသွားရမည်ကို အမြဲတန်းစိုးရိမ်ပူပန်နေရသောကြောင့်ဖြစ်၏။ မလိုချင်ပါဘဲလျက်ရသော အကျိုးတရား၏ဝမ်းပိုက်ထဲ၌ သောကသည် ပါဝင်လာခြင်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် အစကတည်းက မိမိအနေဖြင့် မလိုချင်သော အကျိုးတရား လက်လွတ် ဆုံးရှုံးသွားသော်လည်း ထိုသို့ ဆုံးရှုံးသွားသည့်အတွက် စိုးရိမ်ပူပန်စရာ ဘာမျှမရှိဘဲ ဝန်ထုတ်ဝန်ပိုးမှ လွတ်မြောက်သွားသဖြင့် ဝမ်းသာစရာသာရှိလေသောကြောင့်ဖြစ်၏။

ဆရာကြီးဦးရွှေအောင်
(၁၉၉၂ ခုနှစ်၊ မတ်လထုတ်
ဓမ္မရသစာစောင်ပါ-
သံသရာဇာတ်ဆောင်ဆောင်းပါးမှ)

သန်း "နယူးယောက်က ဝေမာလွင်အကြောင်းကိုဆက်ပါဦးဘုရား"

နုပ် "သူဟာပြီးခဲ့တဲ့ခြောက်လကျော်လောက်က အလှူ အပအဝတ်အစားနဲ့ပတ်သက်ပြီး ချိုးခြံလို့ရတာချိုးခြံလို့ သိန်း ၁၅၀ ဝါ့ဆီကိုပို့ပေးတယ်။ လိုအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ လှူပေးပါတဲ့။ သူငွေပို့တဲ့အချိန်က ငါ ဆောက်နေတဲ့သုံးထပ်ကျောင်းကြီးဟာ အုတ်မြစ်ပဲ ရှိသေးတာဆိုတော့ လိုတာပေါ့။ ဒါပေမယ့် ဒီသိန်း ၁၅၀ လိုချင်တဲ့စိတ်ကို ဒါလိုချင်တဲ့စိတ်ပဲလို့သိပြီး ပယ်သတ်လိုက်တယ်။

ပြီးတော့ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ဘေားပေါက်ရွာမှာ နာဂစ်ကြောင့်ပြိုကျသွားတဲ့ မူလ တန်းကျောင်းကို အသစ်ပြန်ဆောက်ပေးလိုက် တယ်။ ရောဝတီတိုင်းမှာ နာဂစ်ကြောင့်ပြိုကျပျက် စီးသွားတဲ့ စာသင်ကျောင်းပေါင်း လေးသောင်း ကျော်ရှိတယ်။ အခုမှ နှစ်သောင်းကျော်လောက်ပဲ ပြန်ဆောက်နိုင်သေးတယ်။ တာဝန်သိရဟန်းရှင် လူတွေဟာ ဝိုင်းဝန်းကူညီလှူဒါန်းသင့်တယ်။

ဒီအကြောင်းအရာအကျယ်ကိုတော့ နောက် ထွက်မယ့်သင်လူတစ်ယောက်ဖြစ်ပြီလားဆိုတဲ့ စာ အုပ်ရယ်၊ လူဖြစ်ရခြင်းရဲ့အဓိကရည်ရွယ်ချက်ဆို တဲ့စာအုပ်ရယ် ထွက်လာမှဖတ်တော့။ အခုတစ်ခါ ဝေမာလွင်က ငါ့ဆီကို ဖုန်းထပ်ဆက်တယ်။ အခု ၂၀၀၉၊ ခြောက်လပိုင်း တစ်ခေါက်လာပြီးရင် နောက်တစ်နှစ်ကျော်တဲ့အထိ မြန်မာပြည်ကိုလာ နိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



အသုံးတည့်မယ့် အမှတ်တရပစ္စည်းတစ်ခုခု လှူပါရစေ၊ ဆရာတော်အလိုရှိတာကိုမိန့်ပါ။

လိုချင်လျှင် ဆင်းရဲသည်၊
မလိုချင်လျှင် ချမ်းသာသည်။
လိုချင်တာက သမုဒယသစ္စာ၊
ဆင်းရဲတာက ဒုက္ခသစ္စာ၊
မလိုချင်တာက မဂ္ဂသစ္စာ၊
ချမ်းသာတာက နိရောဓသစ္စာ(နိဗ္ဗာန်)ဆိုပြီး

ငါကခဏခဏဟောနေတာကွ။ ကိုယ်ဟောတဲ့အတိုင်း ကိုယ့်သန္တာန်မှာလည်း လိုချင်စိတ် မပေါ်အောင် အမြဲဂရုစိုက်နေတာ။ အဲဒါကြောင့် ဆရာတော်တော့ ဘာမှမလိုအပ်ဘူး။ ဝေမာလှူချင်ရင် နံ့သာမြိုင်ရွာကနွမ်းပါးတဲ့ဝေဒနာရှင်တွေကို တတ်နိုင်သမျှထောက်ပံ့ပေးပါလို့ပြောလိုက်လို့ ဒီအလှူ ဖြစ်ပေါ်လာတာပဲ။ ရေနံ့သာဆေးရုံက ဒေါက်တာမြွတ်သီတာဆိုရင် ဒီဆေးရုံမှာ တာဝန်ထမ်းဆောင်နေတာ ၁၃ နှစ်တောင်ကျော်လာပြီ'' သန်း ''အနာကြီးရောဂါဆေးရုံဆိုရင် ဒေါက်တာအများစုက မသွားချင်ကြဘူးလို့ ကြားဖူးတယ်ဘုရား။ ဒီဒေါက်တာကျမှ ဘာဖြစ်လို့အဲဒီလောက်အကြာကြီးနေတာတုန်း ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



နုပ်   "အမ်ဒီတီလို့ခေါ်တဲ့ ဆေးပေါင်းမပေါ်မီက ဒီဆေးရုံမှာ တာဝန်ကျတဲ့ဒေါက်တာအချို့ဟာ ရောဂါကူးစက်ခံရပြီး သူတို့ကိုယ်တိုင် အနာကြီးရောဂါသည်ဘဝကို ရောက်သွားကြတယ်။ နောက်တစ်ချက်က ဆေးကုနေကြတဲ့ရောဂါသည်တွေဟာ ဆင်းရဲသားတွေပဲများတယ်။ တချို့ဆိုတောင်းစားကြရတာ။ ဒီတော့ ဒီဆေးရုံမှာတာဝန်ကျတဲ့ဒေါက်တာနဲ့ ဝန်ထမ်းတွေမှာအောက်ဆိုက်ဝင်ငွေဆိုတာမရှိဘူး။ ဒါကြောင့် ဒေါက်တာအများစုဟာရေနံ့သာဆေးရုံမှာ တာဝန်ကျမှာကို သေမလောက်ကြောက်ကြတယ်။ တချို့ဒေါက်တာတွေများဆိုရင် မဖြစ်မနေအထက်ကအမိန့်ချလို့ ဒီဆေးရုံရောက်လာပြီဆိုရင် လူနာကို ကိုယ်တိုင်နွေးထွေးစွာ ကုသပေးခြင်း မရှိဘဲ၊ အောက်လက်ငယ်သားတွေနဲ့ လွှတ်ထားလိုက်သတဲ့။ ဝတ်ကျေတန်းကျေပေါ့။ ဒီလိုနဲ့ နှစ်စေ့တော့ ပြောင်းသွားကြတာပဲ။ ဒီအကြောင်းတွေကို သိသွားတဲ့ ဒေါက်တာမြတ်သီတာက သူများမလုပ်ချင်တဲ့နေရာ ငါလုပ်မယ်ဆိုတဲ့ အနာခံတဲ့စိတ်ဓာတ်နဲ့ အထက်ကိုဒီပို့ပေးဖို့စာတင်ပြီး လူနာတွေကို ကိုယ်တိုင်ကုသပေးနေတာ အခုဆိုရင် ၁၃နှစ်လောက်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရောက်စကဆိုရင် ဘေးကလူတွေက မေးတယ်တဲ့။ ဒေါက်တာက ခရစ်ယာန်လား၊ ဗုဒ္ဓဘာသာလားတဲ့။ ဗြော်–ဗုဒ္ဓဘာသာပါ ဘာဖြစ်လို့ အခုလိုမေးတာလဲဆိုတော့ ဒီဆေးရုံရောက်လာရင် ခရစ်ယာန်ဒေါက်တာတွေပဲများလို့ မေးတာပါတဲ့။ တကယ်တော့ ခရစ်တော်က တစ်ဘဝသာ အသေခံပြီး အနာခံတဲ့ကျင့်စဉ်ကိုပြခဲ့တာပါ။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးက အလောင်းတော်ဘဝမှာ ဘဝပေါင်းများစွာ အသေခံပြပြီး အနာခံတဲ့ကျင့်စဉ်ကိုပြခဲ့တာပါ။

မဟာကပိဇာတ်ဆိုရင် ကြည့်ပါလား။ သူ့အခြွေအရံမျောက်ပေါင်းများစွာ သရက်ပင်ပေါ်မှာ ပိတ်မိနေတယ်။ ဘုရင့်လေးသည်တော်တွေကဝိုင်းထားကြတယ်။ ဒီအခါမှာ အသာစံသူဆိုရင် တစ်ကောင်တည်း ကိုယ်လွတ်ရုန်းပြေးရင် ရတယ်။ မပြေးခဲ့ဘူး။ သရက်ပင်ကနေ ချောင်းကြီးတစ်ဘက်ကို ကူးကျော်ပြီး တောထဲရောက်အောင် အလောင်းတော် ခုန်ကူးသွားတယ်။ ပြီးတော့ နွယ်ကြီးတစ်ချောင်းကိုဖြတ် ခါးမှာချည်ပြီး၊ သရက်ပင်ရှိရာကို ပြန်ခုန်လာတယ်။

နွယ်ကြီးက တိုသွားလို့ သရက်ပင်ပေါ်ထိ

www.burmeseclassic.com



မရောက်ဘူး။ သရက်ကိုင်းကို လှမ်းမီရုံလေးပဲရှိတယ်။ အသက်သေတဲ့အထိအနာခံမယ့်အလောင်းတော်ဟာ မျောက်ပေါင်းငါးရာကို သူ့ကျောပေါ်က တစ်ဆင့် နွယ်ကြိုးကိုတွဲလောင်းခိုပြီး ဟိုဘက်တောထဲကို ပြေးကြဖို့အမိန့်ပေးတယ်။ ဒီလောက်အနာခံနေတာကိုတောင် မကြည်ညိုတတ်တဲ့ ဒေဝဒတ်အလောင်းမျောက်က ဘုရားအလောင်းမျောက်ရဲ့ကျောပေါ်ကို အမြင့်ကနေ အရှိန်နဲ့ခုန်ချပြီးမှကူးလို့ မျောက်တွေလည်း ဟိုဘက်ကမ်းရောက်ရော ဘုရားအလောင်းမျောက်မင်းဟာ သေပွဲဝင်ရှာတယ်။

ဒေဝဒတ်အလောင်းမျောက်ဟာ သူမျောက်မင်းနေရာကို လိုချင်လို့ ဘုရားအလောင်းမျောက်မင်းကိုသေအောင်သတ်ခဲ့တာပဲ။ ဇာတ်တော် ၅၅၀ ထဲမှာ အလောင်းတော် အသေခံပြီး အနာခံပြခဲ့တာတွေကို သေသေချာချာဖတ်ကြည့်သင့်တယ်။

မမြင်အောင် မှောင်ထားတဲ့အရာ

ခရစ်တော်က တစ်ဘဝအသေခံပြတာနဲ့တောင် ခရစ်ယာန်ဘာသာဝင်တွေက ဒီလောက်အနာခံနိုင်သေးရင်၊ ဘဝပေါင်းများစွာ အသေခံပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဗုဒ္ဓရဲ့တပည့်ဗုဒ္ဓဘာသာဝင်တွေဟာ ခရစ်ယာန်ဘာသာဝင်တွေထက် ပိုပြီး အနာခံသင့်တာပေါ့။

ဝမ်းနည်းကြေကွဲစရာကောင်းတာက ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်အများစုဟာ ဗုဒ္ဓရဲ့တပည့် အမည်ခံပြီး ကျင့်ကြတော့ ဗုဒ္ဓနဲ့ဆန့်ကျင်ဘက် ဒေဝဒတ်ရဲ့ အကျင့်တွေကို ကျင့်နေကြတာပဲ။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ သာရာမှာနေမယ်ဆိုတဲ့အကျင့်အကြံတွေဟာ ဒေဝဒတ်ရဲ့ကျင့်စဉ်တွေပါ။ ဗုဒ္ဓရဲ့မူဝါဒက ကောင်းပါလျက် ဗုဒ္ဓဘာသာဝင်တွေကမကောင်းကြတဲ့အတွက် ဘုရားရှင်တောင် သိက္ခာကျရပါတယ်။

ဝန်ထမ်းအများစု ငွေများများရမယ့်နေရာကို လာဘ်ထိုးပြီး ဖွတ်သွားနေကြတာ၊ ရဟန်းအများစု လာဘ်လာဘများများရမယ့်နေရာကိုပဲ ကျောင်းထိုင်ဖို့ကြိုးစားနေကြတာတွေဟာ အရှင်ဒေဝဒတ်ရဲ့ အသာစံလမ်းစဉ်ပဲ။ ငွေနဲ့လာဘ်လာဘကို အလေးမထားဘဲ၊ နိုင်ငံအတွက်၊ သာသနာအတွက် တကယ်လိုအပ်တဲ့နေရာမှာ နေပေးတာဟာ ဗုဒ္ဓရဲ့အနာခံလမ်းစဉ်ပဲ။ တောရွာတွေမှာ ငယ်ဖြူကျောင်းထိုင်ဘုန်းကြီးတွေ မရှိတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်ဟာ တစ်စတစ်စ ဆုတ်ယုတ်လာပြီ။

ငယ်ဖြူရဟန်းတော်အများစုဟာ သာသနာတော် ဆုတ်ယုတ်မှုကို ဂရုမစိုက်ကြဘူး။ မိမိသေတ္တာထဲ ဝတ္ထုငွေဆုတ်ယုတ်မှုကိုပဲ ဂရုစိုက်နေကြတယ်။ ဒါ့ကြောင့်လည်း မြို့ပေါ်မှာကျောင်းထိုင်ဖြစ်အောင် ကြိုးစားကြတယ်။ လှူမယ့်သူမရှိရင် ဝယ်ယူကြတယ်။ မိမိဇာတိ တောရွာကိုတော့ တောထွက်ကြီးတွေလက်ထဲ ဘာဖြစ်ဖြစ်ဆိုပြီး ပစ်ထားကြတယ်။ ဒီကျင့်စဉ်တွေဟာ ဘုရားနဲ့ဆန့်ကျင်ဘက်အရှင်ဒေဝဒတ်ရဲ့အသာစံတဲ့ကျင့်စဉ်ပဲ။

တောင်သာမြို့နယ်၊ ပန်းပေါင်းရွာကျောင်းဆရာတော်ဦးကုန္တဝံသဆိုရင် မန္တလေးနားမှာကျောင်းရှိတယ်။ မနေဘူး။ ရွာကျောင်းပြန်ထိုင်ပြီး သာသနာပြုနေတာ၊ ကိုရင်အပါး ၅၀ ကျော်ရှိတယ်။ ကျောင်းသား အယောက်နှစ်ရာကျော် ရှိတယ်။ ပျံတော်မူခဲ့ပြီဖြစ်တဲ့ တောင်တန်းဆရာတော်ဦးဥတ္တမသာရဆိုရင် ရန်ကုန်မြို့ပေါ်မှာကျောင်း နှစ်ကျောင်းတောင် ရှိတယ်။ အဲဒီကျောင်းတွေကို စွန့်လွှတ်လိုက်ပြီး ချင်းပြည်နယ်နဲ့ နယ်စပ်တောင်တန်း တောကြီးထဲမှာ သာသနာပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ပျံတော်မူတဲ့အထိပါပဲ။ ဒီဆရာတော်တွေဟာ ဗုဒ္ဓရဲ့အနာခံတဲ့ကျင့်စဉ်ကို ကျင့်ကြတာပဲ။

ဒေါက်တာမြတ်သီတာ ရေနံ့သာဆေးရုံကို ရောက်စတစ်ရက်ကပေါ့။ ရောဂါသည် အမျိုးသားကြီးတစ်ယောက်ရဲ့လက်ကို ယုယုယယကိုင်ကြည့်ပြီး ဦးလေးသက်သာရဲ့လားလို့လည်း မေးလိုက်ရော အမျိုးသားကြီးဟာ ဘာမှပြန်မဖြေနိုင်ဘဲ ချုံးပွဲချပြီး ငိုရှာတယ်''

သန်း ''ဘာဖြစ်လို့ ငိုတာလဲ ဘုရား''

နုပ် ''ဝမ်းသာလွန်းလို့ငိုတာလို့ ပြောရမှာပေါ့။ သူတို့ကို ဦးလေးလို့ခေါ်တာ ဒီတစ်ခါပဲကြုံဖူးလို့တဲ့၊ အရင်သူတို့ကို အနူတို့၊ လက်ပရိုစီတို့ ဒီလိုပဲ ရင့်ရင့်သီးသီးခေါ်ကြတာကိုး။ ပြောရရင် နံ့သာမြိုင်တစ်ရွာလုံးနဲ့၊ ရေနံ့သာဆေးရုံက လူနာအားလုံးဟာ ရုပ်အာဟာရရော၊ နာမ်အာဟာရရော နှစ်မျိုးလုံးဆာလောင်မွတ်သိပ်နေကြတာပါ။ ၂၀၀၇ ခုနှစ်ကတို့ ပထမအကြိမ်သွားလှူသေးတယ်။

တို့တစ်တွေ စုပေါင်းလှူတဲ့ ၅၄ သိန်းသောငွေတွေထက် သူတို့ကျွေးမွေးတာကို ငါနဲ့အတူဓမ္မမိတ်ဆွေတစ်ရာကျော်တို့ အားရပါးရစားကြတာကိုသူတို့က ပိုပြီးဝမ်းသာကြတယ်။ အဲဒီအခေါက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကသဆရာဝန်၊ ဆရာမတွေချက်ကျွေးမယ့်အစီအစဉ်ကို နောက်ဆုတ်ခိုင်းပြီး ဝေဒနာရှင်မိသားစုတွေချက်ကျွေးတာကိုမှ တို့က စားတယ်ဆိုတာ ရုပ်အာဟာရအပြင် နာမ်အာဟာရကိုပါထောက်ပံ့ပေးလိုက်တဲ့သဘောပါ။

ပြီးတော့ ဗဟုသုတမှတ်ထားရမှာက နှံ့သာမြို့မှာရှိတဲ့လူတွေအားလုံးမှာ အနာကြီးရောဂါပိုး မရှိတော့ဘူးဆိုတာပဲ။ အမ်ဒီတီလို့ခေါ်တဲ့ ဆေးပေါင်းကို သောက်ပြီးကတည်းက သူတို့ကိုယ်မှာ ရောဂါပိုးမရှိတော့ဘူး။ ရောဂါပျောက်သွားပေမယ့် အနာရွတ် ကျန်သလိုမျိုးဖြစ်နေတာကို ဆေးပညာဗဟုသုတမရှိသူတွေက တအားကြောက်နေကြတာ၊ လက်လေးတွေတိုတာ၊ နှာခေါင်းချိုင့်ဝင်တာ၊ မျက်စိဖွင့်မရတာတို့ဟာ ရောဂါပျောက်သွားပေမယ့်၊ အနာရွတ် ကျန်နေတဲ့သဘောမျိုးပါ။ သူတို့မှာ ရောဂါပိုး မရှိတော့တဲ့အတွက် သူတို့မွေးလာတဲ့ကလေးတွေအားလုံးဟာ အကောင်းချည်းပဲတဲ့။ ဒါကြောင့် သူတို့နဲ့လက်ဆွဲမိတ်ဆက်လို့ သူတို့ချက်ကျွေးတာကိုစားလို့ ဘာရောဂါမှမကူးနိုင်ဘူးဆိုတာ ဆေးပညာဗဟုသုတအနေနဲ့ လူတိုင်းသိအောင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အနာကြီးရောဂါဖြစ်လည်း ကြောက်စရာ မလိုတော့ဘူး။ အမ်ဒီတီဆိုတဲ့ဆေးပေါင်းကို ခြောက်လသောက်ရင် ပျောက်တာပဲ။ သိသိချင်း မြန်မြန်သောက်ရင် ပိုပြီးမြန်မြန်ပျောက်တယ်။ ငါ ပြောချင်တာလေးတွေတော်တော်စုံသွားပြီကွ။ အခု ပြောခဲ့တဲ့ စာမျက်နှာတစ်ရာလောက်ကို အကျဉ်းချုပ် အနှစ်ထုတ်လိုက်ရင် အခုလိုဖြစ်လာမယ်။

အသာစံခြင်းဝါဒကို အရှင်ဒေဝဒတ်တည်ထောင်ခဲ့သည်။ အသာစံခြင်းဝါဒ၏နောက်ဆုံးပန်းတိုင်သည် အပါယ်လေးပါး။ အသာစံခြင်းဝါဒကိုတည်ခဲ့သော အရှင်ဒေဝဒတ်ကိုယ်တိုင် ယခုအခါတွင် အဝီစိငရဲကျရောက်နေရပြီဖြစ်သည်။ အသာစံခြင်းဟူသည် ပယ်သတ်ရမည့်သမုဒယသစ္စာတရားကို သိမ်းပိုက်ထားခြင်းဖြစ်သည်။ အနာခံခြင်းဝါဒကို ဗုဒ္ဓရှင်တော်မြတ်တည်ထောင်တော်မူခဲ့သည်။ အနာခံခြင်းဝါဒ၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်၊ အနာခံခြင်း ဝါဒကို တည်ထောင်ခဲ့သော ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ယခုအခါ နိဗ္ဗာန်ချမ်းသာကိုခံစားနေပြီဖြစ်သည်။ အနာခံခြင်း ဟူသည် ပယ်သတ်ရမည် သမုဒယသစ္စာခေါ် ဇော္ဇာ



www.burmeseclassic.com

www.burmeseclassic.com



ကို အလုပ်ဖြင့် လက်တွေ့ပယ်သတ်ခြင်းဖြစ်သည်။

ဘာကိုပဲလုပ်လုပ် ငါကောင်းစားတဲ့ဘက် ဦးတည်သွားရင်အရှင်ဒေဝဒတ်ရဲ့အသာစံလမ်းစဉ်ဖြစ်သွားတာပဲ။ ဘာပဲလုပ်လုပ် လောကလူသားတွေကောင်းစားတဲ့ဘက် ဦးတည်လိုက်ရင် ဘုရားရှင်ရဲ့အနာခံလမ်းစဉ်ဖြစ်သွားတာပဲ။ မင်းတို့ငါတို့တစ်တွေဟာ ဘဝသံသရာအစကနေ အခုအချိန်တိုင်အောင် အသာစံတဲ့လမ်းစဉ်နောက်ပဲ လိုက်ခဲ့ကြတယ်။ ဒါ့ကြောင့်လည်း ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေပွင့်ခဲ့ကြပေမယ့် တို့တစ်တွေဟာ အခုအချိန်ထိအောင် ရဟန္တာအဖြစ်နဲ့ ကျွတ်တန်းမဝင်နိုင်ကြတာပေါ့။

<u>သိစေချင်လိုက်တာ</u>

ဗုဒ္ဓဘာသာမြန်မာအများစုဟာ အသာစံသူကများတယ်။ အနာခံသူကနည်းတယ်။ တစ်ခါအနာခံသူထဲမှာလည်း အကြောင်းတရားမှာသာ အနာခံပြီး၊ အကျိုးတရားမှာ အနာမခံသူက များတယ်။ အမှန်က အကြောင်းတရား၊ အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံမှ နိဗ္ဗာန်ရောက်မယ့်ပါရမီထိုက်တဲ့ အနာခံမှုလို့ ဆိုထိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သန်း "အဲဒီအချက်က သိပ်နက်နဲတယ်ဘုရား။ တပည့်တော်တို့ လူငယ်တွေ နားလည်အောင် လက်တွေ့သာဓကကလေးတွေနဲ့ပြောပေးပါ"

နုပ် "အေး ပြောပေးမယ်။ ငါရယ်၊ ဝေမာလွင်ရယ်၊ မောင်မျိုးသန့်နဲ့မသော်တာရယ်၊ ဒေါက်တာမြတ်သီတာရယ်၊ ငါမွေးတဲ့နေရာမှာ စာကြည့်တိုက်လှူမယ့်ကိုဖြိုးတို့ဇနီးမောင်နှံရယ်၊ဒီငါးယောက်နဲ့ဥပမာပြလိုက်ရင် မင်းသဘောပေါက်သွားလိမ့်မယ်။ ငါဟာ စာပေရော၊ တရားပေါမှာပါ အခုလိုအောင် မြင်အောင် အသက် ၁၃ နှစ်သားကနေစပြီး ကြိုးစားအားထုတ်ခဲ့ရတယ်။

စာသင်သားဘဝတုန်းကဆိုရင် အခွင့်အရေးရလို့ တခြားစာသင်သားတွေ ပွဲသွားကြည့်တဲ့အချိန်မှာ ငါက တရားသွားနာတယ်။ နွေခါ ကျောင်းပိတ်လို့ စာသင်သားတွေ လည်ကြပတ်ကြတဲ့အချိန်မှာ ငါက ဆရာဘုန်းကြီးတွေရဲ့ဘီရိုထဲက စာအုပ်၊ စာစောင်မျိုးစုံကို တစ်နွေလုံးဖတ်တယ်၊ မှတ်တယ်၊ တချို့စာသင်သားတွေက ဥပုသ်နေ့ဆိုအပြင်ထွက် သူကဆွက်တယ်၊ ဘာမှမလုပ်ဘဲနားသူက နားတယ်။ တို့ကတော့ တိုက်အုပ် ဆရာတော်ဟောတဲ့ ဥပုသ်နေ့တရားကို နာတယ်၊ မှတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

တချို့က သုံးစရာ ပိုက်ဆံလေးရှိလာရင် ကက်ဆက်သေးသေးလေးတွေ၊ ရေဒီယိုလေးတွေဝယ်ပြီး ဖွင့်နားထောင်ကြတယ်။ ငါကတော့ ပိုက်ဆံနည်းနည်းရှိတာနဲ့ စာအုပ်ဝယ်ဖတ်တာပဲ။ အဲဒါတွေကို အကြောင်းတရားမှာ အနာခံတာလို့ခေါ်တယ်။ အခုအချိန်မှာ စာအုပ်တွေရော၊ တရားခွေတွေရော အောင်မြင်လာပြီ။ ကိုယ်ဖြစ်ချင်တာတွေဖြစ်လာပြီ။ ဒီအချိန်မှာ သိန်းထောင်ချီတန်တဲ့ကားကြီးတွေစီးမယ်ဆိုရင် စီးနိုင်ပြီ။ အဲယားကွန်းတွေ၊ စလောင်းတွေနဲ့ဖိမ်ခံမယ်ဆိုရင် ဖိမ်ခံလို့ရပြီ။

အဲသလို ဖိမ်မခံဘဲနဲ့ သစ်သားကျောင်းလေးဆောက်ပြီး ဖြစ်သလိုနေတယ်။ ခရီးဝေးလမ်းကြမ်းတွေဆိုရင် ညီတော်မောင်စိုးတင့်ဝယ်ထားတဲ့ ဟိုင်းလတ်ကားကြီးနဲ့ကြွတယ်။ အရဏ်ဆွမ်းဆိုရင် များသောအားဖြင့် ဟင်းတစ်ခွက်၊ အများဆုံးနှစ်ခွက်လောက်နဲ့ပဲစားတယ်။ ဒါပေမယ့်လူမျိုးမရွေး၊ ဘာသာမရွေး ဒုက္ခသည်အားလုံးကို ကူညီထောက်ပံ့တယ်။ အဲဒါအကျိုးမှာပါ အနာခံတာပဲ။ အဲဒီလိုအကြောင်းတရား၊ အကျိုးတရား နှစ်မျိုးလုံးမှာအနာခံမှ ပါရမီထိုက်တဲ့ကုသိုလ်လို့ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအောင်မြင်တဲ့ဘဝရောက်လာအောင် ငါ တစ်ယောက်တည်း အပင်ပန်းခံကြိုးစားခဲ့ရတာ၊ ဒီ အောင်မြင်မှုအကျိုးတွေကို ငါပဲခံစားမယ်ဆိုရင် ဒါ–အကြောင်းတရားမှာသာ အနာခံပြီး၊ အကျိုး တရားမှာ အနာမခံတာဘဲ။ ဒါမျိုးက နိုင်ငံရေးမှာ လည်း ရှိတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အကြောင်းတရား၊ အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံခဲ့သူပဲ။ မြန်မာပြည်လွတ်လပ်ရေးရအောင် သူဟာ အသက်စွန့်ကြိုးပမ်းအားထုတ်ခဲ့တယ်။

အဲဒါ အကြောင်းတရားမှာ အနာခံတာပဲ။ အခု နိုင်ငံလွတ်လပ်ရေးရတာလည်း သူကျေးဇူးကြောင့် ပါပဲ။ နိုင်ငံလွတ်လပ်ရေးရလျှင် စာရေးဆရာလုပ် မယ်လို့ သူဟာ အတိအလင်းပြောထားပြီးသားပါ။ အဲဒါ အကျိုးတရားမှာပါ အနာခံတာပါ။ ဒီနိုင်ငံ လွတ်လပ်ရေးရအောင် ငါလုပ်ခဲ့တာ၊ ဒီနိုင်ငံမှာ ငါပဲ သေတဲ့အထိ ဝန်ကြီးချုပ်အဖြစ် သို့မဟုတ် သမ္မတအဖြစ်အုပ်ချုပ်မယ်ဆိုရင် အကြောင်းတရား မှာသာ အနာခံပြီး၊ အကျိုးတရားမှာ အနာ မခံ သူပါ။

ဝေမာလွင်ဟာ အမေရိကန်မှာ အခုလို နေ့ဆိုင် ပညာသင်ခွင့်ရအောင် သူ့မိဘများနဲ့အတူ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးစားခဲ့ရတာပါ။ ဒါဟာ အကြောင်းတရား မှာ အနာခံတာပါ။ အခုလိုနေခွင့်ရပြီး ပညာသင် ခွင့်ရပြီဆိုတဲ့အခါ ရသမျှငွေကြေးကို ငါ့အပင်ပန်း အဆင်းရဲခံလို့ အခုလိုငွေကြေးတွေရတာ၊ ငါပဲသုံး စွဲမယ်ဆိုရင် အကြောင်းတရားမှာအနာခံပြီး အကျိုးတရားမှာ အနာမခံသူပါ။ အခုတော့ အာရုံ ငါးပါးခံစားဖို့အတွက် သုံးရမယ့်ငွေကိုမသုံးဘဲ မိမိ အပေါ် ကျေးဇူးအများဆုံး မြန်မာပြည်မှာ နှစ်စဉ် လာပြီးလှူတယ်ဆိုတာ အကြောင်းတရား၊ အကျိုး တရား နှစ်မျိုးလုံးမှာ အနာခံခြင်းပါပဲ။

မောင်မျိုးသန့်တို့မသော်တာတို့ဟာလည်း အခု လို အကောက်ခွန်ဦးစီးမှူးဘဝရောက်လာအောင် နှစ်ပေါင်းနှစ်ဆယ်လောက် ကြိုးစားခဲ့ရတယ်။ ဒါ ဟာ အကြောင်းတရားမှာ အနာခံတာပါ။ အခု အကောက်ခွန်ဦးစီးမှူးဖြစ်လာပြီ။ ဒီလိုဖြစ်လာ အောင် ငါ့မှာအချိန်တွေ၊ ငွေတွေ အများကြီးရင်းနှီး ခဲ့ရတာ၊ အခုလို အကောက်ခွန်ဦးစီးမှူးဖြစ်ချိန်မှာ ငါ့အိတ်ထဲ ငွေတွေ ရသလောက်ထည့်မယ်ဆိုရင် အကျိုးတရားမှာ အနာမခံတာပါပဲ။

မသော်တာဆိုရင်လည်း အသက် ၃၀ကျော် အရွယ်ဆိုတာ လှလှပပဝတ်စားပြင်ဆင်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အရွယ်ပါ။ စိန်လက်စွပ်တွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေနဲ့ အရာရှိကတော်အများစုဟာ ဒီလိုပဲနေတတ်ကြပါတယ်။ အခု မသော်တာကို လှမ်းကြည့်လိုက်ရင် အရာရှိကတော်ဆိုတာ ဘယ်သူမှ မသိပါဘူး။ သာမန် မရှိမရှား၊ အရပ်သူတစ်ယောက်လောက်ပဲထင်ကြမှာပါ။ အခုတော့ လင်မယားနှစ်ယောက်စလုံးဟာ ရလာသမျှကို လောကအတွက်၊ သာသနာအတွက် စွန့်လွှတ်လှူဒါန်းကြတယ်ဆိုတာအကြောင်းတရား၊ အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံကြတာပါပဲ။

ဒေါက်တာမြတ်သီတာဆိုရင် ဆရာဝန်ဖြစ်လာအောင် အချိန်တွေ၊ ငွေတွေ၊ ကာယအားတွေ၊ ဉာဏအားတွေ အများကြီးစိုက်ထုတ်ကြိုးစားခဲ့ရတယ်။ အဲဒါအကြောင်းတရားမှာ အနာခံတာပဲ။ အခု ဆရာဝန်တစ်ယောက်ဖြစ်လာပြီ။ ဒီလို ဆရာဝန်တစ်ယောက်ဖြစ်လာအောင် ငါငွေတွေ အများကြီး စိုက်ထုတ်ခဲ့ရတယ်၊ အခုလို ဆရာဝန် ဖြစ်သခိုက်မှာ ငါစိုက်ထုတ်ခဲ့သမျှရဲ့ အဆတစ်ထောင်မကအောင် ပြန်ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငွေများများရတဲ့နေရာကိုပဲ ရွေးနေမယ်ဆိုရင် အကျိုးတရားမှာ အနာမခံတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒေါက်တာမြတ်သီတာဟာ အောက်ဆိုက်ငွေလုံးဝမရနိုင်တဲ့ရေနံ့သာဆေးရုံကြီးမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်နေတယ်ဆိုတာ အကြောင်းတရား၊ အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံလိုက်တာပါပဲ။ ငါ့ကို မွေးတဲ့နေရာ၊ အမရပူရမြို့နန်းတော်ရာစံပြကွက်သစ်မြို့သူမြို့သားတွေအတွက် စာကြည့်တိုက်လေးဆောက်ပြီး ကျေးဇူးဆပ်ချင်နေတာကြာပါပြီ။ ဒါပေမယ့် သူ့ထက်အရေးကြီးတဲ့နေရာတွေမှာ လှူဒါန်းနေရတော့ စာကြည့်တိုက်ကို တော်တော်နဲ့မစဖြစ်ပါဘူး။

ဒီအချိန်မှာ မန္တလေးမြို့ပေါ်က အသက် ၃၀ ဝန်းကျင်လောက်သာရှိသေးတဲ့ကိုဖြိုးနဲ့ သူ့ဇနီး မသူ သူအေးတို့က စာကြည့်တိုက်ဆိုတာ လောကအတွက် သိပ်ကျေးဇူးများတယ်ဆိုတာ သေသေချာချာ သိထားလို့ သူတို့တတ်နိုင်သမျှ လစဉ်လှူမယ်ဆိုပြီး လှူနေတာ၊ အခုဆိုရင် သိန်းတစ်ရာနီးပါးရှိနေပြီ။ အဆောက်အဦးလည်း စနေပါပြီ။ ငါနေခဲ့တဲ့ မူလတန်းကျောင်းဝိုင်းထဲမှာ နှစ်ထပ်ကျောင်းတစ်ကျောင်း ငါဆောက်လှူတာကလည်း မပြီးသေးဘူး။ ဒါကြောင့် စာကြည့်တိုက်ကို ငါအားမထည့်နိုင်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုဖြိုးတို့လင်မယားဟာလည်း အခုလို ဖုန်း အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နိုင်အောင် ငွေ၊ အဆက်အသွယ်၊ အချိန်၊ မိတ်–အများကြီးကြိုး စားခဲ့ရတယ်။ ဒါဟာအကြောင်းတရားမှာ အနာခံ ခဲ့တာပဲ။ အခုဆိုရင် လုပ်ငန်းအခြေအနေအရ ငွေကြေး အတော်များများနဲ့ လည်ပတ်လုပ်ကိုင်နိုင် နေပြီ။ ငါတို့ကြိုးစားခဲ့လို့ ဒီအခြေအနေရောက်လာ တာ၊ ငါတို့ပဲ ကားကောင်းကောင်းစီးမယ်၊ ငါတို့ပဲ တိုက်ကောင်းကောင်းဆောက်မယ်ဆိုရင် အကျိုး တရားမှာ အနာမခံတာပါ။

အခုတော့ သူတို့လင်မယားနှစ်ယောက်ဟာ သူ တို့အတွက် အာရုံခံစားမယ့်နေရာတွေကို လျှော့ချ ပြီး စာကြည့်တိုက်အတွက် လစဉ်လှူဒါန်းနေတာ ဟာ အကြောင်းတရား၊ အကျိုးတရား နှစ်မျိုး လုံးမှာ အနာခံလိုက်တာပါပဲ။ တစ်ခုသတိထားရ မှာက''အကြောင်းတရားမှာသာ အနာခံပြီး၊ အကျိုးတရားမှာ အနာမခံသူဟာ အသာစံသူနဲ့ အတူတူပဲ ဆိုတဲ့အချက်ပဲ။ အကြောင်းတရားမှာ သာ အနာခံပြီး၊ အကျိုးတရားမှာ အနာမခံချင်သူ ကို ဗုဒ္ဓဘာသာခေါင်းဆောင်းထားတဲ့ ဒေဝဒတ် ရဲ့တပည့်လို့ ဆိုရမယ်။'' သူတို့ဟာ ပညာတတ်



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်တွေဖြစ်လို့ ရိုးရိုးလူမိုက် အသာစံသူထက် တောင် ပိုကြောက်စရာကောင်းတယ်။

မြန်မာပြည်သားအများစုဟာ ဗုဒ္ဓဘာသာတွေ ဖြစ်တဲ့အတွက် ဗုဒ္ဓရဲ့တပည့်တွေပဲ။ ဗုဒ္ဓရဲ့တပည့် အမည်ခံထားရင် ဗုဒ္ဓရဲ့လမ်းစဉ်ကိုပဲ လိုက်ရမယ်။ ဗုဒ္ဓရဲ့လမ်းစဉ်က အကြောင်းတရား၊ အကျိုးတရား နှစ်ခုလုံးမှာ အနာခံတာပဲ။ ဗုဒ္ဓဘာသာဝင်ပါလို့ အမည်ခံထားပါလျက်၊အသာစံတဲ့လမ်းစဉ်ကိုလိုက် မယ် သို့မဟုတ် အကြောင်းတရားမှာသာ အနာခံ ပြီး အကျိုးတရားမှာ အနာမခံဘူးဆိုရင် ဗုဒ္ဓဘာ သာ ခေါင်းဆောင်းထားတဲ့ အရှင်ဒေဝဒတ်ရဲ့ တပည့်များလို့ပဲ သတ်မှတ်ရလိမ့်မယ်''

အကျိုးစီးပွားသုံးမျိုးယှဉ်ခဲ့လျှင်

ပထမအနေဖြင့် မိသားစုအကျိုးစီးပွားကို ဆောင်ရွက် ရ၏။ ထို့နောက် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက် ရ၏။ ထို့နောက် လူသားများ သို့မဟုတ် ကမ္ဘာ့အကျိုး စီးပွားကို ဆောင်ရွက်ရ၏။ အကျိုးစီးပွားသုံးမျိုးလုံးသည် အချင်းချင်း မှီလျက်ရှိကြ၏။ ထို့ကြောင့် အကျိုးစီးပွားသုံး မျိုးလုံးကို သူ့အတိုင်းအတာနှင့်သူ အလေးအမြတ် ပြု အပ်၏။ မိသားစုအကျိုးစီးပွားကွက်ကွက်ကိုသာ ဦးစည်၍



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် မိသားစုအကျိုးစီးပွား၏နောက်ကွယ်၌ အမျိုးသားအကျိုးစီးပွားသည်ရှိပြန်၏။ ယင်း၏နောက်ကွယ်၌ ကမ္ဘာ့အကျိုးစီးပွားသည် ရှိပြန်လေ၏။ ဤသို့လျှင် (၁)မိမိ၊ (၂) မိမိ၏အမျိုးသား၊ (၃) ကမ္ဘာဟူ၍ ဖြစ်စဉ်များသည် ဓမ္မတာအားဖြင့် သုံးမျိုးရှိကြ၏။ သို့ဖြစ်၍ အမျိုးဘာသာ၊ သာသနာအတွက် ဆောင်ရွက်ရာ၌ ဓမ္မတာကို ကျော်လွန်ပြီး ဆောင်ရွက်၍မရ။

ထို့ကြောင့် ငါ့အတွက်ကွက်ကွက်ကလေးကိုသာ ကြည့်ပြီး ဆောင်ရွက်လျှင်လည်း၊ ဓမ္မတာကို ကျော်လွန်ဆောင်ရွက်ရာရောက်သောကြောင့် အောင်မြင်ရန် ခဲယဉ်း၏။ အကယ်၍ အောင်မြင်ပါကလည်း ပူပူလောင်လောင် အောင်မြင်ခြင်းမျိုးဖြစ်၍ ရေရှည်တည်တံ့ရန်ခဲယဉ်းပြန်၏။ ထို့ကြောင့် မိမိ၏အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည်ဆိုလျှင် အမျိုးသားအကျိုးစီးပွားနှင့် ထိပ်တိုက်ရင်မဆိုင်ရလေအောင် ဆင်ခြင်ရ၏။ တစ်ဖန် အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည်ဆိုလျှင်လည်း ကမ္ဘာ့ အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက်မဖြစ်ရလေအောင် အမြဲတမ်း သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ ဆင်ခြင်အပ်၏။

ဘာသာအတွက် ဆောင်ရွက်ရာ၌လည်းကောင်း၊ သာသနာတော်အတွက် ဆောင်ရွက်ရာ၌လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအတူ ဓမ္မတာကို မကျော်လွန်ဘဲ မိမိအဆင့်၊ အမျိုးသားအဆင့်၊ ကမ္ဘာ့အဆင့်ဟူ၍ အဆင့်အလိုက် ဆောင်ရွက်ရ၏။ ဤသို့ဆောင်ရွက်မှုလည်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ရာရောက်၏။ ငါ့မိသားစုကိစ္စ ငါကောင်းသည့်ထင် သလိုလုပ်မည်ဟူ၍လည်းကောင်း၊ ငါ့အမျိုးသားရေးကိစ္စ ငါကောင်းသည့်ထင်သလိုလုပ်မည်ဟူ၍လည်းကောင်း ခံယူချက်မျိုးမရှိကောင်းပေ။ အကယ်၍ ထိုခံယူချက်မျိုးရှိလျှင်လည်း ဗုဒ္ဓဘာသာခံယူချက် မဟုတ်။ မတရားသဖြင့် အနိုင်ကျင့်၍ ဆောင်ရွက်ခြင်းမျိုးသာဖြစ်၏။

◆ ◆ ◆

ဒကာများဘက်ကလည်း အမျိုးဘာသာ၊ သာသနာကို မြန်မာနိုင်ငံ၌တည်ဆောက်ရာတွင် မိမိတို့၏သန္တာန်၌ ဓမ္မဝိနယကို အခြေခံအုတ်မြစ်အဖြစ် ခံယူမထားဘဲ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်ဖြင့် ကိလေသာတန်းလန်းရှိသော ပုထုဇဉ်တို့၏ဝါဒများကိုသာ အခြေခံအုတ်မြစ်အနေဖြင့် ခံယူပြီး အမျိုးဘာသာ၊ သာသနာကို တည်ဆောက်မည်ဆိုပါက မြန်မာနိုင်ငံ၌ စစ်မှန်သော ငြိမ်းချမ်းမှုနှင့် စစ်မှန်သောချမ်းမြေ့မှုကို ရရှိရန် ခက်ခဲပါ၏။ အဘယ့်ကြောင့်ဆိုသော် ကွန်မြူနစ်



www.burmeseclassic.com

www.burmeseclassic.com



ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒစသည်တို့သည် ကိုယ်ကျင့်သိက္ခာမြင့်မားမှုအပေါ်၌ အခြေမခံဘဲ စိတ်ဓာတ်နိုင်မာမှုနှင့် အသိပညာကြွယ်ဝမှုအပေါ်၌သာ အခြေခံသောကြောင့်ဖြစ်၏။

အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားမှုအပေါ်၌ အခြေမခံဘဲ ရရှိလာသော စိတ်ဓါတ်နိုင်မာမှုနှင့် အသိပညာကြွယ်ဝမှုသည် အတ္တကို ကြီးသည်ထက်ကြီးအောင်၊ နိုင်မာသည်ထက် နိုင်မာအောင်သာ တည်ဆောက်ပေးနိုင်ပါ၏။ အတ္တကြီးမားလာသည်နှင့်အမျှ အတ္တနိုင်မာလာသည်နှင့်အမျှ ငါ့မိသားစုကောင်းစားရေး ပဓာနဟူသော ခံယူချက်သည် နိုင်မာလာ၏။ ထို့ထက်ရင့်လျှင် ငါ့လူမျိုးကောင်းစားရေးသာ ပဓာနဟူသောအမြင်သည် နိုင်မာလာ၏။ ကမ္ဘာ့သမိုင်းကိုကြည့်လျှင် ငါ့မိသားစုကောင်းစားရေးသာ ပဓာနဟူသော သက်ဦးဆံပိုင်စနစ်သည်လည်း ဓမ္မတာနှင့်ဆန့်ကျင်သောကြောင့်ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။ လူမျိုးကောင်းစားရေးသာ ပဓာနဟူသော ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒများသည်လည်း ဓမ္မတာနှင့်ဆန့်ကျင်သောကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။

သို့ဖြစ်လေရာ အတ္တအပေါ်အခြေခံသော ဝါဒဟူသမျှသည် ဓမ္မတာနှင့်ဆန့်ကျင်သောကြောင့် စစ်မှန်သော ငြိမ်းချမ်းမှုနှင့် စစ်မှန်သော ချမ်းမြေ့မှုကို မဖြစ်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တစ်ခုသောနေ့၊ တစ်ခုသောအချိန်တွင် မလွဲမသွေ ကျဆုံးမည်ဖြစ်ကြောင်း ယုံမှားသံသယ မရှိအပ်ပါချေ။ အနတ္တအပေါ် အခြေခံသော ထေရဝါဒသည်သာလျှင် ဓမ္မတာနှင့်မဆန့်ကျင်သောကြောင့် စစ်မှန်သော ချမ်းမြေ့မှုကို ဖြစ်စေနိုင်သဖြင့် ကမ္ဘာတည်သရွေ့တည်ရှိမည်ဖြစ်၏။ ထေရဝါဒဗုဒ္ဓဘာသာသည်သာလျှင် စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာကြွယ်ဝမှုကို ကိုယ်ကျင့်သိက္ခာမြင့်မားမှု အပေါ်၌ တည်ဆောက်ထားသောကြောင့် အခြားဝါဒများက တည်ဆောက်ပေးသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာကြွယ်ဝမှုတို့နှင့်မတူဘဲ ဓမ္မတာအရ မိမိ၏ မိသားစုကိုလည်း ကောင်းစားစေ၏။ မိမိလူမျိုးကိုလည်း ကောင်းစားစေ၏။ ကမ္ဘာလောကအတွင်းရှိ လူသားအားလုံးကိုလည်း ကောင်းစားစေ၏။

ထေရဝါဒနှင့်အခြားဝါဒများ၏ အဓိကခြားနားချက်မှာ ဤသို့ဖြစ်၏။ ထေရဝါဒသည် ဉာဏ်စွမ်းရှိသလောက်၊ ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ ရလာသောအကျိုးအမြတ် ဟူသမျှကို လောကအတွက် စွန့်လွှတ်ခြင်း အလောဘ၌ရသကို ရှာ၏။ အခြားဝါဒများကား ဉာဏ်စွမ်းရှိသလောက်၊ ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ရလာသောအကျိုးအမြတ် ဟူသမျှကို မိမိအတွက် သိမ်းပိုက်ခြင်း လောဘ၌ရသကို ရှာ၏။ ဤသို့လျှင် ဝါဒနှစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သည် ဦးတည်ချက်ပန်းတိုင်ချင်း ခြားနား၏။

ဆရာကြီးဦးရွှေအောင်
(၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလထုတ်၊
ဗျာဒိတ်ပန်းမဂ္ဂဇင်းပါ
အမျိုးဘာသာ၊ သာသနာဆောင်းပါးမှ)

◆ ◆ ◆

BURMESE CLASSIC

<u>စာပေသုံးမျိုးနှင့် စာဖတ်နည်းသုံးမျိုး</u>

စာပေသည် ကွမ်းယာနှင့်တူသောစာ၊ ကြိနှင့်တူသောစာ၊ နွားနို့နှင့်တူသောစာဟု သုံးမျိုးရှိသည်။ ပစ္စက္ခ၊ သံသရာ၊ လောကီ၊ လောကုတ္တရာ ဘာမျှအကျိုးမရှိသော အပစ်အခတ်၊ အညစ်အပတ်၊ ချစ် ကြိုက် ညား ကွဲ အကြောင်းအရာများကိုသာ ရေးထားသောစာအုပ်မျိုးသည် အရည်ရော၊ အဖတ်ရော ထွေးပစ်ရသည့်ကွမ်းယာနှင့် တူသောစာပေမျိုးတည်း။ ပစ္စက္ခဘဝနှင့်လောကီအတွက်သာ အကျိုးရှိသော ဘဝပညာပေးစာအုပ်များ၊ တက်ကျမ်းစာအုပ်များသည် အရည်ကိုမျိုချပြီး အဖတ်ကို ထွေးထုတ်ရသည့်ကြိနှင့်တူသောစာပေမျိုးတည်း။ ပစ္စက္ခ၊ သံသရာ၊ လောကီ၊ လောကုတ္တရာ သုတရသ နှစ်မျိုးလုံးပါအောင် ရေးထားသော စာအုပ်မျိုးသည် အရည်ရော အဖတ်ပါ မျိုချရသည့်နွားနို့နှင့်တူသောစာပေမျိုးတည်း။



www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းတိုသည့်အချိန်ဖြစ်သောကြောင့် မှန်ကန်သော၊ အကျိုးရှိသော၊ စိတ်ဝင်စားဖွယ်ကောင်းသော အင်္ဂါသုံးချက်နှင့်ညီသော စာအုပ်များကိုသာ ဦးစားပေး၍ဖတ်သင့်သည်။

စာဖတ်နည်းသည် စာရေးသရာနောက်မှလိုက်ဖတ်ခြင်း၊ စာရေးဆရာနှင့်ရင်ပေါင်တန်းဖတ်ခြင်း၊ စာရေးဆရာကို ကျော်ဖတ်ခြင်းဟူ၍ သုံးမျိုးရှိသည်။ ထိုနည်းတို့တွင် စာရေးဆရာရေးသလောက်သာသိခြင်းသည် စာရေးဆရာနောက်မှလိုက်ဖတ်ခြင်းဖြစ်သည်။ စာရေးဆရာ၏ ရည်ရွယ်ချက် နှင့်စေတနာကိုပါသိအောင် ဖတ်ခြင်းသည် စာရေးဆရာကို ရင်ပေါင်တန်းဖတ်ခြင်းဖြစ်သည်။ မည်သည့်စာကိုဖတ်ဖတ် အနတ္တဆိုက်အောင် ဖတ်နိုင်ခြင်းသည် စာရေးဆရာကိုကျော်၍ဖတ်ခြင်းဖြစ်သည်။ အနည်းဆုံး စာရေးဆရာကို ရင်ပေါင်တန်းဖတ်နိုင်မှသာ စာဖတ်ရကျိုးနပ်ပါသည်။

မေတ္တာရှင်
(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းစာအုပ်ပဒေသာပင်အလှူရှင်များ

(၁)'ငွေထီးသုံးလက်'လက်ဝတ်ရတနာ
မိသားစု ဆိုင်အမှတ်(၉၀၊၉၂၊၉၄)
မြေညီထပ်(F)ဂန့်ဂေါ်ရုံ၊ အဆင့်မြင့်
ဈေးချိုတော်၊ မန္တလေး ၁၀၀၀၀၀ဝ/ကျပ်

(၂)ဒေါ်ဆွေဆွေသိန်း
ဦးစိုးဝင်း+ဒေါ်နှင်းနုစံ
အမှတ်(၇) လမ်း ၉၀
'မင်္ဂလာတောင်ညွန့် ၁၀၀၀၀ဝ/ကျပ်

(၃)မအေးနုစံ
ခေတ္တစက်ာပူ (ပဘမအကြိမ်) ၁၀၀၀၀ဝ/ကျပ်

(၄)ဒေါ်ခင်သိန်းရီ
ရစရ၊ ၃၄ရပ်ကွက်
ဦးလှဖေလမ်း၊ မြောက်ဒဂုံ ၅၀၀၀ဝ/ကျပ်

(၅)ဦးကိုကို+ဒေါ်ဒွေးဒွေးလှိုင်
သား - ကိုကျော်သူငြိမ်းချမ်း
သမီး - မသီရိသဇင်
မသီရိရွှေစင်
မယဉ်ယဉ်ဖြူဖြူပိုင်
ပျဉ်းမနားမြို့ ၅၀၀၀ဝ/ကျပ်

BURMESE CLASSIC
www.burmeseclassic.com